မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ တနလင်္ဂနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၁၆]

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျိုကို ဝီဒိုဒို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သဘာဝဘေးသင့်သူများကို ကူညီရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ထွက်ပေါ်လာတဲ့ အပြုံးရောင်လက်တွေ စနစ်ကျစွာကူညီနိုင်ပါစေ

သတင်းဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး
မင်းရဲစစ်နိုင်(ကလေးလွင်ပြင်)

ကလေး ဩဂုတ် ၁၆

မိုးထဲလေထဲမှ စက်လှေသံကြောင့် ရေလဲဦးကျောင်းထိုင်ဆရာတော်က ကျောင်းအပေါ်ထပ်သို့ ပစ္စည်းများရွှေ့ပြောင်းပြီးသကာလ မောမောဖြင့်လှမ်းကြည့်မိသည်။ သူ့အထင်အပေါ်ထပ်ကို ပစ္စည်းများ ရွှေ့ထားပြီးဖြစ်သဖြင့် တရိပ်ရိပ်တက်လာနေသော ရေဘေးမှလွတ်တန်ကောင်းရဲ့ဟု တွေးနေရင်း အနီစွသဘောကိုရှုသည်။

ဒေသတစ်ခုလုံးတွင် ယခင်က မကြားဖူးခဲ့သောရေတိုးသံ တဝုန်းဝုန်းနှင့်အပြိုင် အောင်မြင်သောအသံပိုင်ရှင် ဘုန်းတော်ကြီးတစ်ပါးက ကျောင်းအပေါ်ထပ်ဝရန်တာဆီသို့ လှေကို ဆိုက်ကပ်ကာ ကျောင်းပေါ်တက်လာသည်။

"ကဲ ဘုန်းကြီးမှမလိုက်ဘူးဆိုရင် ကျုပ်လည်းဒီနေရာကနေ လုံးဝမခွာတော့ဘူး။ အတူရေနစ်သေကြမယ်။ ပိုက်ဆံအများကြီးအကုန်ခံပြီး လိုက်ကယ်နေတာ၊ ဘုန်းကြီးတို့ကြောင့်ခက်ရချေရဲ့"ဟု မိန့်လာသူကတော့ ကလေးမြို့တစ်ခုလုံး ရေဘေးသင့်သည့်အခါ ပထမဆုံးကူညီကယ်ဆယ်ရေးဆောင်ရွက်သူ "ကာယကံမေတ္တာလူမှုကူညီရေးအသင်းကြီး"၏ ဦးဆောင်ဆရာတော်လည်းဖြစ်၊ နေသာအခမဲ့ ပညာသင်ကျောင်းတည်ထောင်သူလည်းဖြစ်သည့် ဦးဓမ္မိကပင် ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ◆

ယနေ့ မာတိကာ

နမ့်ပေါ့ချောင်းကူး ယာယီတံတား သတ်မှတ်တန်ချိန်ထက် ပို၍ ယာဉ်ကြီးများ ဖြတ်သန်းနေ — စာ ၁၀

မြစ်ရေစီးဆင်းမှုကြောင့် ကမ်းပါးပြိုကျနိုင်သဖြင့် ဝိုင်းဝန်းကူညီရှေ့ပြောင်း — စာ ၁၂

ဟားကန့်မြို့နယ်တွင် စိတ်ကြွရူးသွပ် ဆေးပြားများ၊ ဘိန်းဖြူများနှင့် ကျောက်စိမ်းအရွယ်စုံ ၂၃ တုံး ဖမ်းဆီးရမိ — စာ ၁၄

မီးတောင်လှုပ်ရှားမှုကြောင့် အီကွေဒေါ်၌ အရေးပေါ်အခြေအနေ ကြေညာ *စာမျက်နှာ-၄*

ပါကစ္စတန်ပြည်နယ်ရေးရာဝန်ကြီး၏နေအိမ်၌ ပေါက်ကွဲမှုဖြစ်ပွားဝန်ကြီးအပါအဝင် လူရှစ်ဦးထက်မနည်း သေဆုံး *စာမျက်နှာ-၅*

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဓာတုပစ္စည်းသိုလှောင်မှု စနစ်တကျရှိရန်လို

စက်မှုလက်မှု စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မတော်တဆ ဖြစ်စဉ်များလည်း ဖြစ်ပွားတတ်ပါသည်။ မီးလောင်မှု၊ ဓာတုပစ္စည်းများဓာတ်ပြုပေါက်ကွဲမှု စသော မတော်တဆဖြစ်စဉ်များ ဖြစ်ပွားတတ်ပါသည်။ စက်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ ဓာတုဗေဒဆိုင်ရာပစ္စည်းများ သုံးစွဲမှုမှာလည်း များပြားလာသည့်သဘောရှိပါသည်။ မတော်တဆဖြစ်စဉ်များ ဖြစ်ပွားလေ့ရှိပါသည်။

စက်မှုလုပ်ငန်းသုံး ဓာတုပစ္စည်းများကို စနစ်တကျသိုလှောင်ထိန်းသိမ်းခြင်းမရှိပါက ဓာတ်ပြုပေါက်ကွဲမှုများ ဖြစ်ပွားနိုင်ပါသည်။ မလိုလားအပ်ဘဲ ထိခိုက်သေကျေပျက်စီးမှုများကြီးမားစွာ ဖြစ်ပွားနိုင်ပါသည်။ စက်မှုလက်မှုလုပ်ငန်းအတွက် မရှိမဖြစ်သုံးစွဲရသော ဓာတုဗေဒဆိုင်ရာပစ္စည်းများကို စနစ်တကျ သိုလှောင်ထိန်းသိမ်းကြရန် အလွန်ပင်အရေးကြီးပါသည်။

မကြာသေးမီက တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း တီယန်ကျင်းဆိပ်ကမ်းမြို့၌ ဓာတုဗေဒပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ရာ လူပေါင်းတစ်ရာကျော်သေဆုံးကာ ရာပေါင်းများစွာသောပြည်သူများ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ကြားသိရသည်။ ဤဓာတုဗေဒပေါက်ကွဲမှုသည် အလွန်ကြောက်မက်ဖွယ်ရာကောင်းပြီး တစ်ခဏအတွင်းမှာပင် အနီးပတ်ဝန်းကျင်ရှိ နေအိမ်တိုက်တာများနှင့် မော်တော်ယာဉ်များအားလုံး မီးလောင်ပြင်းကြီး ဖြစ်သွားခဲ့သည်ကို တွေ့ရသည်။ ဓာတုဗေဒကျွမ်းကျင်သူများ၏ စစ်ဆေးချက်အရ ဖြစ်ပွားရာနေရာ၌ ကယ်ဆီယမ်ကာဘိုက်၊ ပိုတက်ဆီယမ် နိုက်ထရိုက်နှင့် ဆိုဒီယမ်နိုက်ထရိုက်တို့ကို တွေ့ရှိရသည်ဟုဆိုပါသည်။ ကယ်ဆီယမ်ကာဘိုက်သည် ရေနှင့်ဓာတ်ပြုလျှင် ကြီးမားသော ပေါက်ကွဲမှုကိုဖြစ်စေနိုင်သည့် acetylene ကို ဖြစ်ပေါ်စေနိုင်သည်ဟုဆိုပါသည်။ ထို့အပြင် ဖြစ်ပွားရာဒေသ၌ လူကိုအဆိပ်အတောက်ဖြစ်စေသော Sodium Cyanide ကိုလည်းလေထဲတွင် တွေ့ရကြောင်း ရဲတပ်ဖွဲ့က အတည်ပြုထားပါသည်။ လေထဲမှ တစ်ဆင့်လွင့်မျောလာသည့် (Sodium Cyanide အမှုန်များကို ရှူရှိုက်မိပါက) သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

ဤဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးစဖြစ်သော ကျွန်ုပ်တို့မြန်မာနိုင်ငံအတွက် သင်ခန်းစာယူဖွယ်ဖြစ်ပါသည်။ စက်ရုံအလုပ်ရုံများ စနစ်တကျဖြစ်ဖို့ လိုပါသည်။ ဓာတုဗေဒပစ္စည်းသုံး စက်ရုံအလုပ်ရုံများ အနေဖြင့် စနစ်တကျ ဖြစ်ဖို့လိုပါသည်။ စနစ်တကျ သိုလှောင်ထိန်းသိမ်းကြဖို့လိုပါသည်။ စက်ရုံစွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိဘဲ စနစ်တကျ စွန့်ပစ်ရန်လိုပါသည်။ ဖြစ်နိုင်လျှင် လူနေရပ်ကွက်များနှင့် နီးသောနေရာများ၌ ပေါက်ကွဲမှုဖြစ်နိုင်သော ဓာတုပစ္စည်းများကို သိုလှောင်ခြင်းကို မပြုသင့်ပါ။ မြန်မာနိုင်ငံတွင်လည်း ရန်ကုန်မြို့ စက်ဆန်းရပ်၌ အလားတူ ဓာတုဗေဒပေါက်ကွဲမှု ဖြစ်ပွားခဲ့ဖူးပါသည်။

ဓာတုပစ္စည်းဟူသည် လေနှင့် လည်းကောင်း၊ ရေနှင့် လည်းကောင်း၊ အချင်းချင်းသော်လည်းကောင်း ဓာတ်ပြုပေါက်ကွဲလောင်ကျွမ်းမှုများ ဖြစ်ပွားတတ်ပါသည်။ သို့ပါ၍ စက်ရုံအလုပ်ရုံအသီးသီးတို့၌ ဓာတုပစ္စည်းများ သို့မဟုတ် ဓာတ်ပြုပေါက်ကွဲလောင်ကျွမ်းနိုင်သော ပစ္စည်းများကို စနစ်တကျ သိုလှောင်ထိန်းသိမ်းကြရန် သင်ခန်းစာယူကြရမည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(ဝ၁ဝ၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(ဝဝစ၇၇)
ကြော်ငြာ	-	ဝ၁-၅၄၅စ၃၄ ၊ ဝ၁- ၅၅၉၁၁စ Fax ဝ၁-၅၄၆၂၂၁၊ ဝ၆၇-၃၆၁၄၈
ဖြန့်ချိ	-	ဝ၁-၅၄၄၃၁၇၊ Fax- ဝ၁-၈၆ဝ၄၅၄၆

အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် သြဂုတ် ၁၆

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၏ သဘာဝဘေးဒဏ်သင့်ဒေသများ၌ အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးကို သြဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနခွဲ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ်အကုန်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး သဘာဝဘေးသင့်ပြည်သူများကို ထောက်ပံ့ငွေပေးအပ်ခြင်းအပါအဝင် လူမှုရေးအရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောအုပ်စု ရှစ်ခုကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ထောက်ပံ့ရန် စီမံဆောင်ရွက်ထားပါကြောင်း၊ ရေဘေးသင့်ဒေသများအတွက် ရေးဦးပြန်လည်ထူထောင်ရေးစီမံချက်(မူကြမ်း) အပေါ် ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့အပြင် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတွင် သဘာဝဘေးဒဏ်သင့်ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ဗီဒီယိုဆလိုက်ဖြင့်တင်ပြပြီး နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦးက သဘာဝဘေးဒဏ်အလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်ရေးဆွဲထားမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စ ရီနားတား ဒက်စ်လ်လီယန်နှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ ရေဘေးသင့်ဒေသများအတွက် ရေးဦးပြန်လည်ထူထောင်ရေးစီမံချက်(မူကြမ်း)နှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ရေဘေးသင့်ဒေသများမှ ပြည်သူများအတွက် ထိရောက်သည့် အကြံဉာဏ်၊ အတွေ့အကြုံ၊ အသိပညာများ မျှဝေဆွေးနွေးမှုသည် မျှားစွာအကျိုးရှိပါကြောင်း၊ ထောက်ပံ့ကူညီကြသည့် အလျှုရှင်များ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုထက် ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြား၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၁၆-၈-၂၀၁၅

ရွှေစျေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	ကျပ် ၇၄၃၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၉၃၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	ကျပ် ၇၄၄၅၀၀

စက်သုံးဆီစျေးနှုန်း(စက်သုံးဆီအာသင်း)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၇၁၀
ဒီဇယ်	တစ်လီတာ	ကျပ် ၆၆၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၇၀၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၈၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၀၀

သားငါးနှင့် ဟင်းချက်စရာစျေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၄၀၀၀-၄၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၆၅၀၀-၁၂၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၇၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၂၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၃၅
ဥရောပ	တစ်ယူရို	၁၃၅၅.၆
စင်ကာပူ	တစ်ဒေါ်လာ	၈၉၉.၀၃
ထိုင်း	တစ်ဘတ်	၃၅.၂
အိန္ဒိယ	တစ်ရူပီး	၁၉.၂၉၂
တရုတ်	တစ်ယွမ်	၁၉၈.၈၈
မလေးရှား	တစ်ရင်းဂစ်	၃၂.၂.၉၂

ခင်ရတနာ-စုစည်းသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အင်ဒိုနီးရှားလွှတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် သြဂုတ် ၁၇

၂၀၁၅ ခုနှစ်၊ သြဂုတ် ၁၇ ရက်တွင်ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ နှစ်(၇၀) ပြည့် လွှတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ယူဆွတ်ကာလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတဦးဉာဏ်ထွန်း အင်ဒိုနီးရှားနိုင်ငံလွှတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် သြဂုတ် ၁၇

၂၀၁၅ ခုနှစ်၊ သြဂုတ် ၁၇ ရက်တွင်ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ နှစ်(၇၀)ပြည့် လွှတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ယူဆွတ်ကာလာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ရန် အမည်စာရင်းတင်သွင်းထားသူများ ကိုယ်တိုင်သွားရောက်ဆောင်ရွက်ရေးအကြောင်းကြားစာပေးပို့

နေပြည်တော် သြဂုတ် ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့ရက်စွဲဖြင့် နိုင်ငံရေးပါတီများ အားလုံးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များအားလုံးထံ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို စိစစ်နိုင်ရန်အတွက် အကြောင်းကြားစာပေးပို့ခဲ့သည်။

အဆိုပါ အကြောင်းကြားစာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက သြဂုတ် ၁၈ ရက်မှစတင်၍ သြဂုတ် ၂၇ ရက်အထိ စိစစ်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သြဂုတ် ၃ ရက်တွင် ကြေညာချက်အမှတ် (၄၁/၂၀၁၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇၇၂ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၉၁၃ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ၃၅၀၄ ဦး၊ (တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆၃ ဦး အပါအဝင်) စုစုပေါင်းကိုယ်စားလှယ်လောင်း ၆၁၈၉ ဦး ရှိနေပြီဖြစ်ကြောင်း။

သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၏ နည်းဥပဒေ ၂၆ တွင် အမည်စာရင်းတင်သွင်းလွှာများကိုစိစစ်ရန် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ သက်ဆိုင်ရာရွေးကောက်ပွဲကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးက ဤကိစ္စအလို့ငှာ စာဖြင့်တာဝန်လွှဲအပ်ထားသူ၊ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအသီးသီးကို ကူညီရန်အတွက် ယင်းအဖွဲ့ခွဲက တာဝန်ပေးအပ်ထားခြင်းခံရသူများနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်နှင့် နေရာသို့ လာရောက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားကြောင်း ပါရှိသည်။

ယခုအခါ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အသီးသီးသို့ ဝင်ရောက်ယှဉ်ပြိုင်လိုကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးသည် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ယင်းတို့၏ အမည်စာရင်းတင်သွင်းလွှာများကို တင်သွင်းထားကြပြီးဖြစ်ကြောင်း။

ထိုသို့ အမည်စာရင်းတင်သွင်းကြရာတွင် အချို့သောလွှတ်တော်မဲဆန္ဒနယ်များ၌ လွှတ်တော်မဲဆန္ဒနယ် တစ်ခုတည်းအတွက်ပင် နိုင်ငံရေးပါတီ တစ်ခုတည်းကို ကိုယ်စားပြု၍ အမည်စာရင်းတင်သွင်းသူ နှစ်ဦးရှိကြောင်းနှင့် လွှတ်တော်မဲဆန္ဒနယ်တစ်ခုတွင် ယှဉ်ပြိုင်အရွေးခံရန် အမည်စာရင်းတင်သွင်းပြီးသည့်နောက် ယင်း၏အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းပြီး အခြားလွှတ်တော်မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းထပ်မံတင်သွင်းမှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအသီးသီးတို့က လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ရာ၌ မှန်ကန်မှုရှိစေရေး၊ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ နစ်နာမှုမရှိစေရေးတို့အတွက် အမည်စာရင်းတင်သွင်းလွှာများကိုစိစစ်ရန် သတ်မှတ်ထားသော နေ့ရက်၊ အချိန်နှင့် နေရာသို့ အမည်စာရင်းတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ ကိုယ်တိုင်အလေးထား၍ သွားရောက်နိုင်ရေးနှင့် အမည်စာရင်းတင်သွင်းထားသော ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့်လည်း ကိုယ်စားလှယ်လောင်း စိစစ်ချိန်တွင် မိမိတို့ကိုယ်တိုင် သွားရောက်နိုင်ရေး အထူးအလေးထားဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အင်ဒိုနီးရှားနိုင်ငံ လွှတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် သြဂုတ် ၁၇

၂၀၁၅ ခုနှစ်၊ သြဂုတ် ၁၇ ရက်တွင်ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ နှစ်(၇၀)ပြည့် လွှတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စ ရတ်နိ အယ်လ်ပီ မာဆူဒီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

ရန်ကုန် သြဂုတ် ၁၆

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ သြဂုတ် ၁၄ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၃၄ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂၆ ဦး၊ တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၃၉ ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂ ဦးတို့ တင်သွင်းခဲ့သည်။ ဇူလိုင် ၂၀ ရက်မှ သြဂုတ် ၁၄ ရက်အထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၇၇၂ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၉၁၃ ဦး၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၃၄၁ ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆၃ ဦး စုစုပေါင်း ၆၁၈၉ ဦး ရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၉၂ ပါတီနှင့် တစ်သီးပုဂ္ဂလ ၃၂၃ ဦးတို့က အမည်စာရင်း တင်သွင်းခဲ့ကြကြောင်း သိရှိရသည်။ အမည်စာရင်းတင်သွင်းမှုအသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ အောက်ခြေအဆင့်အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် သြဂုတ် ၁၆

မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့ညနေ ၃ နာရီခွဲတွင် ကျင်းပရာ အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်၊ ရဲချုပ်ဇော်ဝင်း ဦးဆောင်သောကိုယ်စားလှယ် ၂၀ နှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (Office of Narcotics Control Board, ONCB) မှ အထွေထွေအတွင်းရေးမှူးချုပ် Mr. Permpong Chaovalit ဦးဆောင်သောကိုယ်စားလှယ် ၁၅ ဦးတို့ တက်ရောက်ကြသည်။

အလားတူ မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အောက်ခြေအဆင့် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီကကျင်းပရာ အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟို အဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး၊ ရဲမှူးချုပ် ကျော်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ် ၁၈ ဦးနှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(Office of Narcotics Control Board, ONCB) မှ အထွေထွေအတွင်းရေးမှူးချုပ် Mr. Permpong Chaovalit ဦးဆောင်သောကိုယ်စားလှယ် ၁၅ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ဆောင်ရွက်မှုအခြေအနေများ၊ မူးယစ်တရားခံပြေး သတင်းဖလှယ်ခြင်း၊ ထိန်းချုပ် ဓာတုပစ္စည်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးခရီးစဉ်များ၊ အစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ၂၀၁၄ ခုနှစ် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံမူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများနှင့် နှစ်နိုင်ငံ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှူဦးစီးဌာန တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် သြဂုတ် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှူဦးစီးဌာန အောက်ရှိ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်နှင့် (SRPS) သင်္ဘောသားအလုပ်အကိုင် ရွေးချယ်ခန့်ထားရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရကုမ္ပဏီများတွေ့ဆုံဆွေးနွေးပွဲကို သြဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဖိုးစိန်လမ်းရှိ Holiday Hotel ခန်းမ၌ကျင်းပရာ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှူဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်၊သင်္ဘောသားရေးရာဌာန ညွှန်ကြားရေးမှူး ဦးတိုးမြင့်၊ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ SRPS ကုမ္ပဏီမှ ဒေသခံကိုယ်စားလှယ်များ၊ ရေကြောင်းဘက်ဆိုင်ရာသင်တန်းကျောင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်က SRPS သင်္ဘောသားများ အလုပ်အကိုင်ရွေးချယ်ခန့်ထားရေးဆိုင်ရာများ၊ IMO နှင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှူဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်ဆိုင်ရာများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အထွေထွေအတွင်းရေးမှူးတို့က ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တက်ရောက်လာကြသည့် SRPS လိုင်စင်ရ ဒေသခံသင်္ဘောကုမ္ပဏီများက လိုအပ်ချက်များကို အသီးသီးတင်ပြဆွေးနွေးကြရာ သင်္ဘောသားရေးရာဌာန ညွှန်ကြားရေးမှူး ဦးတိုးမြင့်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

မီးတောင်လှုပ်ရှားမှုကြောင့် အီကွေဒေါ်၌ အရေးပေါ်အခြေအနေကြေညာ

ကွီတိ(အီကွေဒေါ်) သြဂုတ် ၁၆

ကိုတီပက်ဇီမီးတောင်လှုပ်ရှားမှုကြောင့် အီကွေဒေါသမ္မတ ရာဖေးလ် ကော်ရီယာက အရေးပေါ်အခြေအနေတစ်ရပ်ကို သြဂုတ် ၁၅ ရက်တွင် ကြေညာခဲ့သည်။

မီးတောင်မှ ပြာမှုန်များကို မြေပြင်အထက် မီတာ ၈၀၀၀ ထိ သြဂုတ် ၁၆ ရက်က မှုတ်ထုတ်လိုက်ပြီးနောက် အီကွေဒေါသမ္မတ၏ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ကိုတီပက်ဇီဒေသသည် မြို့တော်ကွီတိုနှင့် နီးကပ်စွာတည်ရှိသည်။ ကိုတီပက်ဇီမီးတောင်သည် ဧပြီလက စတင်လှုပ်ရှားခဲ့ကြောင်း သိရသည်။

ယင်းမီးတောင်သည် မီတာ ၆၀၀၀ နီးပါးမြင့်ပြီး ကမ္ဘာ့မီးတောင်ရှင်တစ်ခုဖြစ်ကြောင်း သိရသည်။ မကြာသေးမီက အဆိုပါ မီးတောင်မှ ပြာမှုန်များ လွင့်စဉ်ခဲ့ရာ အနီးအနားဝန်းကျင်ဒေသသို့ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း သိရသည်။

မီးတောင်အနီးအနားဒေသရှိ ပြည်သူများသည် ဘေးလွတ်ရာသို့ ၎င်းတို့ပိုင်ဆိုင်မှုပစ္စည်းများနှင့် အတူ ပြောင်းရွှေ့လျက်ရှိကြသည်။ ဒေသဆိုင်ရာ အာဏာပိုင်များက ၎င်းတို့သည် မီးတောင်ဒေသရှိ ပြည်သူများကို မျက်နှာဖုံးစွပ်တစ်သန်း ဖြန့်ဝေထားကြောင်း ပြောခဲ့သည်။

ကိုတီပက်ဇီမီးတောင်သည် တောင်တက်သမားများနှင့် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်သော မီးတောင်တစ်ခုဖြစ်သည်။ **(အင်နန်အိတ်ချ်ကေ)**

တပ်ဆုတ်ထွက်ပြေးသော တပ်မှူးများအား စစ်ခုံရုံးတင်စစ်ဆေးသွားမည်

ဘဂ္ဂဒက် သြဂုတ် ၁၆

ရာမာဒီရှိ အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းသည့် စစ်ပွဲအတွင်း တပ်စခန်းများကို စွန့်ခွာထွက်ပြေးသွားသော တပ်မှူးများအား စစ်ခုံရုံးဖြင့် စစ်ဆေးရန် ဆုံးဖြတ်ချက်အပေါ် အီရတ်ဝန်ကြီးချုပ် ဟိုက်ဒါအယ်လ်အဘာဒီက သြဂုတ် ၁၆ ရက်တွင် သဘောတူလိုက်သည်။

အမေရိကန် ကျူးကျော်သိမ်းပိုက်မှုအပြီး အစိုးရအုပ်ချုပ်ရေးစနစ်အတွင်း အကျင့်ပျက်ခြစားမှုနှင့် စီမံခန့်ခွဲမှု လွဲချော်မှုများကို တည့်မတ်ပေးရန် ရည်ရွယ်၍ အောက်ခြေသိမ်း ပြုပြင်ပြောင်းလဲမှုများမလုပ်မီ အဘာဒီက တွန်းအားပေးလိုက်စဉ် အဆိုပါ ကြေညာချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။ ရာမာဒီသည် အန်ဘာပြည်နယ်၏ မြို့တော်ဖြစ်ပြီး မေလအတွင်းက အိုင်အက်စ်စစ်သွေးကြွများလက်သို့ ကျရောက်ခဲ့ရသည်။

ဘဂ္ဂဒက် အစိုးရအနေဖြင့် အရှေ့ပိုင်းပြည်နယ်များတွင် တိုက်ပွဲများ အောင်နိုင်ခဲ့ပြီး နိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းတို့တွင်လည်း တိုက်ပွဲများ အနိုင်ရရှိရန် မျှော်လင့်ထားသည်။ **(ရိုက်တာ)**

ဆီးရီးယား အပစ်ရပ်မှုအဆုံးသတ်ပြီး တိုက်ပွဲများပြန်စ

ဘေရွတ် သြဂုတ် ၁၆

ဆီးရီးယားတပ်များနှင့်အကြမ်းဖက်အုပ်စုများအကြား ယာယီအပစ်အခတ်ရပ်စဲမှုသည် စနေနေ့က လက်ဘနွန်နယ်စပ်အနီး တိုက်ပွဲများပြန်လည်စတင်မှုဖြင့် အဆုံးသတ်သွားပြီဖြစ်ကြောင်း နှစ်ဖက် စစ်ဘက်သတင်းရပ်ကွက်များက ဆိုသည်။

ဆီးရီးယားတပ်မတော်နှင့် ယင်း၏ လက်ဘနွန်မဟာမိတ်ဟစ်ဇဗိုလာတို့ကတစ်ဖက်၊ ဆီးရီးယားအကြမ်းဖက်အုပ်စုများကတစ်ဖက် ဗုဒ္ဓဟူးနေ့က ယာယီအပစ်အခတ်ရပ်မှုအဖြစ် ဇာဘာဒါနီမြို့အနီးနှင့် ကီဖရာယာ၊ အယ်လ်ဖောယာကျေးရွာများအနီး သဘောတူညီခဲ့ကြသည်။ အီရန်နှင့်တူရကီတို့၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် အနာဂတ်တွင်ကာလကြာရှည်စွာ အပစ်အခတ်ရပ်စဲရန် ရည်ရွယ်ချက်ဖြင့် သဘောတူညီခဲ့ကြသည်။

သို့သော်လည်းစေ့စပ်ဆွေးနွေးမှုသည်အောင်မြင်မှုမရှိကြောင်း၊ အကြမ်းဖက်အုပ်စုများသည် စစ်ရေးလှုပ်ရှားမှုများတစ်ဖန်ပြန်လုပ်လာပြီဖြစ်ကြောင်း အကြမ်းဖက်အုပ်စုများကိုယ်စား စေ့စပ်ဆွေးနွေးမှုများကို ဦးဆောင်ဦးရွက်ပြုလုပ်နေသော အာရာအယ်လ်ရှမ်းသူပုန်အုပ်စုက ပြောသည်။

အဆိုပါအပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်သည် နောက်ဆုံးသဘောတူ ညီချက်မရဘဲ အဆုံးသတ်သွားကြောင်း၊ ဇာဘာဒါနီအနီး သူပုန်စခန်းများတွင် လက်နက်ကြီးကျည်များ ကျရောက်ခဲ့ပြီဖြစ်ကြောင်း အဆိုပါသတင်းရပ်ကွက်များ၏ ပြောကြားချက်ကိုကိုးကားလျက် ဟစ်ဇဗိုလာရုပ်သံအယ်လ်မာနာက ကိုးကားထုတ်လွှင့်သည်။ **(ရိုက်တာ)**

ဂရိကျွန်းပေါ်တွင် ရွှေ့ပြောင်းအခြေချသူဒုက္ခသည်များ အကူအညီရရန် ရုန်းရင်းဆန်ခတ်ဖြစ်ပွား

ကိုးစ်(ဂရီ) သြဂုတ် ၁၆

ဂရိကျွန်းကိုးစ်တွင် ရွှေ့ပြောင်းအခြေချသူများနှင့် ဒုက္ခသည် အရေအတွက် များပြားလာပြီး ၎င်းတို့မှာ များသောအားဖြင့် အရှေ့အလယ်ပိုင်းမှဖြစ်ကြောင်း အင်နန်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသော ဂရိနိုင်ငံတွင် ဒုက္ခသည်ပေါင်း ၁၃၀၀၀၀ ရှိပြီး ၎င်းတို့သည် ယခုနှစ်အတွင်း ပြောင်းရွှေ့လာကြသူများ ဖြစ်သည်။

ဂရိအရှေ့တောင်ဘက် ကိုးစ်ကျွန်းတွင် ဒုက္ခသည် အရေအတွက် ၃၀၀၀၀ ခန့်ရှိ၍ လွန်ခဲ့သောလက နောက်ထပ် ၇၀၀၀ ထပ်မံလက်ခံခဲ့သည်။

အာဏာပိုင်များသည် ဘေလုံးအားကစားကွင်းတစ်ခုအတွင်းရှိ ဒုက္ခသည်များကို ရေနှင့်အစားအစာများ ထောက်ပံ့ရန်အတွက် စာရင်းကောက်ယူလျက်ရှိသည်။

ယာယီနေထိုင်ခွင့် စာရွက်စာတမ်းများရရှိရန် တန်းစီစောင့်နေသော လူတန်းကြီးသည် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားခဲ့သည်။

သြဂုတ် ၁၅ ရက်က ဒေသဆိုင်ရာအာဏာပိုင်များက မြေထဲပင်လယ်၌ ရွှေ့ပြောင်းအခြေချသူ ၄၀ သေဆုံးနေကြောင်း တွေ့ရှိခဲ့သည်။

ရွှေ့ပြောင်းအခြေချမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းက မြေထဲပင်လယ်ကို ဖြတ်သန်းရန် ကြိုးစားရင်း ရွှေ့ပြောင်းအခြေချသူ ၂၃၀၀ကျော်ထက်မနည်း သေဆုံးခဲ့ကြောင်း ခန့်မှန်းထားသည်။

သေဆုံးသူအရေအတွက်မှာ တိုးလာနိုင်ကြောင်း ယင်းအဖွဲ့အစည်းက ပြောခဲ့သည်။ **(အင်နန်အိတ်ချ်ကေ)**

ယူအေအီးနှင့် ဆက်ဆံရေးမြှင့်တင်ရန် အိန္ဒိယဝန်ကြီးချုပ် ချစ်ကြည်ရေးခရီး သွားရောက်

ဒူဘိုင်း သြဂုတ် ၁၆

အာရပ်စော်ဘွားများပြည်ထောင်စုသို့ နှစ်ရက်ကြာ ချစ်ကြည်ရေးအလည်အပတ်ခရီးသွားရောက်သည့် အိန္ဒိယဝန်ကြီးချုပ် နာရေန္ဒြာမိုဒီက ပင်လယ်ကွေ့နိုင်ငံနှင့် အိန္ဒိယနိုင်ငံကြား တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်အလေးထားဆက်ဆံသည့် နိုင်ငံများဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးနှင့် ကုန်သွယ်ရေးဗဟိုဌာနအဖြစ် ဒူဘိုင်းမြို့ထွန်းကားလာခြင်းသည် ထူးခြားပြီး အမြော်အမြင်နှင့် ပြည့်စုံချက်ပင်ဖြစ်ကြောင်း ပြောကြားသည်။

ဒူဘိုင်းအခြေစိုက် ခါလစ်ခ်ျတိုင်းမ်စ်သတင်းစာတွင် ဖော်ပြခဲ့သော တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် မိုဒီက အာရပ်စော်ဘွားများပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့အကြား နက်ရှိုင်းသော ဆက်ဆံရေးသမိုင်းဝင်များရှိပြီးဖြစ်ကြောင်း၊ ပြိုင်ဘက်နိုင်ငံများမဟုတ်ကြောင်း ပြောကြားခဲ့သည်။

မိုဒီသည် သြဂုတ် ၁၆ ရက်တွင် အဘူဒါဘီသို့ ရောက်ရှိမည်ဖြစ်ပြီး အဘူဒါဘီ အိမ်ရှေ့မင်းသား ရှိတ်ခ်မိုဟာမက်ဘင်ဇေ အယ်လ်နာရန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု ဒုတိယသမ္မတ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံမည်ဖြစ်သည်။ ဝန်ကြီးချုပ်မိုဒီသည် ၂၀၁၄ ခုနှစ်တွင် ဝန်ကြီးချုပ်တာဝန်စတင်ထမ်းဆောင်ခဲ့ပြီး နှစ်ပေါင်း ၃၄ နှစ်အတွင်း ပင်လယ်ကွေ့နိုင်ငံသို့ သွားရောက်လည်ပတ်သည့် ပထမဦးဆုံး အိန္ဒိယဝန်ကြီးချုပ်ဖြစ်သည်။

(ဆင်ဟွာ)

တပ်မတော်(ကြည်းရေလေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းပဒေသာပင်အလှူငွေများလှူဒါန်း

နေပြည်တော် သြဂုတ် ၁၆

နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင်သီလရှင် စာသင်တိုက်များနှင့် ပျဉ်းမနားဘိုးဘွားရိပ်သာသို့ တပ်မတော်(ကြည်း၊ရေလေ) မိသားစုများနှင့်စေတနာရှင် ပြည်သူများက ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ မဟာဝိသုတာရာမစေ့ားကုန်းကျောင်းတိုက်၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စေ့ားကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံယာတော်များ၊ သီလရှင် ဆရာကြီးများကြွရောက်တော်မူကြပြီး စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စေတနာရှင် အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ယနေ့ကျင်းပသော နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့ နွယ်ဝင် သီလရှင်စာသင်တိုက်များနှင့် ပျဉ်းမနား ဘိုးဘွားရိပ်သာသို့ တပ်မတော်(ကြည်း၊ရေလေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၉၀၅၆၅၀၀၊ ဆန် ၇၃၇ အိတ်၊ လေးပြည်၊ ဆီ ၂၃၁ ပိဿာ၊ ပဲ ပိဿာ ၁၇၆၀၊ ဆား ပိဿာ ၁၇၆၀၊ ငရုတ်သီးမှုန့် ထုပ် ၃၀၀၊ နနွင်းမှုန့်ထုပ် ၁၀၀၊ မဆလာထုပ် ၁၀၀၊ ငါးပိထောင်း ဘူး ၁၀၀၀ နှင့် ဆေးမျိုးစုံ ဘူး ၉၃၀၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းတံတားများ ပြုပြင်ဆောင်ရွက်

မကွေး သြဂုတ် ၁၆

နေပြည်တော်-တောင်ညီ-ချောင်းနက်-တောင်တွင်းကြီးလမ်း မိုင်တိုင်(၁၂/၀)မှ(၄၄/ ၂) အတွင်း မူလ ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် လမ်းချဲ့ခြင်း ဆောင်ရွက်နေမှု၊ မိုင်တိုင် (၄၄/၂)မှ (၆၆/၂) အထိ လမ်းတစ်လျှောက်အတက်၊ အဆင်း အန္တရာယ်ကွေ့နေရာများအား လမ်းချဲ့ဆောင်ရွက်မှု၊ ကျောက်ရိုးစီ မြေထိန်းနံရံနှင့် ကွန်ကရစ် ရေမြောင်း တည်ဆောက်မှု အခြေအနေများကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးစိုးတင့် သြဂုတ် ၁၄ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။ လမ်းညွှန်ဆိုင်းဘုတ်၊ အသိပေးဆိုင်းဘုတ်များ တပ်ဆင်ရေး၊ မိုးတွင်းကာလ လမ်းသား ပျက်စီးမှု ထိန်းသိမ်းနိုင်ရေး တန်ပိုယာဉ်များသွားလာမှု ကြပ်မတ်ရေး၊ အောင်လံမှတစ်ဆင့် သရက်-နက်မီးတောက်-ကံမလမ်းပေါ်ရှိ ရေနုံ့သာတံတား၊ မီးသွေးဖုတ် ချောင်းတံတား၊ ကံမ-ပြကြီး လမ်းပေါ်ရှိ ကဒုးပြင်တံတား မြေပြင်ကြွေခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းဦးစီးဌာန မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကျော်ကျော်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြပြီး သရက်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က သရက်ခရိုင်အတွင်းရှိ လမ်း ၁၃ လမ်းနှင့် ပတ်သက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့် လုပ်ငန်းများ၊ တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ၊ B.O.Tစနစ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဇူလိုင်လနှင့် သြဂုတ်လအတွင်း သဘာဝဘေး အန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ပြီး လမ်းပန်းဆက်သွယ်မှု မပြတ်တောက်ရန် ချက်ချင်းဆောင်ရွက်ရမည့် ရေတိုစီမံချက်၊ ရေရှည်စီမံချက်များ ချမှတ်၍ အမြန်ဆုံး ပြုပြင်ဆောင်ရွက်ရန်၊ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ မရှိစေရေး မှာကြားခဲ့သည်။

ဆက်လက်၍ ညနေပိုင်းတွင် ပြည်မြို့သို့ရောက်ရှိပြီး လမ်းဦးစီးဌာန ပြည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးခွဲ ပြည်ခရိုင်အတွင်းရှိ လမ်း၊ တံတားပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း၊ ဝက်ပုတ်-ပုတီးကုန်း-သဲကုန်းလမ်း၊ ပန်းတောင်း-တောင်ကုတ်လမ်း၊ ကံမ-ပြည်လမ်းတစ်လျှောက်လမ်း၊ တံတားလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသည် ၄၉ ဦးနှင့် လေယာဉ်အမှူထမ်းငါးဦး စီးနင်းလိုက်ပါသော အင်ဒိုနီးရှားလေယာဉ်ပျက်ကျ၊ လေယာဉ်ပေါ်ပါသူများ အသက်ရှင်ဖွယ်မရှိ

သုတ

ဂျကာတာ သြဂုတ် ၁၆

ကလေးငါးဦး အပါအဝင် ခရီးသည် ၄၉ ဦးနှင့် လေယာဉ်အမှူထမ်းငါးဦး စီးနင်းလိုက်ပါသော Trigana Air လေကြောင်းလိုင်းမှ ATR-42 လေယာဉ်သည် ယနေ့စောစောပိုင်းက ပျောက်ဆုံးသွားခဲ့ပြီးနောက် နာရီများစွာအကြာတွင် ဝေးလံခေါင်ဖျားပြီး တောတောင်ထူထပ်သည့် အင်ဒိုနီးရှားနိုင်ငံ ပါပူအာအရှေ့ပိုင်းဒေသတွင် ပျက်ကျသွားခဲ့ကြောင်း အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

Trigana Air လေကြောင်းမှ ATR-42 လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

အဆိုပါလေယာဉ်သည် ပါပူအာပြည်နယ် ဂျာရာပူရာမြို့တော် ဆန်တာနီလေဆိပ်မှ ထွက်ခွာလာပြီး သွားရောက်မည့် အော့ဘ်ဆီဘီမြို့သို့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄ မိနစ်တွင် ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ လေယာဉ်သည် ပျံတက်ပြီး မိနစ် ၄၀ ခန့်အကြာတွင် လေဆိပ်နှင့် အဆက်အသွယ်ပြတ်တောက်သွားသဖြင့် အဆိုပါလေယာဉ်လိုင်းမှ အခြားလေယာဉ်တစ်စင်းကို စေလွှတ်ကာ ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။ သို့သော်လည်း ရာသီဥတုဆိုးရွားခြင်းကြောင့် ရှာဖွေမှု အထမမြောက်ခဲ့ပေ။

နာရီများစွာကြာလာသည့်အချိန်တွင် ပါပူအာဒေသရှိ ကျေးရွာသားများက လေယာဉ်တစ်စင်း ပျက်ကျသွားသည်ဟု မြင်တွေ့ခဲ့ရကြောင်း၊ လေယာဉ်ပျက်ကျသည်ဟု ဆိုသော အော့ဘ်ဆီဘီခရိုင်သို့ စစ်ဘက်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ ရှာဖွေရေးအဖွဲ့ဝင်များ သွားရောက်ရှာဖွေစစ်ဆေးရာ လေယာဉ်ပျက်ကျသည်ကို အတည်ပြုနိုင်ခဲ့ကြောင်း ရိုက်တာသတင်းများ၌ ရေးသားဖော်ပြထားသည်။ ဒေသခံများ၏ ပြောကြားချက်အရ လေယာဉ်သည် ပျက်မကျမီ ခပ်နိမ့်နိမ့် ပျံသန်းခဲ့ရာမှ တောင်နှင့်တိုက်မိကာ ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **ရိုက်တာ**

ATR-42 လေယာဉ်ပျက်ကျပြီးနောက် လိုက်ပါသွားသူများ၏မိသားစုဝင်များ ငိုကြွေးပူဆွေးနေကြစဉ်။

မြန်မာစီပီလိုက်ဖ်စတော့အဖွဲ့က သာပေါင်း ရေဘေးသင့်ပြည်သူများအား လှူဒါန်း

သာပေါင်း သြဂုတ် ၁၆

မြန်မာစီပီလိုက်ဖ်စတော့အဖွဲ့က သာပေါင်းမြို့နယ် ရေဘေးသင့်ပြည်သူများကို စားသုံးကုန်ပစ္စည်း ရှစ်မျိုးထည့်ထားသော တစ်ထုပ်လျှင် ဒွေကျပ် ၈၀၀၀ တန်ဖိုးရှိ ၁၂၇၃ ထုပ်ကို မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီရုံးမှ ခန့်ခွဲပေးပြီး ရွှေညောင်ပင်ကျေးရွာ၊ နွယ်နီချောင်းကျေးရွာနှင့် ကျန်ရှိရေဘေးသင့်ကျေးရွာ ယာယီရေဘေးသင့် ကျေးရွာများအရောက် ပေးပို့လှူဒါန်းထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးဇော်ဦး(ပြန်/ဆက်)**

ပါကစ္စတန်ပြည်နယ်ရေးရာဝန်ကြီး၏နေအိမ်၌ ပေါက်ကွဲမှုဖြစ်ပွား ဝန်ကြီးအပါအဝင် လူရှစ်ဦးထက်မနည်း သေဆုံး

လာဟို (ပါကစ္စတန်) သြဂုတ် ၁၆

ပါကစ္စတန် ပြည်နယ်ရေးရာဝန်ကြီးတစ်ဦး၏ နေအိမ်၌ အင်အားပြင်းထန်သော ပေါက်ကွဲမှုတစ်ခု ယနေ့ ဖြစ်ပွားခဲ့ရာ ပြည်နယ်ရေးရာဝန်ကြီး တစ်ဦး အပါအဝင် လူရှစ်ဦးထက်မနည်း သေဆုံးပြီး အဆောက်အအုံ အကျိုးအပဲ့များ အောက်တွင် လူ၂၀ ထက် မနည်း ပိတ်မိနေကြောင်း ကယ်ဆယ်ရေးဆိုင်ရာ တာဝန်ရှိသူများကပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုမှာ ပါကစ္စတန်နိုင်ငံ၏ အကြီးမားဆုံးနှင့် အချမ်းသာဆုံးပြည်နယ် တစ်ခုဖြစ်သော ပန်ဂျပ်ပြည်နယ်မြောက်ဘက် အက်တော့ခ်မြို့ရှိ ပြည်နယ်ရေးရာဝန်ကြီး ရှူဂျာခန်ဇာဒါ၏နေအိမ်၌ ဝန်ကြီးနှင့်အပေါင်းပါလူ ၂၀ ခန့် အစည်းအဝေးပြုလုပ်နေစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုအရှိန်ကြောင့် နေအိမ်၏ခေါင်မိုးပါ ပြိုပျက်သွားခဲ့သဖြင့် ယင်းပေါက်ကွဲမှုမှာ အသေခံဗုံးခွဲ တိုက်ခိုက်ရေးသမား တစ်ဦးဦးက ကြိုးမားသော ဗုံးဖြင့် တိုက်ခိုက်ဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။ တစ်ဆက်တည်းမှာပင် ပြည်နယ်ကျန်းမာရေး အကြံပေး အရာရှိတစ်ဦးက ယင်းပေါက်ကွဲမှု၌ ပန်ဂျပ်ပြည်နယ်ဝန်ကြီးရှူဂျာခန်ဇာဒါလည်း သေဆုံးခဲ့သည်ဟုပြောကြားသည်။ အက်တော့ခ်မြို့သည် ပြည်နယ်ရေးရာဝန်ကြီး ရှူဂျာခန်ဇာဒါ၏ ဇာတိမြို့ဖြစ်သည်။

ပေါက်ကွဲမှု ဖြစ်ပွားစဉ်က အဆိုပါနေအိမ်ထဲ၌ လူ ၂၀ နှင့် ၃၀ အကြားရှိနေကြသည်ဟု ခရိုင်ပြန်ကြားရေးတာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ယင်းပေါက်ကွဲမှုအရှိန်ကြောင့် ဝန်ကြီး၏နေအိမ်ခေါင်မိုးပါ ပြိုပျက်သွားကာ ယခုအချိန်အထိလူကိုးဦးတို့၏အလောင်းကိုသာ ရှာဖွေတွေ့ရှိနိုင်သည်ဟု ကယ်ဆယ်ရေးလုပ်သားများက ဆက်လက်ပြောကြားသည်။

ရှူကလီယား လက်နက်ပိုင်ဆိုင်ကာ လူဦးရေသန်း ၁၉၀ ခန့်ရှိသည့် ပါကစ္စတန်နိုင်ငံသည် တာလီဘန်စစ်သွေးကြွများ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများနှင့် ဂိုဏ်းဂဏဆိုင်ရာ အငြင်းပွားမှုများနှင့် ပတ်သက်သည့် ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်လျက်ရှိသည်။ အဆိုပါ တိုက်ခိုက်မှုနှင့် ပတ်သက်၍ တာလီဘန်ဂိုဏ်းခွဲစစ်သွေးကြွအုပ်စုဖြစ်သည့် လားရှ်ကာအီး အစ္စလာမ်အုပ်စုက မိမိတို့၏ လက်ချက်ဖြစ်ကြောင်း၊ ပါကစ္စတန်တပ်ဖွဲ့က မိမိတို့အပေါ် တိုက်ခိုက်မှုများလုပ်ဆောင်နေမှုကို လက်တုံ့ပြန်ခြင်းဖြစ်ပြီး နောက်နောင်တွင်လည်း အလားတူတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်တွင် ပန်ဂျပ်ရဲတပ်ဖွဲ့က စစ်သွေးကြွ ခေါင်းဆောင်တစ်ဦးနှင့်အတူ ၄၄ဦး၏သားနှစ်ဦး၊ လက်ထောက်နှင့် ၄ဦးကို ထောက်ခံအားပေးသူ ၁၀ ဦးတို့ကို အချုပ်ခန်းမှ ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားသည်ဟုဆိုကာ ပစ်သတ်ခဲ့သည်။ သို့သော် လူတချို့ကမူ ယင်းပစ်ခတ်မှုသည် တရားဥပဒေအပြင်ဘက် သတ်ဖြတ်မှု၏ ဝိသေသ လက္ခဏာများပင်ဖြစ်သည်ဟု ဆိုကြသည်။

ပန်ဂျပ်ပြည်နယ်သည် ပါကစ္စတန်နိုင်ငံရှိ အခြားဒေသများထက် ထုံးစံအရ ပို၍တည်ငြိမ်အေးချမ်းသည့် ဒေသဖြစ်သည့်အပြင် ဝန်ကြီးချုပ် နဝတ်ရှာရစ်ဖ်အတွက် နိုင်ငံရေးအရ အချက်အချာကျရာ ဒေသလည်းဖြစ်ကြောင်း သတင်းများအရ သိရသည်။

ရိုက်တာ

ဘာသာပြန်-ဣတီ

မိုဘိုင်း ပထမမှသည်...

ရွှေနွယ်

ယမန်နေ့မှအဆက်

ရေရှည်မျှော်မှန်းချက်များ

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ်အကုန်တွင်-

(က)မြန်မာနိုင်ငံရှိလူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော်အား ဆက်သွယ်ရေးကွန်ရက်ဖြင့် လွှမ်းခြုံ မိစေရန်၊

(ခ) မြန်မာနိုင်ငံရှိလူဦးရေ၏ ၈၅ ရာခိုင်နှုန်းကျော်ကို အင်တာနက်သုံးစွဲပိုင်ခွင့်ရစေရန်နှင့်

(ဂ) မြန်မာနိုင်ငံရှိ လူဦးရေ၏ ၅၀ ရာခိုင်နှုန်းသည် မြန်နှုန်းမြင့်အင်တာနက် သုံးစွဲခွင့်ရစေရန်။

ရည်မှန်းချက်ထားရှိကြောင်း လေ့လာသိရှိရပါသည်။ ထို့ပြင် မြန်မာနိုင်ငံသားတို့ Broadband သုံးစွဲရာ၌ စျေးချိုချိုဖြင့် သုံးစွဲနိုင်ရန်နှင့် Broadband ဖြင့် အင်တာနက် ချိတ်ဆက်သုံးစွဲခ အသုံးစရိတ်သည် စုစုပေါင်းဝင်ငွေ၏ ၅၀ ရာခိုင်နှုန်း မကျော်စေရန်လည်း မျှော်မှန်းထားကြောင်း သိရပါသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍအတွက် ဆက်သွယ်ရေး မဟာစီမံကိန်း (မူကြမ်း) (Telecommunications Master Plan – Draft) ကို မကြာသေးမီကာလအတွင်းက ထုတ်ပြန်ကြေညာခဲ့သည်။ ထိုမဟာစီမံကိန်း၌ ရေရှည် မျှော်မှန်းချက် သုံးခုရှိကြောင်းတွေ့ရ၏။ ထိုမျှော်မှန်းချက်များမှာ

(၁) မြန်မာနိုင်ငံသားများအား ပြည်တွင်းနှင့် ပြည်ပသို့ ဆက်သွယ်ချိတ်ဆက်ပေးရန်၊

(၂) မြန်မာ့စီးပွားရေး အဆောက်အအုံ၌ သတင်းအချက်အလက် နည်းပညာနှင့် တီထွင်ဖန်တီးဆန်းသစ်မှုများဖြင့် ပိုမိုလုပ်ပိုင်ခွင့် ရရှိလာစေရန်၊

(၃) ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် Mobile Applications များ ပိုမိုဖြစ်ထွန်းတိုးတက်လာရာမှတစ်ဆင့် e-Government ခရီးအဆင်ပြေချောမွေ့စေရန်တို့ဖြစ်ပါသည်။

ခေတ်မီဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံ (Modern Telecommunications Infrastructure) သည် တိုင်းပြည်၏ ပြည်တွင်းစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် အရေးကြီးရုံမျှသာမက ပြည်ပမှရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ကာ ပြိုင်ဆိုင်မှုအပြည့်ရှိသော ကမ္ဘာ့စျေးကွက်၌ အားကြိုးမာန်တက် ယှဉ်ပြိုင်နိုင်ရေးအတွက်လည်း ကြိုတင်လိုအပ်ချက် (Pre-requisite) တစ်ရပ်ဖြစ်သည်။

ခေတ်မီဆက်သွယ်ရေး အခြေခံအဆောက်အအုံတစ်ခုဖြစ်စေရန်အတွက် ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်လိုအပ်ပါသည်။ ဆက်သွယ်ရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံခြင်းသည် ကုန်ထုတ်လုပ်မှုစရိတ်ကို ကျဆင်းစေပါသည်။ စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေကို ပိုမိုတိုးပွားစေသည်။ ထို့အပြင် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ပိုမိုတိုးပွားစေပါသည်။ ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ၌ တစ်ဒေါ်လာရင်းနှီးမြှုပ်နှံတိုင်း စီးပွားရေးအရ ပြန်ရချက် (Economic Return) ခြောက်ဒေါ်လာကျော် ရရှိနိုင်သည်ဟု ကမ္ဘာ့ဘဏ်၏ လေ့လာချက်တစ်ခုက ဆိုပါသည်။

ဆက်သွယ်ရေးကဏ္ဍ၏ မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ စျေးကွက်အတွင်း ပြိုင်ဆိုင်မှုရှိလာအောင် စီမံဖန်တီးပေးမှုများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း စီးဝင်လာခဲ့ရာ Telenor မြန်မာက ရင်းနှီးမြှုပ်နှံမှုဒေါ်လာသန်း ၅၀၀ ကျော်၊ Ooredoo မြန်မာက ရင်းနှီးမြှုပ်နှံမှုဒေါ်လာ သန်း ၇၀၀ ကျော် ထည့်ဝင်ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။ ထို့အပြင် မြန်မာ့ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်နေသော KSGM ကုမ္ပဏီသည်လည်း ၁၀ နှစ်အတွင်း ဒေါ်လာ နှစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံရန်ရှိပြီး ထိုင်ဝေပမာဏ၏ ၅၀ ရာခိုင်နှုန်းခန့်ကို ပထမနှစ်နှစ်တွင် ရင်းနှီးမြှုပ်နှံရန်ရှိကြောင်း သိရပါသည်။

ထိုသို့ ဆက်သွယ်ရေးအော်ပရေတာများ ဝင်ရောက်လာမှုနှင့်အတူ ဆက်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများကိုလည်း အော်ပရေတာအသီးသီးက ခေါ်ယူခန့်ထားခဲ့ရာ ခန့်ထားမှုအခြေအနေကို အောက်ပါအတိုင်းတွေ့ရပါသည်-

ကျား/မ	MPT	Telenor	Ooredoo
ကျား	၈	၂၄၆	၃၆၀
မ	၅၁	၁၆၇	၄၉၈
စုစုပေါင်း	၅၉	၄၁၃	၈၅၈

ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းမှုများ

ဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကပိုင်းမှ ပိုမိုပါဝင်ဆောင်ရွက်နိုင်ရန် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး ခေတ်နှင့်လျော်ညီသည့် ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေ ပြင်ဆင်ပြောင်းလဲရေးကိစ္စရပ်များအား ဆောင်ရွက်ခဲ့ရာ ဆက်သွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

ဆက်သွယ်ရေးဥပဒေနှင့် ဆက်စပ်သည့် နည်းဥပဒေများတွင် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ၊ လှိုင်းနှုန်းစဉ် ဆိုင်ရာနည်းဥပဒေများ၊ ဆက်သွယ်ရေးနံပါတ်ဆိုင်ရာ နည်းဥပဒေများ၊ ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ ဆက်သွယ်ရေးကဏ္ဍ၏ ပြိုင်ဆိုင်မှုဆိုင်ရာ နည်းဥပဒေများ ဟူ၍ နည်းဥပဒေ(၅)ခု ပါဝင်မည် ဖြစ်ပါသည်။ ဤတွင် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများကို ၁၄-၁၀-၂၀၁၄ ရက်နေ့၌ လည်းကောင်း၊ ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ နည်းဥပဒေများကို ၆-၁-၂၀၁၅ ရက်နေ့တွင် လည်းကောင်း၊ ဆက်သွယ်ရေးကဏ္ဍ၏ ပြိုင်ဆိုင်မှုဆိုင်ရာ နည်းဥပဒေများကို ၉- ၆-၂၀၁၅ ရက်နေ့တွင်လည်းကောင်း အသီးသီးထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပြည်ပ ဆက်သွယ်ရေးအော်ပရေတာ နှစ်ဦးဖြစ်သည့် Ooredoo မြန်မာကုမ္ပဏီနှင့် Telenor မြန်မာကုမ္ပဏီတို့ကို ၃၀-၁-၂၀၁၄ ရက်နေ့တွင် နိုင်ငံတစ်ဝန်း မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့် (Acceptance Letter) များ ပေးအပ်ခဲ့ပြီး (၅-၂-၂၀၁၄) ရက်နေ့တွင် ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်များ ချထားပေးခဲ့ပါသည်။

Ooredoo မြန်မာကုမ္ပဏီက ၎င်း၏ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု 3G စနစ်ကို ၁၅-၈-၂၀၁၄ ရက်နေ့မှစ၍ ဝန်ဆောင်မှုပေးခဲ့ပြီး Telenor မြန်မာကုမ္ပဏီက ၂၇-၉-၂၀၁၄ ရက်နေ့မှစ၍ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု 2G / 3G စနစ်ကို ဖြည့်ဆည်းပေးခဲ့ပါသည်။

ထို့ကြောင့် Ooredoo နှင့် Telenor တို့၏ မြန်မာနိုင်ငံဆက်သွယ်ရေးစျေးကွက်အတွင်း ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ စတင်ပေးလိုက်သည့် အချိန်မှစ၍ ဆက်သွယ်ရေးစျေးကွက်၌ ပြိုင်ဆိုင်မှုရှိလာပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တစ်ဦးတည်း လုပ်ကိုင်ဆောင်ရွက်ခွင့်မှာလည်း ချုပ်ငြိမ်းသွားခဲ့ပြီး ဖြစ်ပါသည်။

ဆက်သွယ်ရေး အော်ပရေတာများမှ တယ်လီဖုန်း တပ်ဆင်ပြီးစီးမှုအခြေအနေကို ဇယား(၁) ၌ ဖော်ပြပါသည်။

ဇယား (၁) - အော်ပရေတာများမှ တယ်လီဖုန်းများ တပ်ဆင်ပြီးစီးမှု အခြေအနေ

စဉ်	ဘဏ္ဍာရေးနှစ်	မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တပ်ဆင်ပြီးစီးမှု			အော်ရိုဂိုး ကုမ္ပဏီမှ တပ်ဆင်ပြီးစီးမှု	တယ်လီနော ကုမ္ပဏီမှ တပ်ဆင်ပြီးစီးမှု (မိုဘိုင်း)	စုစုပေါင်း	တယ်လီဖုန်း သိပ်သည်းဆ
		အော်တို	မိုဘိုင်း	စုစုပေါင်း				
၁	၂၀၁၁-၂၀၁၂	၅၉၆,၀၁၃	၃,၀၀၂,၁၀၀	၃,၅၉၈,၁၁၃	-	-	၃,၅၉၈,၁၁၃	၅.၉၀%
၂	၂၀၁၂-၂၀၁၃	၆၀၃,၄၀၃	၆,၀၉၀,၈၀၀	၆,၇၀၄,၂၀၃	-	-	၆,၇၀၄,၂၀၃	၁၀.၉၉%
၃	၂၀၁၃-၂၀၁၄	၆၁၆,၁၁	၈,၄၀၄,၆၀၀	၉,၀၂၁,၄၁	-	-	၉,၀၂၁,၄၁	၁၄.ဝ၀%
၄	၂၀၁၄-၂၀၁၅	၅,ဝ၆,ဝ	၁ဝ,ဝ,ဝ	၁ဝ,ဝ,ဝ	၂,ဝ,ဝ	၆,ဝ၀၀,၀၀၀	၂၈,၀၉၅,ဝ၃၆	၅ဝ.ဝ%
၅	၂၀၁၅-၂၀၁၅	၅,ဝ,ဝ	၁ဝ,ဝ,ဝ	၁ဝ,ဝ,ဝ	၂,ဝ,ဝ	၆,ဝ၀၀,၀၀၀	၂ဝ,ဝ,ဝ	၅ဝ.ဝ%
၆	၂၀၁၅-၂၀၁၆	၅,ဝ,ဝ	၁ဝ,ဝ,ဝ	၁ဝ,ဝ,ဝ	၂,ဝ,ဝ	၆,ဝ၀၀,၀၀၀	၂ဝ,ဝ,ဝ	၅ဝ.ဝ%
၇	၂၀၁၆-၂၀၁၇	၅,ဝ,ဝ	၁ဝ,ဝ,ဝ	၁ဝ,ဝ,ဝ	၂,ဝ,ဝ	၆,ဝ၀၀,၀၀၀	၂ဝ,ဝ,ဝ	၅ဝ.ဝ%
၈	၂၀၁၇ (မေလအထိ)	၅,ဝ,ဝ	၁ဝ,ဝ,ဝ	၁ဝ,ဝ,ဝ	၂,ဝ,ဝ	၆,ဝ၀၀,၀၀၀	၂ဝ,ဝ,ဝ	၅ဝ.ဝ%

မှတ်ချက်။ တယ်လီဖုန်း အလုံးရေ စာရင်းအား ၂၀၁၅ ခုနှစ် ဧပြီလမှစ၍ Active ဖြစ်သည့် ဖုန်းအလုံးရေ စာရင်းဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။

ထုတ်ပြန်ခဲ့သည့် ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများအရ ထုတ်ပေးပြီးသည့် လိုင်စင် အမျိုးအစားနှင့် ကုမ္ပဏီအရေအတွက်တို့ကို လေ့လာကြည့်ရာ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (အထူး) (Network Facilities Service License - Individual) အတွက် ပြည်တွင်းကုမ္ပဏီ ခုနစ်ခု ၊ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (သာမန်) (Network Facilities Service License - Class) အတွက် ပြည်တွင်းကုမ္ပဏီ ၁၀ ခုနှင့် ပြည်ပကုမ္ပဏီရှစ်ခု၊ အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Application Service License) အတွက် ပြည်တွင်းကုမ္ပဏီခြောက်ခုနှင့် ပြည်ပကုမ္ပဏီတစ်ခု၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Network Service License) အတွက် ပြည်တွင်းကုမ္ပဏီနှစ်ခုသို့ လိုင်စင်များ ထုတ်ပေးထားပြီး ဖြစ်ပါသည်။ လိုင်စင်ထုတ်ပေးထားသည့် အမျိုးအစားနှင့် ကုမ္ပဏီအရေအတွက်ကို ဇယား (၂) ၌ ဖော်ပြပါသည်။

ဇယား (၂) - ထုတ်ပြန်ခဲ့သည့် ဆက်သွယ်ရေး ဥပဒေ၊ နည်းဥပဒေများအရ ထုတ်ပေးထားပြီးဖြစ်သည့် လိုင်စင်အမျိုးအစားနှင့် ကုမ္ပဏီအရေအတွက်

စဉ်	လိုင်စင်အမျိုးအစား	ကုမ္ပဏီအရေအတွက်			မှတ်ချက်
		ပြည်တွင်း	ပြည်ပ	စုစုပေါင်း	
၁။	Nationwide Telecommunication Licence	၁	၂	၃	
၂။	ကွန်ရက် အထောက်အကူပြု ဝန်ဆောင်မှု လုပ်ငန်း လိုင်စင် (အထူး) (Network Facilities Service Licence - Individual)	၇	-	၇	
၃။	ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှု လုပ်ငန်းလိုင်စင်(သာမန်) (Network Facilities Service Licence - Class)	၁၀	၈	၁၈	
၄။	အသုံးချ ဝန်ဆောင်မှု လုပ်ငန်း လိုင်စင် (Application Service Licence)	၆	၁	၇	
၅။	ကွန်ရက် ဝန်ဆောင်မှု လုပ်ငန်း လိုင်စင် (Network Service Licence)	၂	-	၂	
	စုစုပေါင်း	၂၆	၁၁	၃၇	

ဇယား (၃) နှင့် ဂရပ် (၂) တွင် တိုင်းဒေသကြီး /ပြည်နယ်များအလိုက် ၂၀၁၀-၂၀၁၁ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း တယ်လီဖုန်းသိပ်သည်းဆ တိုးတက်လာမှုအခြေအနေကို ဖော်ပြထားပါသည်။ တယ်လီဖုန်းသိပ်သည်းဆသည် လူဦးရေ ၁၀၀ ၌ လူဦးရေမည်မျှက တယ်လီဖုန်း သုံးစွဲနိုင်ကြောင်းကို ဖော်ပြခြင်းဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုကြောင့် မြန်မာပြည်ရှိ ဒေသအသီးသီးတွင် တယ်လီဖုန်းသိပ်သည်းဆများ နှစ်စဉ်တိုးတက်လာခဲ့ပါသည်။

ဇယား (၃) - တိုင်းဒေသကြီး / ပြည်နယ်အလိုက် တယ်လီဖုန်း သိပ်သည်းဆအခြေအနေ (MPT Only)

စဉ်	တိုင်းဒေသကြီး / ပြည်နယ်	၂၀၁၀-၁၁	၂၀၁၁-၁၂	၂၀၁၂-၁၃	၂၀၁၃-၁၄	၂၀၁၄-၁၅
၁	နေပြည်တော်	၁၆.၈၉	၁၉.၅၉	၃၄.၂၇	၅၀.၄၆	၁၂၄.၉၆
၂	ကချင်ပြည်နယ်	၄.၀၄	၅.၃၁	၈.၄၀	၁၁.၂၄	၁၃.၃၅
၃	ကယားပြည်နယ်	၁.၇၁	၄.၄၃	၅.၄၇	၈.၁၁	၂၈.၁၄
၄	ကရင်ပြည်နယ်	၁.၁၈	၂.၇၀	၅.၉၅	၇.၈၁	၂၁.၅၂
၅	ချင်းပြည်နယ်	၁.၈၃	၃.၄၁	၃.၉၀	၆.၅၆	၁၅.၁၃
၆	စစ်ကိုင်းတိုင်းဒေသကြီး	၁.၂၈	၃.၀၇	၅.၂၅	၇.၀၅	၁၅.၃၉
၇	တနင်္သာရီတိုင်းဒေသကြီး	၂.၄၄	၅.၂၄	၇.၉၃	၁၀.၇၀	၂၁.၀၂
၈	ပဲခူးတိုင်းဒေသကြီး(ရ)	၁.၆၈	၄.၇၈	၇.၁၇	၁၂.၁၂	၂၇.၇၁

စာမျက်နှာ ၁၂ သို့

သရက်မြို့ ရေဘေးသင့်ပြည်သူများအတွက် ပစ္စည်းများ လျှုဒါန်း

သရက် သြဂုတ် ၁၆

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများ ထံသို့ တေဇ(၂၂)က ဆန်၊ ဆီ၊ ဆေးဝါးနှင့် အဝတ်အထည်များကို သြဂုတ် ၁၄ ရက်က ပေးပို့လျှုဒါန်းခဲ့ကြောင်း သိရသည်။

ရွှေဟင်္သာကျွန်းမှ အိမ်ထောင်စု ၇၂ စု၊ လက်ပံဆိပ်ကျေးရွာမှ ၁၀၃ စု၊ ညောင်ပသာကျေးရွာမှ ၅၁ စုတို့အတွက် တေဇ(၂၂)က ပစ္စည်းများ ပေးပို့လျှုဒါန်းကြသည်။

သရက်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ စားဝတ်နေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးလုပ်ငန်းများကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ စီမံမှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလယ်ခေတ်ပြည်ထောင်စု ကာကွယ်ရေးတပ်ချုပ်ကြီး ဗိုလ်မှူးကြီး ရန်ဝင်းထွန်းက ရေဘေးသင့်ပြည်သူများ ရုပ်ပျက်ကျခြင်းမှ ကာကွယ်ရန် ကုန်ကျစရိတ်ကို ကိုယ်တိုင်ကိုယ်စီ ကိုယ်ကျခံ ပေးလှူခဲ့ကြောင်း ဖော်ပြပါသည်။

အလားတူပင် ယင်းနေ့က သရက်မြို့ သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် အလျှုရှင်များ စုပေါင်းလျှုဒါန်းပွဲကို စျေးရပ်ကွက်ရှိ မဟာဝိသုတာရာမတိုက် ရွှေဘုံသာဘုန်းတော်ကြီး ကျောင်း၌ ကျင်းပခဲ့ရာ ပင့်သံယာ ၅၈ ပါးအတွက် တစ်ပါးလျှင် ဆန်တစ်အိတ်၊ ဆီတစ်ပိသာ၊ ဝတ္ထုငွေ အပါအဝင် ရေဘေးသင့်ကျောင်းများမှ ဆရာတော် ၁၆ ပါးအတွက် ဆန်တစ်အိတ်စီနှင့် ဆီသုံးပိသာ၊ ဝတ္ထုငွေများ လျှုဒါန်းခဲ့ကြောင်း သိရသည်။

ပေါက်ကလေး(သရက်)

ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် သြဂုတ် ၁၆

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ ခေါက်ရေ သုံးခေါက်ဖြင့် အဝတ်အထည်၊ ဆေး၊ ဆန်အိတ်၊ဖိနပ်၊ သက်နီးအိတ်၊ အဝတ်အစား၊ စားသောက်ကုန်၊ ဘီစကွတ်၊ ခေါက်ဆွဲခြောက်၊ လူသုံးကုန်ပစ္စည်း၊ ဆန်အိတ်ပိုင်းဝက်၊ မိုးကာလိပ်၊ ပိတ်လိပ်များကို ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္ဓီးမြို့တွင် ၃ ဒသမ ၅၈ လက်မ၊ နေပြည်တော်(လယ်ဝေး)မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ပလက်ဝမြို့နှင့် စစ်တွေမြို့တို့တွင် ၂ ဒသမ ၄၈ လက်မစီ၊ ဇောင်းတူမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ဒသမ ၀၅ လက်မ၊ ဖျာပုံမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ရန်ကုန် (ကမ္ဘာအေး)တွင် ၁ ဒသမ ၉၃ လက်မ၊ ဇလွန်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ မြောင်းမြမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ နေပြည်တော်(ပျဉ်းမနားမြို့နှင့် လေဆိပ်)တို့တွင် ၁ ဒသမ ၆၅ လက်မစီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

အလျှုငွေနှင့် ပစ္စည်းများ ကြိုတင်ဆက်သွယ်လျှုဒါန်းနိုင်ရန် မေတ္တာရပ်ခံနှိုးဆော်ထား

နေပြည်တော် သြဂုတ် ၁၆

ရေဘေးသင့်စာသင်ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများ ပြန်လည်ထူထောင်ရေးအတွက် အလျှုငွေနှင့်ပစ္စည်းများ ပေးအပ်လျှုဒါန်းပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ သြဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ လျှုဒါန်းလိုသူများအနေဖြင့် အလျှုငွေနှင့်ပစ္စည်းများစာရင်းကို ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ကြိုတင်ဆက်သွယ်အကြောင်းကြားပေးကြရန် ပညာရေးဝန်ကြီးဌာနက မေတ္တာရပ်ခံနှိုးဆော်ထားသည်-

(က) ဦးဇော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ဖုန်း-၀၉-စ၃၀၆၇၃၃၊ ၀၆၇-၄၀၇၆စ၄၊
(ခ) ဦးအောင်မြင့်၊ ညွှန်ကြားရေးမှူး(ပညာ)၊ ဖုန်း-၀၉-၅၆၆၁၁၄၈၊ ၀၆၇-၄၀၇၆၉၀၊
(ဂ) ဒေါ်ဝင်းဝင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၄၂၀၃၃၁၆၉၊ ၀၆၇-၄၀၇၃၉၂၊
(ဃ) ဒေါက်တာ ဥမ္မာသန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၅၁၇၉၉၅၀၊ ၀၆၇-၄၀၇၆၉၀။

စေတနာရှင် ပြည်သူများအနေဖြင့် လျှုဒါန်းနိုင်သော အဆောက်အအုံ၊ ပရိဘောဂပစ္စည်း၊ စာရေးကိရိယာ အမျိုးအစားနှင့် စျေးနှုန်းများမှာ ဖော်ပြပါအတိုင်းဖြစ်ကြောင်း သိရသည်-

အဆောက်အအုံ

(က)	မူလတန်းကျောင်းဆောင်	ပေ(၆၀× ၃၀)	ခြေတံရှည် (၈ပေ) RC - သိန်း	၄၀၀
(ခ)	မူလတန်းလွန်ကျောင်းဆောင်	ပေ(၉၀ × ၃၀)	ခြေတံရှည် (၈ပေ) RC - သိန်း	၆၀၀
(ဂ)	အလယ်တန်းကျောင်းဆောင်	ပေ(၁၂၀ × ၃၀)	ခြေတံရှည် (၈ပေ) RC - သိန်း	၈၀၀

ပရိဘောဂပစ္စည်း

(ဃ)	အထက်တန်း/အလယ်တန်းဆင့်သုံး ပလတ်စတစ်စာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ	- ၂၆၇၇၅ ကျပ်
(c)	အထက်တန်း/အလယ်တန်းဆင့်သုံး (၄) ယောက်တွဲ သစ်သားစာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ	- ၄၃၀၀၀ ကျပ်
(စ)	မူလတန်းဆင့်သုံး(၄)ယောက်တွဲ သစ်သားစာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ	- ၃၈၇၀၀ ကျပ်
(ဆ)	မူလတန်းဆင့်သုံး ပလတ်စတစ် စာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ	- ၂၃၁၀၀ ကျပ်
(ဇ)	မူလတန်းဆင့်သုံး ပလတ်စတစ်(၂)ယောက်တွဲ စာရေးစားပွဲနှင့်ထိုင်ခုံ(၂)လုံး(၁)စုံ	- ၁၁၅၅၀ ကျပ်

စာရေးကိရိယာ

(စျ)	ဗလာစာအုပ်	(၁)ဒါဇင်	- ၁၅၀၀ ကျပ်
(ည)	ခဲတံ	(၁)ဒါဇင်	- ၈၅၀ ကျပ်
(ဋ)	ဘောပင်	(၁)ဒါဇင်	- ၁၂၀၀ ကျပ်
(ဌ)	ခဲဖျက်	(၁)ဒါဇင်	- ၅၄၀ ကျပ်
(ဍ)	ခွန်စက်	(၁)ဒါဇင်	- ၈၄၀ ကျပ်

(သတင်းစဉ်)

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအနီးရှိ ကျေးရွာများမှ ရေဘေးသင့်အိမ်ထောင်စုများကို ကယ်ဆယ်ရေးပစ္စည်းများလျှုဒါန်း

မုံရွာ သြဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကြေးနီစီမံကိန်းများအနီးရှိ ကျေးရွာများမှ ရေဘေးသင့်အိမ်ထောင်စုများသို့ ကယ်ဆယ်ရေးပစ္စည်းများ လျှုဒါန်းခြင်း အခမ်းအနားကို တောင်ပလူ ကျေးရွာအုပ်စု ကျော်ရွာအနီး လက်ပံတောင်း တောင်ကြားစေတီ သာသနာ့ဗိမာန်တွင် သြဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

ထို့နောက် မြန်မာပြည်တွင်း တရုတ်ကုမ္ပဏီများအသင်း၊ မြန်မာ-ဝမ်ပေါင် မိုင်းနင်းလ်ကုမ္ပဏီနှင့် မြန်မာယမ်စီကော့ပါး ကုမ္ပဏီတို့မှ စုပေါင်းလျှုဒါန်းသည့် ဆန်အိတ် ၁၂၀၀ နှင့် စားသုံးဆီ ပိသာ ၃၀၀ ပုံး ၃၀၀၀ ကို မြန်မာပြည်တွင်း တရုတ်ကုမ္ပဏီများအသင်းဥက္ကဋ္ဌက မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းထံသို့ ပေးအပ်လျှုဒါန်းခဲ့သည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီနှင့် မြန်မာပြည်တွင်း တရုတ်ကုမ္ပဏီများအသင်းမှ အရာရှိ ၁၃ ဦးတို့က ကြေးနီစီမံကိန်းအနီး ကျေးရွာအုပ်စုများရှိ ကျေးရွာများနှင့် ညောင်ပင်ကြီး ရဲစခန်းအတွင်းရှိ အိမ်ထောင်စုများသို့ ဆန်နှင့် ဆီများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပညာရေးမိသားစုက ရေဘေးသင့် စာသင်ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများ ပြန်လည်ထူထောင်ရေးအတွက် အလျှုငွေကျပ် လေးသိန်းကို ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူထံ လာရောက်လျှုဒါန်းစဉ်။ (ပညာရေး)

ရေဘေးသင့်ပြည်သူများကို ဆေးဝါးကုသ၊ စာအုပ်နှင့် ထောက်ပံ့ပစ္စည်းများလျှုဒါန်း

ကျုံပျော် သြဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့များနှင့် အလျှုရှင်များသည် သြဂုတ် ၁၂ ရက်က မအူချောင်းကျေးရွာ ဇမ္ဗူဒီပဘုန်းတော်ကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား ဆေးဝါးကုသခြင်း၊ စာအုပ်စာစောင်နှင့် ထောက်ပံ့ပစ္စည်းများ လျှုဒါန်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းဆေးဦးစီးဌာနမှ ရေဘေးသင့်ပြည်သူ ၈၃ ဦးကို ဆေးဝါးများကုသပေးခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ် စာစောင်များထားရှိလျှုဒါန်းပေးခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ခိုင်းနွားနှင့် ဝက်များထားရှိရာနေရာများသို့ လိုက်လံ၍ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းအပါအဝင် အေးရိပ်စံကုမ္ပဏီမှ အလျှုရှင်များနှင့်ပူးပေါင်း၍ အစားအစာနှင့် လူသုံးကုန်ပစ္စည်းများ လျှုဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နေဝင်းမြင့် (ပြန်/ဆက်)

ရေဘေးသင့်ကျေးရွာများသို့ ထောက်ပံ့လျှုဒါန်း

တပ်ကုန်း သြဂုတ် ၁၆

တပ်ကုန်းမြို့နယ်၌ မေတ္တာရိပ်လူမှုကူညီရေး လူငယ်အဖွဲ့များ ဦးစီးပြီး တပ်ကုန်းမြို့၌ အလျှုခံဌာနဖွင့်လှစ်၍ မြို့နယ်အတွင်းရှိ စေတနာရှင်များ လျှုဒါန်းသောငွေ၊ ပစ္စည်းမျိုးစုံနှင့် နွားစာများကို မကွေးတိုင်းဒေသကြီးအတွင်း ရောဝတီမြစ် တစ်ဖက်ကမ်းရှိ ကျောက်ရဲကျွန်း၊ မာန်ပြေ၊ ဘိုးကျွန်းနှင့် အေးသာယာကျေးရွာ စသည့် ကျေးရွာပေါင်း ၂၀ ကျော်ကို သြဂုတ် ၁၃ ရက်က သွားရောက်လျှုဒါန်းခဲ့သည်။

ထိုလျှုဒါန်းသည့် အသုံးအဆောင်ပစ္စည်းများ၊ နွားစာများ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂၉ သိန်းကို သွားရောက် လျှုဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ **တင်စိုးလွင် (တပ်ကုန်း)**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန နေ့စဉ် မြစ်ရေခန့်မှန်းချက်

၁၆-၈-၂၀၁၅

မြစ်	စခန်းအမည်	စိုးရိမ်ရေမှတ် သုညမျက်နှာပြင်အထက် (စင်တီမီတာ)	(၀၆:၃၀)နာရီရှိ မြစ်ရေမှတ် (စင်တီမီတာ)	(၂၄)နာရီ အတွင်း ရေမျက်နှာပြင် ပြောင်းလဲမှု (စင်တီမီတာ)	နောက်(၂၄)နာရီ ခန့်မှန်းချက် (စင်တီမီတာ)	စိုးရိမ်ရေမှတ်သို့ ရောက်ရှိမှု အခြေအနေ
ဧရာဝတီမြစ်	၁။ မြစ်ကြီးနား	၁၂၀၀	၅၀၁	+၅၀	၅၃၆	
	၂။ ဗန်းမော်	၁၁၅၀	၆၇၀	-၁၁	၇၀၅	
	၃။ ကသာ	၁၀၄၀	၆၉၄	-၂၆	၆၇၉	
	၄။ မန္တလေး	၁၂၆၀	၁၀၃၁	၀	၁၀၂၆	
	၅။ စစ်ကိုင်း	၁၁၅၀	၉၅၃	၀	၉၄၈	
	၆။ ပခုက္ကူ	၂၁၅၀	၁၉၃၃	-၁၂	၁၉၂၀	
	၇။ ညောင်ဦး	၂၁၂၀	၁၉၁၂	-၁၇	၁၈၉၂	
	၈။ ချောက်	၁၄၅၀	၁၂၀၀	-၁၀	၁၁၈၅	
	၉။ မင်းဘူး	၁၇၀၀	၁၃၉၆	+၂	၁၃၉၁	
	၁၀။ မကွေး	၁၇၀၀	၁၃၆၆	၀	၁၃၆၁	
	၁၁။ အောင်လံ	၂၅၅၀	၂၂၃၆	+၄	၂၂၃၁	
	၁၂။ ပြည်	၂၉၀၀	၂၆၂၈	+၅	၂၆၂၅	
	၁၃။ ဆိပ်သာ	၁၂၀၀	၉၈၄	+၅	၉၈၁	
	၁၄။ ဟသ်တ	၁၃၄၂	၁၂၆၅	-၃	၁၂၆၇	
	၁၅။ ဇလွန်	၁၁၆၀	၁၀၈၀	-၄	၁၀၈၀	
ဒဏ္ဍဝတီမြစ်	၁။ သီပေါ	၆၀၀	၂၅၉	+၄	၂၆၄	
	၂။ မြစ်ငယ်	၈၇၀	၃၂၈	၀	၃၂၅	
ချင်းတွင်းမြစ်	၁။ ခန္တီး	၁၃၆၀	၆၇၀	+၆၃	၇၁၅	
	၂။ ဟုမ္မလင်း	၂၉၀၀	၂၅၅၆	+၂၅	၂၅၈၁	
	၃။ မော်လိုက်	၁၂၃၀	၇၇၄	-၆	၇၈၄	
	၄။ ကလေးဝ	၁၅၅၀	၁၀၈၂	-၁၂	၁၀၆၇	
	၅။ မုံရွာ	၁၀၀၀	၇၁၆	-၄၀	၇၀၆	
စစ်တောင်းမြစ်	၁။ တောင်ငူ	၆၀၀	၃၂၀	+၂၂	၃၄၅	
	၂။ မဒေါက်	၁၀၇၀	၉၉၀	+၁၄	၉၉၈	
ရွှေကျင်မြစ်	၁။ ရွှေကျင်	၇၀၀	၅၃၀	-၁၅	၅၄၀	
ပဲခူးမြစ်	၁။ ဇောင်းတူ	၉၀၀	၅၁၇	+၈၀	၄၉၇	
	၂။ ပဲခူး	၉၁၀	၈၃၄	+၄၆	၈၄၉	
သံလွင်မြစ်	၁။ ဘားအံ	၇၅၀	၆၉၈	+၂၀	၇၂၃	
ဝေန်မြစ်	၁။ငါးသိုင်းချောင်း	၁၁၃၀	၁၁၆၂*	-၁၀	၁၁၅၂*	နောက်(၂)ရက်အတွင်း ကျဆင်းနိုင်ပါသည်။
	၂။ ပုသိမ်	၃၅၀	၃၅၅	-၅	၃၅၀	

မှတ်ချက်။ " * " စိုးရိမ်ရေမှတ်နှင့်အထက် ရောက်ရှိနေသော စခန်းများ။

မိုးကြီးနိုင်သည့်ဒေသများ

နေပြည်တော် သြဂုတ် ၁၆

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သြဂုတ် ၁၇ ရက်တွင် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်မိုးထစ်ချန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် သြဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် သြဂုတ် ၁၆ ရက်

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	သီးနှံစုစုပေါင်း(ဧက)				
		ရေမြုပ်	ရေပြန်ပေါ်	ထိခိုက်	ပျက်စီး	ပြန်စိုက်
၁။	နေပြည်တော်	၂၃	၂၃	-	-	-
၂။	ကချင်ပြည်နယ်	၃၂၁၂၃	၂၃၅၉၉	၁၅၆၆၃	၁၂၃၉၁	၄၃၄၂
၃။	ကယားပြည်နယ်	၁၄၆	၁၄၆	၁၀၄	၆၇	-
၄။	ကရင်ပြည်နယ်	၁၁၆၂	၁၁၆၂	၆၁၆	၇၄	၆၇
၅။	ချင်းပြည်နယ်	၅၀၃၁	၅၀၃၁	၅၀၃၁	၂၉၀၉	-
၆။	စစ်ကိုင်းတိုင်းဒေသကြီး	၁၈၇၈၅၆	၁၇၇၁၆၆	၁၄၂၁၃၁	၁၁၁၄၄၀	၁၉၉၀၁
၇။	ပဲခူးတိုင်းဒေသကြီး	၃၇၅၉၂၅	၃၇၅၉၂၅	၂၂၉၅၄	၁၅၂၄၀၅	၃၈၇
၈။	မကွေးတိုင်းဒေသကြီး	၉၆၈၄၆	၉၁၀၇၉	၉၆၈၄၆	၆၅၈၅၈	၃၈၈၀
၉။	မန္တလေးတိုင်းဒေသကြီး	၃၅၀၃	၃၅၀၃	၂၆၂	၂၈	၅
၁၀။	မွန်ပြည်နယ်	၁၃၀၁၀	၁၃၀၁၀	၂၂၉၄	-	-
၁၁။	ရခိုင်ပြည်နယ်	၂၉၁၂၁၉	၂၉၁၂၁၉	၂၇၃၁၅၄	၂၁၇၂၄၆	၁၄၂၃၈၇
၁၂။	ရန်ကုန်တိုင်းဒေသကြီး	၁၀၃၇၈၉	၅၂၂၁၈	၆၃၅၂၅	၇၂၈၉	၁၃၀
၁၃။	ရှမ်းပြည်နယ်	၁၃၀၈၂	၁၂၈၂၅	၃၄၈၁	၂၂၈၉	၂၀၅
၁၄။	ဧရာဝတီတိုင်းဒေသကြီး	၃၀၆၀၁၅	၁၀၄၀၂၇	၉၅၀၉၃	၆၈၆၈၇	၄၀၇၃
	စုစုပေါင်း	**၁၄၂၉၇၃၄**	**၁၁၅၄၉၃၃**	**၉၂၇၇၁**	**၆၄၁၀၈၃**	**၁၇၅၇၇**

ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ၏ မိသားစုကိုထောက်ပံ့ကြေးပေးအပ်

ကလေး သြဂုတ် ၁၆

ကလေးမြို့ရေကြီးရေလျှံမှုကြောင့် ချမ်းမြေ့အောင်စည်ရပ်ကွက်မှ ဦးခင်မောင်ထွန်း အသက်(၃၇)နှစ်သည် ကလေးဒေသရေဘေးသင့်စဉ် ရေနစ်သေဆုံးမှုအတွက် မိသားစုဝင်အား ထောက်ပံ့ကြေးပေးအပ်ခြင်းကို ကလေးတပ်နယ်ခန်းမရှိ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသရေဘေးပြန်လည်ထူထောင်ရေးကွပ်ကဲမှုရုံး၌ သြဂုတ် ၁၄ ရက်က ပြုလုပ်သည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် ကလေးဒေသရေဘေးသင့်စဉ် ရေနစ်သေဆုံးသွားသောမိသားစုဝင်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ငွေကျပ်တစ်သိန်းကို တိုင်းဒေသကြီးဝိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဦးစောမြင့်ဦးကမိသားစုဝင်ဖြစ်သည့် ဦးမျိုးလှိုင်ကို ထောက်ပံ့ကြေးပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဂျနိုင်း

ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် သြဂုတ် ၁၆

မြန်မာနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ည နေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၀ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

စဉ်	ဆည်အမည်	ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ)	ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ)
၁။	မုန်းချောင်းရေလှောင်တမံ	၆၇၄၄၀၇	၄. ၇၀'
၂။	ကြီးအုံကြီး၀ရေလှောင်တမံ	၃၁၉၇၀၀	၄. ၉၀'
၃။	ပေါင်းလောင်းရေလှောင်တမံ	၅၄၉၄၂၀	၂. ၂၃'
၄။	ရေဘုတ်ရေလှောင်တမံ	၂၈၄၇၄	၂. ၀၅'
၅။	လိုင်ဗားရေလှောင်တမံ	၁၉၅၄	၀. ၈၀'
၆။	ကင်းတပ်ရေထိန်းတမံ	၃၈၂၉၅	၅. ၈၀'
၇။	ပေကြီးရေလှောင်တမံ	၈၁၀၀	၀. ၃၀'
၈။	လင်ပန်းရေလှောင်တမံ	၁၀၁၈၀	၁. ၄၀'
၉။	ကိုးပင်ကန်	၉၇၆၄	၁. ၄၀'
၁၀။	ရာဇပြိုဟ်ရေလှောင်တမံ	၅၂၀၀၀	၁. ၇၀'
၁၁။	မင်းမြင်ရေလှောင်တမံ	၁၉၀၁၀	၀. ၆၀'
၁၂။	သိန်ရင်ရေလှောင်တမံ	၂၅၂၆၀	၂. ၁၀'
၁၃။	ကျေးပင်အက်ရေလှောင်တမံ	၄၄၀၀၀	၁. ၁၀'
၁၄။	မြောက်ယမားရေလှောင်တမံ	၁၄၀၅၇	၂. ၆၀'

စဉ်	ဆည်အမည်	ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ)	ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ)
၁၅။	မြောက်ယမားရေကူ ရေလှောင်တမံ	၁၂၂၉၀၀	၂. ၃၀'
၁၆။	ဆွာချောင်းရေလှောင်တမံ	၂၁၆၃၅၀	၁. ၈၀'
၁၇။	ပသိရေလှောင်တမံ	၃၀၅၀၀	၁. ၇၀'
၁၈။	မင်းရဲချောင်းရေလှောင်တမံ	၂၃၅၀	၀. ၄၀'
၁၉။	ငမြွေရေလှောင်တမံ	၂၃၈၀	၀. ၃၀'
၂၀။	ဘောနီရေလှောင်တမံ	၃၅၂၀၀	၁. ၂၀'
၂၁။	ပျဉ်ပုံကြီးရေလှောင်တမံ	၁၁၁၃၀	၁. ၆၅'
၂၂။	မဇင်းရေလှောင်တမံ	၂၆၁၈၆	၁. ၁၀'
၂၃။	ဇလက်ထော်ရေလှောင်တမံ	၁၈၉၁၂	၁. ၀၀'
၂၄။	ရွှေပြည်(၃)ရေလှောင်တမံ	၃၇၀၀	၀. ၁၀'
၂၅။	တောင်နဝင်းရေထိန်းတမံ	၂၁၁၉၆	၁. ၆၄'
၂၆။	စဉ်ကူးချောင်းဂေါင်းရေလှောင်တမံ	၂၂၂၉	၀. ၃၀'
၂၇။	ညောင်ကိုင်းရေလှောင်တမံ	၁၇၅၉၄	၀. ၈၀'

စဉ်	ဆည်အမည်	ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ)	ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ)
၂၈။	သဲကောရေလှောင်တမံ	၅၂၅၀၀	၀. ၈၅'
၂၉။	တောင်ညိုရေလှောင်တမံ	၂၁၀၀၀၀	၁. ၆၀'
၃၀။	စလင်းရေလှောင်တမံ	၁၃၃၀၀၀	၁. ၁၀'
၃၁။	မန်းရေလှောင်တမံ	၁၂၀၀၀၀	၀. ၆၀'
၃၂။	မာလဲနတ်တောင်ရေလှောင်တမံ	၅၀၉၇၀	၂. ၃၀'
၃၃။	ဆင်လမ်းရေလှောင်တမံ	၆၈၄၆	၀. ၂၀'
၃၄။	ရှောက်ချောင်းရေလှောင်တမံ	၁၁၄၀	၀. ၃၀'
၃၅။	ငပိုးရိပ်ရေလှောင်တမံ	၁၈၀၀၀၀	၁. ၂၀'
၃၆။	ဘန့်ဘွေးကုန်းရေလှောင်တမံ	၁၇၃၅	၀. ၇၀'
၃၇။	ဇာမဏီအင်းရေလှောင်တမံ	၅၃၆၄	၀. ၅၀'
၃၈။	ကွန်ချောင်းရေလှောင်တမံ	၉၈၄၀၀	၀. ၁၅'
၃၉။	နန်ကသူရေလှောင်တမံ	၄၀၄၈၇	၀. ၁၀'
၄၀။	ကညင်ရေလှောင်တမံ	၁၄၅၀၀၀	၀. ၇၀'

(သတင်းစဉ်)

၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် သြဂုတ်လ ၁၆ ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

နေပြည်တော် သြဂုတ် ၁၆

မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ သြဂုတ် ၁၆ ရက်အထိ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၃၅၆၄၇၇ စုမှ လူဦးရေ ၁၅၆၁၂၂ ဦး ရေဘေးသင့်ခဲ့ပြီး ၁၁၇ သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၉၃စ၅၇၆၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၁၅၀စ၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုး ငွေ ၃၂၂၂၇၃၃၇ ကျပ်နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၉၃၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေ ၅၉၁၅၂၂၂၅ ကျပ်ကို ပေးပို့ထောက်ပံ့ခဲ့သည်။

(သတင်းစဉ်)

စဉ်	ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ်	ဘေးသင့်အိမ်ထောင်စု		ဘေးသင့် လူဦးရေ	သေဆုံး	ထောက်ပံ့မှု(ကျပ်)						မှတ်ချက်
		မျောပါ/ ပျက်စီး	ဖြောင်းရွှေ့			ဆန်ရိက္ခာ	အရေးပေါ် အစားအစာ	အိမ်ဆောက် ပစ္စည်း	ကဆရ ပစ္စည်း	သေဆုံး	စုစုပေါင်း	
ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ												
၁	ရခိုင်ပြည်နယ်	၃စ၉	၁စ၆၇	၁၃၅၄	၆	၂စ၃၅၀၀၀	၂စ၃၅စ၄၀	၄၀၃၀၀၀၀၀	၁၃၆၆၉၆၁၄	၆၀၀၀၀၀	၆၀၂၄၀၄၅၅	
၂	တနင်္သာရီ	-	၅၆	၂၆၄	-	၁၇၄၆၀၀	-	-	၄၅၅၂၈၀	-	၆၂၉စ၈၀	
၃	ကရင်	-	၇၂	၃စ၉	-	-	၉၅၆၉၄၀	-	-	-	၉၅၆၉၄၀	
၄	ဧရာဝတီ	၄	၁၄၉	၇၁၆	၁	၅၃၃၅၀	-	-	၁၂၉၉၆၃၄	၁၀၀၀၀၀	၁၉၃၃၃စ၄	
၅	ပဲခူး	၁၂	၂	-	-	-	-	-	၂စ၁၀၅၂	-	၂စ၁၀၅၂	
	စုစုပေါင်း	**၄၀၅**	**၂၁၄၆**	**၁၄၉၁၁**	**၇**	**၃၅၄၃၃၀**	**၃၇၉၂၅စ၀**	**၄၀၃၀၀၀၀၀**	**၁၅၃၀၅၅စ၀**	**၇၀၀၀၀၀**	**၆၄၀၄၄၅၃၀**	
ဇူလိုင်လ ၁၆ ရက်နေ့မှ သြဂုတ်လ ၁၆ ရက်နေ့အထိ												
၁	စစ်ကိုင်းတိုင်းဒေသကြီး	၁၅၆၁	၆၅၆စ၃	၃၅၄၀၉၂	၁၉	၃၉စ၇၃၁၅	-	၁၇၅၀၀၀	၅၅၂၄၄၀၆၀	၁၃၀၀၀၀	၉စ၁၉၇၂၁၀	
၂	ကချင်ပြည်နယ်	၅၀	၁၁၄၅	၆၂၁၉	၁	၁၂၉၅၀၃၀၀	-	၂၅၀၀၀၀	၂၉၁၀၅၄၀	၁၀၀၀၀	၁စ၄၆၀စ၄၀	
၃	ရှမ်းပြည်နယ်	၁၀၃	၁၄၆၂	၇၅၀၆	၉	စ၉၁၀၀	-	၁၀၀၀၀၀	၅၀၉၉၇၂၂	၅၀၀၀၀	၆၆စစ၈၂၂	
၄	မန္တလေးတိုင်းဒေသကြီး	၁စစ	၃၆၆စ	၁၅၆၁၂	၁၂	၉၄၃၆၅၀၀	-	၄၉၀၀၀၀၀	၃၀၅၂၅၆၁၀	၁၁၀၀၀၀	၄၅၉၆၂၁၁၀	
၅	ချင်းပြည်နယ်	၂၃၇၆	၂စစ၇	၁၄၂၉၇	၅	-	-	-	၄စ၅၄၆စ	၁၀၀၀၀	၅စ၅၄၆စ	
၆	ရခိုင်ပြည်နယ်	၁၀၄စ၅	၁၆၇၂စ	၉စ၀၂၆	၅၆	-	-	-	၇၀၄၀၃၆၉၄	၅၅၀၀၀၀	၇၅၉၀၃၆၉၄	
၇	ကရင်ပြည်နယ်	-	၁၃၉၉	၇၃၂၅	-	၆၅၂၄၄၀၀	၇၂၉၃၄၅	-	-	-	၁၃စ၁၇စ၅၀	
၈	မွန်ပြည်နယ်	-	၁၅၁၅	၆၆၃၂	-	-	၄၁၅စ၀၀၀	-	၂၃၄၉၅၇၀	-	၆၅၀၇၅၇၀	
၉	ပဲခူးတိုင်းဒေသကြီး	၁၃၀	၄၄၉၅၆	၁၇၇၁၉၇	၂	-	-	-	၃၀၄၁၃၃၂၀	-	၃၀၄၁၃၃၂၀	
၁၀	မကွေးတိုင်းဒေသကြီး	၄၆၄	၆၃၂၂၁	၃၀စ၀၄၆	၂	၅၇၆၀၀၀၀	-	၁၀၀၀၀၀၀၀၀	၅၇၃၅၂၆၅၀	-	၁၆၃၁၁၂၆၅၀	
၁၁	ဧရာဝတီတိုင်းဒေသကြီး	၃၄၆	၁၁စ၉၀၉	၄စ၀၉၆၉	၃	၁၅၆၆၀၂၀၀	-	၄၀၀၀၀၀	၄၁၂၀၁၄၂၀	-	၅၇၂၆၁၆၂၀	
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၇	၁၆၆၂၃	၆၅၂၉၃	၁	၁၆၆၅၀	-	-	၁၀၅၅၂၇၄၀	-	၁၀၅၆၉၃၉၀	
	စုစုပေါင်း	**၁၅၇၃၀**	**၃၃စ၁၉၆**	**၁၅၄၁၂၃၄**	**၁၁၀**	**၉၀၃၁၀၃၀**	**၁၁၄၅၅၁၄**	**၁၁၀၅၅၀၀၀**	**၃၀၆၅၆၇၇၉**	**ဝ၆၀၀၀**	**၅ဝ,ဝ,ဝ,ဝ,ဝ**	
	ဇွန်၊ ဇူလိုင်၊ သြဂုတ်လ စုစုပေါင်း	**၁၆၁၃၅**	**၃၄၀၃၄**	**၁၅၅၆၁၂**	**၁၁၇**	**ဇ၃စ၅ဝ,ဝ၆၅**	**၁၅,ဝ,ဝ,ဝ,ဝ**	**၁၅ဝ,ဝ,ဝ,ဝ**	**၃,ဝ,ဝ,ဝ,ဝ,ဝ**	**ဇ,ဝ,ဝ,ဝ,ဝ**	**ဝ,ဝ,ဝ,ဝ,ဝ,ဝ**	

ငါးသိုင်းချောင်းမြို့နယ်၌ ရေကျသော်လည်း စိုးရိမ်ရေမှတ် ကျော်လွန်လျက်ရှိနေသေး

နေပြည်တော် သြဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်းမြို့နယ်၏ ဝန်မြစ်စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ သြဂုတ် ၈ ရက်မှစ၍ နေ့စဉ်လျော့နည်းကျဆင်းလျက်ရှိသော်လည်း သတ်မှတ်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။ **(သတင်းစဉ်)**



ရေကြီးနစ်မြုပ်သည့်ကျေးရွာများသို့ နွားစာနှ ခြောက်တန်ပေးအပ်

မိုးညို သြဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်း ရေကြီးနစ်မြုပ်သည့် ကျေးရွာအုပ်စု ၃၁ စုကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက နွားစာနုခြောက်တန်ကို ပေးအပ်ရာ သြဂုတ် ၁၆ ရက် နံနက် ၉ နာရီခွဲက ပေးအပ်သည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန (ရုံးချုပ်)က ပေးအပ်ရာ၌ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွန်နှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာ ဦးစီးအရာရှိ ဦးကျော်လင်းနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဦးကျော်ဆွေတို့က နွားစာနုများကို အုပ်စုအုပ်ချုပ်ရေးမှူးများနှင့် နွားမွေးမြူသူများသို့ ဆက်လက်ပေးအပ်ကြောင်း သိရသည်။ **ခင်လတ်(မိုးညို)**

ကလေးမြို့၌ အခြေခံပညာကျောင်းများနှင့် မြို့တွင်းလမ်းများ ရှင်းလင်းဆောင်ရွက်

ကလေး သြဂုတ် ၁၆

ကလေးမြို့ အ. ထ. က (၁) ကျောင်းဝင်းအတွင်း ရွှံ့နွံများဖယ်ရှားခြင်းနှင့် ရေဆေးခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကို သြဂုတ် ၁၆ ရက်က မြေတူးစက် တစ်စီး၊ ရေကား လေးစီး၊ လူအင်အား ၃၀ တို့ဖြင့် လည်းကောင်း၊ အ. လ. က (ခွဲ) (၁၁)နှင့် အ. မ. က (မူလွန်)(၁၅) ကျောင်းဝင်းများအတွင်း ရွှံ့နွံများဖယ်ရှင်းခြင်းနှင့် ချောင်းကျောက်ခင်းခြင်းလုပ်ငန်းများကို မြေတူးစက် တစ်စီး၊ မြေတူးစက်အသေး တစ်စီး၊ မြေသယ်ယာဉ် နှစ်စီး၊ တစ်ပါ လေးစီးတို့ဖြင့်လည်းကောင်း ရှင်းလင်းဆောင်ရွက်သည်။

ထို့အပြင် မြို့တွင်းလမ်းများပေါ်တွင် အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများကို မြေတင်စက် နှစ်စီး၊ မြေသယ်ယာဉ် သုံးစီး၊ လူအင်အား ၁၀ ဦး တို့ဖြင့်လည်းကောင်း၊ မြို့သာနယ်မြေ (၁) လမ်းသွယ် (၁၊ ၂ ၊ ၃) လမ်းများ၏ လမ်းဘေးရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို မြေတူးစက်အသေး တစ်စီးဖြင့်လည်းကောင်း၊ ဇင်းကလင်း-ရေလဲဦး- ပေါက်ခုံကျေးရွာလမ်း ပြုပြင်ဖောက်လုပ်ခြင်းလုပ်ငန်းကို မြေတူးစက်တစ်စီးဖြင့်လည်းကောင်း၊ ခုံသာယာဝီရေလွှဲဆည်၏ ရေပေးမြောင်းနှင့် သစ်စိမ့်ပင် ယာဝီရေလွှဲဆည်၏ ရေပေးမြောင်းများ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို မြေတူးစက် နှစ်စီးဖြင့်လည်းကောင်း၊ ကလေး-ကလေးဝလမ်း လမ်းဘေးရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းကို မြေတူးစက် တစ်စီးဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးလမ်း(မင်္ဂလာဥယျာဉ်လမ်း) ရေနုတ်မြောင်းအား သန့်ရှင်းရေးပြုလုပ်ခြင်းကို လူအင်အား ၃၀ တို့ဖြင့်လည်းကောင်း ဆောင်ရွက်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကလေး-ကလေးဝလမ်း ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

နေပြည်တော် သြဂုတ် ၁၆

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၌ နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည် ဖြစ်ကြောင်း သြဂုတ် ၁၇ ရက်အတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

နမ့်ပေါ့ချောင်းကူး ယာယီတံတား သတ်မှတ်တန်ချိန်ထက်ပို၍ ယာဉ်ကြီးများ ဖြတ်သန်းနေ

သီပေါ သြဂုတ် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နမ့်ပေါ့ချောင်းကျိုးကျပျက်စီးသွားသဖြင့် တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစေမှုအတွက် ပေ ၁၈၀ အရှည်ရှိနှစ်လွှာတစ်ထပ်ယာယီ ဘေလီတံတားကို သက်ဆိုင်ရာက တည်ဆောက်ခဲ့ပြီး တန်ချိန် ၂၀ သာခွင့်ပြုခဲ့သည်။

သို့သော်လည်း သြဂုတ် ၁၁ ရက်က ကုန်တင်မော်တော်ယာဉ်ကြီး အချို့သည်တန် ၂၀ ထက်ပိုသော ဂေါဒန်ကျောက်များ၊ အထွေထွေကုန်များကိုတင်ဆောင်ဖြတ်သန်းနေကြသည်။ သက်ဆိုင်ရာက သတ်မှတ်ထားသော တန်ချိန်အတိုင်းသာ ဖြတ်သန်းသင့်ကြောင်း၊ ယခုဘေလီတံတားမှာ ခေတ်မီသံကူကွန်ကရစ်တံတားကြီး မဆောက်မီကာလအတွင်း ယာယီဖြတ်သန်းသွားလာနိုင်အောင် စီမံဆောင်ရွက်ပေးထားခြင်းဖြစ်၍ ယခုဘေလီတံတား ထပ်မံပျက်စီးပါက နမ့်ဆန်၊ နမ္မတူ၊ မန်တုံမြို့နယ်များအပါအဝင် သီပေါတောင်နှင့် မြောက်ခြမ်းများပါ ဆက်သွယ်သွားလာမှုပြတ်တောက်သွားမည်ဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် တန်ပိုယာဉ်များဖြတ်သန်းမှုကို တိကျစွာ တားဆီးစေလိုကြောင်း မြို့လယ်ရပ်ကွက်မှ မြို့မိမြို့ဖတစ်ဦးက ပြောသည်။

အဆိုပါဘေလီတံတား ဖြတ်သန်းခွင့်ပြုချက်မှာ တန် ၂၀ သာဖြစ်ကြောင်း ဆောက်လုပ်ရေးဌာနက တံတားထိပ်၌ ဆိုင်းဘုတ်များတပ်ဆင်ထားသည်ကို တွေ့ရသည်။

စိုင်း(သီပေါ)

ရေဝင်ရောက်သည့် နေရာများသို့ ကူးစက်ရောဂါကာကွယ်ဆေးပက်ဖျန်း

အောင်လံ သြဂုတ် ၁၆

အောင်လံမြို့အတွင်း မြစ်ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်အတွင်းရှိ ရေနစ်မြုပ်ခဲ့သည့်အိမ်များနှင့် စာသင်ကျောင်းများသို့ သြဂုတ် ၁၅ ရက်က မြို့နယ်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကြီးကြပ်မှုဖြင့် ရန်ကုန်မြို့ ရွှေပုစွန်မုန့်တိုက်မှ ဦးတင်စိုးလင်းနှင့် ညီအစ်ကိုမောင်နှမများက လျှုဒါန်းသည့် တစ်လုံးလျှင် ငွေကျပ် ၆၅၀၀၀ တန်ဖိုးရှိ ခြင်ဆေးဖျန်းစက် နှစ်လုံးဖြင့် အောင်လံမြို့နယ် ကန်ကြီးအရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးက ကူးစက်ရောဂါကာကွယ်ဆေးများ လိုက်လံပက်ဖျန်းလျက်ရှိကြောင်း သိရသည်။

မိုးကိုကို(အောင်လံ)

ရေတိုက်စားမှုကြောင့် ပျက်စီးနေသောလမ်းပိုင်းပြုပြင်ပေးရေး ဒေသခံများလိုလား

မိုးညှိ သြဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညှိမြို့နယ်၌ နတ်တလင်းမြို့နယ်နှင့်အစပ် မယင်းငယ်ရွာနှင့်ရေအိုးစဉ်ကုန်းရွာအကြား နတ်တလင်း-တာပွန်- မိုးညှိမြို့နယ်သို့သွားသော လမ်းပိုင်းသည် ရေတိုက်စားမှုဒဏ်ကြောင့် ပျက်စီးခဲ့ရာ သြဂုတ် ၁၆ ရက်အထိ သက်ဆိုင်ရာက ပြန်လည်ပြင်ဆင်ပေးခြင်းမရှိကြောင်း သိရသည်။

မယင်းငယ်ရွာနေဒေသခံတစ်ဦးက "နတ်တလင်း-တာပွန်မှ မိုးညှိမြို့နယ်မှာရှိတဲ့ မယင်းငယ်ရွာအထိ ကားလမ်းကောင်းမွန်နေပြီဖြစ်ပြီး ရေဘေးလျှုဒါန်းဖို့အတွက် သွားလာရန် လမ်းပျက်စီးနေလို့ အခက်အခဲရှိနေပါတယ်။ ဒေသခံပြည်သူတွေကလည်း အရေးပေါ်ကျန်းမာရေးအတွက် စိုးရိမ်နေရပါတယ်။ ဒါကြောင့် ဒီလမ်းပျက်စီးနေတာ အမြန်ဆုံး ဆောင်ရွက်ပေးရင် ရေဘေးသင့်ပြည်သူတွေကို လာရောက်လျှုဒါန်းကြတဲ့ အလျှုရှင်တွေလည်း စိတ်ချမ်းသာပြီး လိုရာခရီးကို အချိန်တိုအတွင်းရောက်နိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

တင်မြင့်(နတ်တလင်း)

တရုတ်နိုင်ငံမှ လျှုဒါန်းသော အသက်ကယ်စက်လှေများ လွှဲပြောင်းလက်ခံ

ရန်ကုန် သြဂုတ် ၁၆

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ဒေသများ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် အသက်ကယ်စက်လှေအစီး ၁၀၀ ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က ယမန်နေ့ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က လက်ခံသည်။

အဆိုပါ အသက်ကယ်စက်လှေအစီး ၁၀၀ ကို မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ဒေသများသို့ အမြန်ဆုံးဖြန့်ခွဲပေးပို့အသုံးပြုနိုင်ရေး မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ဦးဆောင်မှုဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စက်လှေများသည် တရုတ်နိုင်ငံထုတ် ဓာတ်ဆီအင်ဂျင်အမျိုးအစားဖြစ်ပြီး ယမန်နေ့ညပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းဖြင့် ရောက်ရှိလာသည်။ အသက်ကယ်လှေတစ်စီးလျှင် လူ ၁၀ ဦး ခန့် စီးနင်းလိုက်ပါနိုင်ကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၌ အသုံးပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ကျချောင်းရေတိုက်စားမှုကြောင့် လူနေအိမ် ၇၃ လုံး ရေထဲမျောပါ

စဉ်ကူး သြဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး စဉ်ကူးမြို့နယ် နတ်တောင်ကျေးရွာအုပ်စု ဝါးပိုးကျေးရွာနှင့် ပါပေါကျေးရွာတို့၌ သြဂုတ် ၁၄ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေးပေမှ ခြောက်ပေအမြင့်ရှိ တောင်ကျရေ တစ်ရှိန်ထိုးစီးဆင်းမှုကြောင့် ချောင်းရိုး တစ်လျှောက်ရှိ လူနေအိမ်များ မျောပါပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်ကျရေကြောင့် နတ်တောင်ကျေးရွာအုပ်စုရှိ ဝါးပိုးကျေးရွာတွင် လူနေအိမ် ၅၆ လုံးနှင့် ပါပေါကျေးရွာတွင် လူနေအိမ် ၁၇ လုံးရေစီးတွင်မျောပါခဲ့ပြီး လူနေအိမ် ၁၄ လုံး ပြိုကျပျက်စီးမှုများဖြစ်ပွားခဲ့သည်။ အဆိုပါကျေးရွာသည် မြို့နှင့် အလှမ်းကွာဝေးပြီး ဆက်သွယ်သွားလာမှုမလွယ်ကူခြင်း၊ ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီများမှ ဖောက်လုပ်ထားသော ယာယီလမ်းမှ သွားလာရခြင်းနှင့် တောင်ကျရေများနေခြင်းတို့ကြောင့် ချက်ချင်းကူညီ စောင့်ရှောက်နိုင်မှု အခက်အခဲများရှိနေခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းနှင့်အဖွဲ့သည် သြဂုတ် ၁၅ ရက်က အဆိုပါကျေးရွာများသို့ သွားရောက်ပြီး ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ တောင်ကျရေတိုက်စားမှုကြောင့် ရေဘေးသင့်အိမ်ထောင်စုများအား ကူညီစောင့်ရှောက်ခြင်း၊ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားခြင်းနှင့် အခြားလိုအပ်သည့် ကူညီထောက်ပံ့မှုများနှင့် စားသောက်နိုင်ရေးတို့အတွက် ထိုဒေသရှိ သတ္တုတူးဖော်ရေး ကုမ္ပဏီများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိသည်။

"ကျွန်တော် ဒီရွာမှာ နေလာတာ အနှစ် ၃၀ ကျော်ရှိပါပြီ၊ ဒီလိုအဖြစ်မျိုးနဲ့ ကြုံတာ ဒါနဲ့ဆိုရင် လေးကြိမ်ရှိပါပြီ။ ၁၉၇၇ ခုနှစ်ကဆိုရင် ဒီ့ထက်ပိုဆိုးတယ်၊ မြေတွေပြို တောင်တွေပြိုဖြစ်ခဲ့ပြီး လူအသေအပျောက်များခဲ့တယ်။ အဲဒီတုန်းက ဒီလောက် လူနေထိုင်မှုမများသေးဘူး။ ၂၀၀၂ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၁၀ ပြည့်နှစ်မှာ တစ်ကြိမ်၊ အခုနှစ်ရောဆိုရင် လေးကြိမ်ရှိပါပြီ။ အခုတစ်ကြိမ်ဖြစ်တာက ညပိုင်းမှာမဟုတ်ဘဲ နေ့ပိုင်းမှာ ဖြစ်တော့ တစ်ရွာလုံးကံကောင်းပါတယ်။ ရေကတစ်ရှိန်ထိုး ရုတ်တရက် ကျလာတာမျိုးဆိုတော့ ညပိုင်းမှာဆိုရင် အသေအပျောက်တွေများနိုင်တယ်"ဟု အဆိုပါကျေးရွာသားတစ်ဦးက ပြောပြသည်။

ဝင်းမောင်

မတ္တရာမြို့နယ်အတွင်း တံငါချောင်းမကြီးမှ ရေများမြင့်တက်မှုဖြစ်ပွား

မတ္တရာ သြဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်း တောင်ကျရေကြောင့် ဆည်တော်ကြီးရေလှောင်တမံ ရေပိုလွှမ့် ရေကျော်လျက်ရှိရာ သြဂုတ် ၁၅ ရက် နံနက် ၆ နာရီမှ စ၍ မတ္တရာမြို့နယ်အတွင်းရှိ တံငါချောင်းမကြီး၏ သတ်မှတ်ရေအမှတ် ၂၁ ပေသို့ ရေအပြည့်ဝင်ရောက်သဖြင့် ချောင်းမကြီးဘေးရှိ ကျေးရွာများသို့ ရေအနည်းငယ် ဝင်ရောက်လျက်ရှိသည်။

အဆိုပါချောင်းရေလျှံမှုကြောင့် သြဂုတ် ၁၅ ရက် နံနက် ၇ နာရီက အနီးအနားရှိ ကျေးရွာများ၊ မန္တလေး-မိုးကုတ် ကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် (၂၅/၄)နှင့် (၂၅/၅) ကြားတွင် ကားလမ်းမပေ ၄၀၀ ခန့်တွင် တစ်ပေခန့် ရေကျော်လျက်ရှိကြောင်း၊ အုတ်တိုက်၊ အထက်တောင်ကိုင်း၊ သပြေသာ၊ သပြေချောင်း၊ အင်းတံခါး၊ ဝေါစု၊ ချောင်းကြီးရိုး၊ ကျွဲတပ်၊ ပုဂံစုနှင့် ကျောက်စရစ်(မ) စသည့်ကျေးရွာများတွင် တစ်ပေမှ သုံးပေခန့်အထိ ရေများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေဝင်ရောက်သည့်ကျေးရွာများ၌ ရေဝင်ရောက်သည့်နေရာများကို သဲအိတ်များဖြင့် ပေါင်ဖို့ပြီး ရေကင်းများချထား စောင့်ကြည့်လျက်ရှိကြောင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရန် လျှုဒါန်း

ရန်ကုန် သြဂုတ် ၁၆

နိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရေးနှင့် ပြန်လည် ထူထောင်ရေးအတွက် ရန်ကုန်မေမန်ဂျမာအသင် ရေဘေးကူညီထောက်ပံ့ရေးအသင်းက ရောဝတီတိုင်းဒေသကြီး ညောင်တုန်း၊ ပန်းတနော်၊ မြစ်ဝမြို့နယ်များအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် သိန်း ၁၀၀ ကျော်တန်ဖိုးရှိ အသုံးအဆောင်နှင့် ထောက်ပံ့ပစ္စည်းများကို သြဂုတ် ၁၅ ရက်က ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်လျှုဒါန်းပေးခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

◆ *ရှေ့ဖုံးမှ*

ထိုနေ့သည် လွန်ခဲ့သည့် ၁၈ ရက်ကဖြစ်ပြီး ကလေးမြို့ စတင်ရေလွှမ်းမိုးသည့်အချိန်လည်း ဖြစ်သည်။

"ဆရာတော်ပေးတဲ့အသက်ပဲ ရှိပါတော့တယ်။ ဆရာတော်သာ အချိန်မီခြောက်တစ်လှည့် ချော့တစ်ခါ မခေါ်ဖြစ်ခဲ့ရင် ကျုပ်တော့ ရေအောက်ရောက်ရလိမ့်မယ်" ဟု ရေလဲဦး ကျောင်းထိုင်ဆရာတော်က သူ့အဖြစ်ကို ပြောပြရင်း ရယ်ကာမောကာဖြင့်

"နောက်နေ့လည်းကျရော နေသာကျောင်းတိုက်လည်း ရေလွှမ်းလို့ ကျုပ်တို့ကယ်တင်ရှင်ကြီးလည်း ရေဘေးသင့် ဆရာတော်ဖြစ်ရော"ဟု လွန်ခဲ့သည့် နှစ်ပတ်ကျော်က အကြောင်းကို ပြန်ပြောင်းပြောပြသည်။

သဘာဝဘေးအန္တရာယ်သတင်း ယူရန်အတွက် နေပြည်တော်မှ ကလေးမြို့သို့ သွားရောက်ရာ ခရီးလမ်းတစ်လျှောက်တွင် အများဆုံးမြင်တွေ့ရသည်မှာ " ရေဘေးသင့်ပြည်သူများအတွက် အလျှံပါတယ်"ဟူသည့် မြင်ကွင်းများပင်ဖြစ်သည်။ သဘာဝဘေးဒဏ်သင့် ဒေသသို့ ရောက်ရှိခဲ့ချိန်တွင်လည်း ဖြူစင်သောစိတ်ထားဖြင့် အိုးပစ်အိမ်ပစ် နေ့မအား ညမနား ကယ်ဆယ်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ အဖွဲ့အစည်းများသည် ရေဘေးသင့်ပြည်သူများနည်းတူ ပင်ပန်းဆင်းရဲမှုကို မျှဝေခံစားကာ ကယ်ဆယ်ရေးဆောင်ရွက်နေကြသည်။

"ရေဘေးကနေ အဓိကရရှိတဲ့ သင်ခန်းစာကတော့ သူတစ်ပါးကိုကယ်တင်မယ့်သူသည် မိမိကိုယ်ကိုယ် ကောင်းစွာစောင့်ရှောက်နိုင်ဖို့နဲ့ ကယ်ဆယ်ရေးအတွက် စီမံခန့်ခွဲခြင်းတွေကို ကြိုတင်ပြင်ဆင်ထားရမယ်ဆိုတာပါပဲ။ ကျုပ်တို့တွေဟာ ခံစားချက်နဲ့ ကူညီပေးနေကြတယ်။ စနစ်တကျ ကူညီကယ်ဆယ်ဖို့ အဖွဲ့အစည်းတိုင်းပြင်ဆင်ထားကြပါတော့လို့ ပြောချင်တယ်။ ဘာကြောင့်လဲဆိုရင် သဘာဝဘေးဟာ အချိန်မရွေး ရောက်ရှိလာနိုင်ပါတယ်။ ကလေးမြို့ဟာ အခုအချိန်မှာ အထိနာခဲ့တယ်။ သဘာဝ ဘေးဟာ ဖောက်သည်ဖြစ်လာမလား၊ ည့ည့်သည်ဖြစ်မလား မသိနိုင်ဘူး"ဟု နေသာဆရာတော်က မိန့်ကြားသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေဘေးအန္တရာယ်ကြုံတွေ့ရချိန်တွင် ကယ်ဆယ်ရေး ပရဟိတသမားများသည် အချိန်မဆိုင်းဘဲ ဒေသအသီးသီးသို့ တတ်စွမ်းသမျှ သွားရောက်ကာ ကူညီပေးကြသည်။ ရေဘေးဆိုးရွားမှုကြုံရသည့် နေရာအနှံ့အပြားသို့ အချိန်တိုအတွင်းမှာပင် ကယ်ဆယ်ရေးရောက်ရှိခဲ့သည်မှာ လူငယ်ပရဟိတသမားများ၏ စွမ်းပကားနှင့် အရည်အသွေးကြောင့်ပင်ဖြစ်ကြောင်း၊ ရေဘေးသင့်ဒေသများအတွက် ငွေကျပ်သိန်းပေါင်း ၇၀၀၀ ကျော် လျှုဒါန်းပေးခဲ့ပြီး ဆက်လက်၍လည်း ကူညီကယ်ဆယ်ရေးများ၊ ပြန်လည်ထူထောင်ခြင်းများ လုပ်ဆောင်ပေးခြင်းနှင့် ကယ်ဆယ် ရေးပစ္စည်းများကို အခမဲ့လေယာဉ်များဖြင့် တင်ဆောင်ပေးနေသည့် ကမ္ဘောဇ ဘဏ်လီမိတက်မှ အထွေထွေမန်နေဂျာ ဦးစိုးတင်မောင်ဇော်က ပြောကြားသည်။

"အခုအချိန်မှာ လုပ်ကိုင်စားစရာလယ်မြေ အဆင်မပြေသလို နေထိုင်စရာလည်း အခက်အခဲရှိပါတယ်။ စိတ်ဆင်းရဲစရာတွေကြားမှာ ထောက်ပံ့တဲ့ပစ္စည်းတွေရလို့ အများကြီးအဆင်ပြေခဲ့ရပါတယ်။ အစားအသောက်

ကလေးမြို့ရှိ ကုန်မျိုးစုံဆိုင်တစ်ဆိုင်မှ ဝယ်ယူခဲ့သည့် တာပေါ်လင်စအိတ်ကို ပြသနေစဉ်။

အခက်အခဲက ဆိုးဆိုးရွားရွား မထိခိုက်ခဲ့ပါဘူး။ ကျွန်မတို့ရွာကို တစ်နေ့ကိုအနည်းဆုံး နှစ်ဖွဲ့လောက်ကရိက္ခာတွေ လာလှူခဲ့ကြတယ်"ဟု အောင်မြင်သာရွာသူ မတင်တင်အေးက ပြောကြားသည်။

ဆိုရှယ်မီဒီယာမှတစ်ဆင့် ရေဘေးသင့်ပြည်သူများ၏ အခြေအနေကို အချိန်ဆောလျင်စွာ ထုတ်ဖော်ပြသနိုင်ခဲ့သဖြင့် လူငယ်ပရဟိတသမားများကိုလည်း စုစည်းနိုင်ခဲ့သည့်အပြင် များပြားလှသည့်အလှူရှင်များ ထွက်ပေါ်ခဲ့ခြင်းကလည်း ဒေသခံတို့အတွက် အားဆေးများပင်ဖြစ်ကြောင်း နေသာဆရာတော်က ပြောကြားသည်။

"အခုချိန်ထိ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ရိက္ခာနည်းပါးစွာရရှိနေတဲ့ ကျေးရွာအချို့ကို လိုအပ်တာတွေ လျှုဒါန်းပေးနေပါတယ်။ စားနပ်ရိက္ခာအပြင် သဘာဝဘေးရဲ့နောက်ဆက်တွဲ အကျိုးဆက်အခြေအနေတွေအရ လိုအပ်ချက်တွေတော့ ရှိနေတုန်းပါပဲ"ဟု ကလေးလွင်ပြင် ရေဘေးကယ်ဆယ်ရေးအဖွဲ့မှ ကိုမင်းရဲစစ်နိုင်က ယနေ့ အနေအထားကို ရှင်းပြသည်။

ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား ရင်ဘတ်ချင်းနားလည်ကာ ဆောင်ရွက်ပေးရုံမျှပင် မပြီးစီးသေးဘဲ စနစ်တကျ လျှုဒါန်းနိုင်ရေးသည်လည်း အရေးကြီးသည့် အချက်ပင်ဖြစ်ကြောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်နေသူ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဦးဝင်းအောင်က ပရဟိတလုပ်ဆောင်သူများကို အကြံပေးပြောကြားသည်။

"ဥပမာပြောရရင် ကျုပ်တို့ကလေးတစ်မြို့လုံးမှာ လူ ၄၀ လောက်တင်နိုင်တဲ့ စက်တပ်လေက သုံးစင်းပဲ ရှိတယ်။ ရေဘေးသင့်တဲ့ရွာတွေကို ကယ်ဆယ်တဲ့အခါ တစ်ရွာကိုငွေကျပ် တစ်သိန်းပေးခဲ့ရတယ်။ ပရဟိတဆောင်ရွက်လိုတဲ့စိတ်သာရှိတယ်။ နောက်ဆုံးအလှူငွေတွေ ရှိနေရင်တောင် စနစ်တကျစီမံခန့်ခွဲတဲ့ သဘာဝဘေး ကယ်ဆယ်ရေးတွေ လေ့လာသင်ယူကြဖို့ လိုအပ်နေပြီ" ဟု နေသာဆရာတော်က မိန့်ကြားပြီး ၁၀ မိုင်ကျော်သာ ကွာဝေးသည့် ကျောက္ကာရွာမှ ဒေသခံအချို့ ကလေးမြို့ ကယ်ဆယ်ရေးစခန်းများသို့ ရောတက်ချိန်တွင် လာရောက်ကြရာ လူတစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် စက်လှေခပေးခဲ့ကြရကြောင်း ရေဘေးဒုက္ခသည်များ၏ အခက်အခဲကို ဆက်လက်မိန့်ကြားသည်။

သဘာဝဘေးကာကွယ်တားဆီးရေးနှင့် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများသည် ဖြစ်စဉ်ကာလများတွင် ကူညီသူများကိုလည်း ထိခိုက်ဆုံးရှုံးမှုများကို ပေးအပ်တတ်သဖြင့် ကယ်ဆယ်ရေးလုပ်ဆောင်ရေးကာလတွင် သေဆုံးမှုများ ဖြစ်ပေါ်ရသည်ကိုလည်း မြင်တွေ့ရသည်။

"အဖွဲ့တွေအနေနဲ့ အရဲစွန့်ပြီး သွားနေကြရတာပါ။ သွားရင်းလေးကျိုးသွားလို့ ကယ်ဆယ်ရေးကားတွေကို ကြိုတဲ့ရွာမှာထားပစ်ခဲ့ရသလို ကယ်ဆယ်ရေးအဖွဲ့တွေ ရေနစ်တာမျိုးလည်းရှိခဲ့ပါတယ်။ လိုအပ်တဲ့ နည်းပညာတွေနဲ့ အတွေ့အကြုံတွေ၊ စနစ်တကျလျှုဒါန်းမှုတွေ ကျွန်မတို့ အားနည်းနေတယ်။ ကယ်ချင်တာပဲရှိတယ်၊ ကိုယ်ပါ အန္တရာယ်ရှိတာကို ထည့်မတွက်မိခဲ့ကြဘူး။ နောက်ပိုင်းမှာ နိုင်ငံတော်က စနစ်တကျနဲ့သင်တန်းတွေပေးအပ်မယ်ဆိုရင်ကောင်းမယ်"ဟု အဖြူရောင်ကမ်းလက်များ အဖွဲ့နှင့်လိုက်ပါရင်း ရေဘေးကယ်ဆယ်ရေးဆောင်ရွက်ခဲ့သူ အဆိုတော် နီနီခင်ဇော်က ပြောသည်။

ကယ်ဆယ်ရေးပရဟိတသမားများနှင့်အတူ ယှဉ်တွဲတွေ့ရသည့် အရောင်ဆိုးပရဟိတအတုအယောင်များ သည်လည်း ယခုကာလတွင် ပေါ်ထွက်လာခဲ့ရာ အထူးဂရုပြုရမည့်အချက်ပင်ဖြစ်ကြောင်း ကယ်ဆယ်ရေးဆောင်ရွက်နေသည့် အနုပညာရှင် ကိုဝေဠုကျော်က သတိပေးသည်။

"ကျွန်တော့်ဖောင်ဒေးရှင်းကဆိုပြီး အလှူခံတာကို ကြုံခဲ့ရတယ်။ ဒါတင်မကသေးဘူး ရေဘေးသင့်ပြည်သူတွေ အတွက် အလှူငွေတွေကိုယူပြီး ရှောင်ပြေးသွားတာကိုလည်း ကြားရသေးတယ်။ တစ်နိုင်ငံလုံးက ရေဘေးကြုံရသူတွေကို ကရုဏာသက်နေတာကို အခွင့်ကောင်းယူပြီး ပရဟိတအယောင်ဆောင်တွေကိုလည်း သတိထားဖို့ လိုပါတယ်"ဟု သူကပြောကြားသည်။

ထို့အပြင် ကျီကုန်းရွာရှိဒေသခံများ၏ ပြောကြားချက်အရ နေအိမ်များ ပြန်လည်ပြုပြင်ရန်အတွက် ကလေးမြို့ရှိ ကုန်မျိုးစုံဆိုင်တစ်ဆိုင်မှ ဝယ်ယူခဲ့သည့် တာပေါ်လင်အပြာစအချို့မှာ အိန္ဒိယအခြေစိုက် အဖွဲ့အစည်းအချို့၏ လျှုဒါန်းမှုဖြစ်နိုင်ကြောင်း ခန့်မှန်းပြောဆိုချက်များကိုလည်း ကြားသိရသည်။

"အိန္ဒိယကတင်မကပါဘူး။ ဒေသအသီးသီးက လျှုဒါန်းတဲ့ကုန်ပစ္စည်းတွေကို ကျွန်တော်တို့က စနစ်တကျနဲ့ သယ်ယူလက်ခံပါတယ်။ ပြီးရင် ရေဘေးသင့်တဲ့ ဒေသခံတွေဆီကို စာရင်းဇယားအတိအကျနဲ့ ပြန်လည်ပေးအပ်တာကြောင့် ကျွန်တော်တို့ဆီကထွက်တာ လုံးဝမဟုတ်တာတော့ အသေအချာပါပဲ"ဟု အထက်ပါအကြောင်းနှင့်စပ်လျဉ်း၍ မြန်မာ့အလင်း၏ မေးမြန်းချက်ကို ကလေးမြို့ အောင်ဇေယျခန်းမတွင် ကယ်ဆယ်ရေးပစ္စည်းများအား လက်ခံတာဝန်ယူ ဖြန့်ဖြူးပေးနေသည့် ဗိုလ်ကြီးဟိန်းမင်းထက်က ပြောကြားသည်။

သို့သော် လျှုဒါန်းမှုအားလုံးသည် နိုင်ငံတော်မှ တစ်ဆင့် ပေးအပ်ခြင်းမဟုတ်ဘဲ အလျှုရှင်များကိုယ်တိုင် သို့မဟုတ် နီးစပ်ရာမှ လျှုဒါန်းခြင်းများလည်းရှိရာ ရေဘေးသင့်သူများထံသို့ရောက်ရှိရန် နည်းလမ်းများအားလုံးကို အတိအကျ မခန့်မှန်းနိုင်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အဆင်မပြေတဲ့ အဆိုးမြင်တွေနဲ့ ထိုးနှက်တာရှိပါတယ်။ အချို့က အုပ်ချုပ်မှုပိုင်းကို ထိုးနှက်ဖို့ အဓိကထားကြတယ်။ အရပ်ဘက်က မတတ်နိုင်တဲ့ကိစ္စတွေ အများကြီးရှိနေပါတယ်။ အစိုးရအုပ်ချုပ်မှုအပိုင်းရော၊ အရပ်ဘက်အဖွဲ့အစည်းတွေရော အားလုံးတက်ညီလက်ညီ ဆောင်ရွက်မှသာ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး အောင်မြင်မယ်လို့ ယုံကြည်တယ်။ အချင်းချင်းစိတ်ချင်းနီးစပ်အောင်လုပ်ကြဖို့ မျှော်လင့်ပါတယ်။ အွန်လိုင်းက တစ်ဆင့် ရေဘေးသင့်ဒေသတွေကို မြင်လို့လျှုကြသလို လက်တွေ့မပါဘဲ အွန်လိုင်းကနေ ဖွဲနေတာတွေ အများကြီးလည်း ပေါ်ထွက်လာတာ စိတ်မကောင်းစရာပါ။ ရွာတစ်ရွာမှာ လူတစ်ရာကျော် ဝမ်းရောဂါဖြစ်တယ်ဆိုလို့ အဖွဲ့တွေ ပြေးကြရတယ်။ တကယ်ကလူနှစ်ဦးပဲ ဝမ်းပျက်တာကို တွေ့ရတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲချိန်မှာ ကောလာဟလမဖြန့်ဝေဖို့ကလည်း လူသားကျင့်ဝတ်တစ်ခုဖြစ်တယ်"ဟု နေသာဆရာတော်က သူ့အတွေ့အကြုံကို မိန့်ကြားသည်။

ကလေးမြို့တွင် ရေဘေးသင့်ပြည်သူ တစ်သိန်းခွဲကျော်ရှိခဲ့ပြီးယင်းတို့အတွက် တတ်စွမ်းသမျှ လျှုဒါန်းကြရင်း လုပ်အားဒါနပေးနေကြသူတွေအဖို့ အဖြစ်ချင်ဆုံးဆန္ဒမှာ ရေဘေးသင့်သူများ ပုံမှန်ဘဝကို ရောက်ရှိကြစေဖို့ အရေးပင်ဖြစ်ကြောင်း ပရဟိတလူငယ်များ၏ ခံစားချက်များကို မြင်တွေ့ကြားသိခဲ့ရသည်။ **(မြန်မာ့အလင်း)**

❍ *ကျောဖုံးမှ*

ယနေ့ စတင်ဖွင့်လှစ်လိုက်သည့် အမှတ်(၂)အင်းစိန်ရထားလမ်းခုံးကျော်တံတားသည် လှိုင်မြစ်လမ်းပေါ်ရှိ ယခင် အင်းစိန်ခုံးကျော်တံတားဟောင်းနှင့်အပြိုင် ငါးပေအကွာတွင် တည်ဆောက်ထားကာ ပင်မတံတားအရှည်မှာ ၁၅၅၇ ပေရှိပြီး ဗဟိုလမ်းအတိုင်း ခွဲထွက်သွားမည့် လက်တက်ပွားတံတားအရှည်မှာ ၆၀၃ ပေရှိသည်။ ယခု တည်ဆောက်ပြီးစီးသွားသည့် အမှတ်(၂) အင်းစိန်ရထားလမ်း ခုံးကျော်တံတားသည် လှိုင်မြစ်လမ်းနှင့်အပြိုင်အောက်မင်္ဂလာဒုံလမ်း၊ ဗဟိုလမ်းနှင့် ရထားသံလမ်းတို့ကိုဖြတ်ကာ တည်ဆောက်ထားပြီး ပင်မလမ်းမှာ နှစ်လမ်းသွားဖြစ်ကာ ဗဟိုလမ်းအတိုင်း ရန်ကုန်မြို့တွင်းဘက်သို့ ခွဲထွက်သွားသည့် လက်တက်ပွားလမ်းမှာ တစ်လမ်းသွားအဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအမျိုးအစားမှာ အုတ်မြစ်အမျိုးအစားဖြစ်ကာ တံတားအောက်ထည်မှာ သံကူးကွန်ကရစ်နှင့် အပေါ်ထည်မှာ ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင်များနှင့် စတီးလ် ဘောက်ကာတာများကို အသုံးပြုထားသည်။ တံတားအကျယ်မှာ လှိုင်သာယာဘက်မှ စော်ဘွားကြီး ကုန်းဘက်သို့သွားသည့် ပင်မနှစ်လမ်းသွားမှာ ၃၄ ပေနှင့် ရန်ကုန်ဘက်သို့ ခွဲထွက်သွားသည့် လက်တက်ပွား တစ်လမ်းသွားမှာ ၂၂ ပေရှိကာ ခံနိုင်ဝန်မှာ ၇၅ တန်အထိ သတ်မှတ်ထားပြီး ကားလမ်းကင်းလွတ်ခွင့် အမြင့် ပေ ၁၈ ပေ ၈ လက်မ(ဗဟိုလမ်း)၊ (အောက်မင်္ဂလာဒုံလမ်း)တွင် ၁၉ ပေ ၁၀ လက်မနှင့် ရထားလမ်းကင်းလွတ်ခွင့်မှာ ပေ ၂၀ ကျော် အမြင့်အထိ တည်ဆောက်ထားခြင်းဖြစ်ကြောင်းသိရသည်။

တံတားကုန်ကျစရိတ်မှာ ငွေကျပ်သန်းပေါင်း ၅၇၁၅ သန်း ကုန်ကျပြီး အဆိုပါတံတားကို ယခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

"အခုလို မြန်မာ့မီးရထားက အမှတ်(၂) အင်းစိန်ရထားလမ်းခုံးကျော်တံတား တည်ဆောက်ပေးတဲ့အတွက် ဒီဘက်လမ်းကြော ယာဉ်ကျပ်တည်းမှု နည်းသွားနိုင်တယ်။ တစ်ခုကောင်းတာက ဒီတံတားကြီးမှာ လက်တက်ပွားတံတားပါတဲ့အတွက် ပိုအဆင်ပြေမယ်လို့ မြင်တယ်။ ဥပမာ လှည်းတန်းခုံးကျော်တံတားဆိုရင် ဆောက်ပြီးလည်း ကျပ် တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အခုလို လက်တက်ပွားမပါလို့လို့ တချို့ကပြောကြတယ်။ ကျွန်တော်လည်း အဲဒီလိုပဲမြင်တယ်။ ဒီတံတားကြီး ဖြတ်သန်းခွင့်ပြုလိုက်ရင်တော့ ကျွန်တော်တို့ ယာဉ်မောင်းတွေအတွက် ယာဉ်ကြောကျပ်တည်းမှု မရှိတော့ဘဲ မောင်းရတာ ပိုပြီးအဆင်ပြေမယ်လို့ မြင်ပါတယ်"ဟု အင့်ဂျာ ယာဉ်မောင်း ကိုတေဇာလင်းက ပြောသည်။

အဆိုပါ ရထားလမ်းခုံးကျော်တံတားကြီးကို ယခုနှစ်မိုးမကျမီ အပြီးတည်ဆောက်ရန် လျာထားသော်လည်း တံတားမြေအောက်ပိုင်းတွင် လျှပ်စစ်သွယ်တန်းကြိုးများ ဖယ်ရှားမှုနှင့်အတူ အခြားအခက်အခဲအမျိုးမျိုးတို့ကြောင့် သတ်မှတ်ကာလထက် အနည်းငယ်သာ နောက်ကျခဲ့ရသည်။ သို့ရာတွင် အဆင့်အတန်းမီမီ ခိုင်ခိုင်ခံ့ခံ့ဖြင့် တည်ဆောက်ပြီးစီးခဲ့၍ အဆိုပါ လမ်းပိုင်းများအတွင်း သွားလာနေသော ယာဉ်များအတွက် ယာဉ်ကြောကျပ်တည်းမှုမှာ အမှန်တကယ် အထိုက်အလျောက် လျော့နည်းသွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ရေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေး

ငါးသိုင်းချောင်း သြဂုတ် ၁၆

သြဂုတ် ၁၆ ရက်က ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ပြည်သူ့ဆေးရုံ၌ ဒေါက်တာစောဝင်း(ပါမောက္ခ/ကလေးအထူးကု)ဦးဆောင်ကာ မြန်မာနိုင်ငံဆရာဝန်အသင်းမှ အထွေထွေရောဂါကုဆရာဝန်များ ငါးသိုင်းချောင်းမြို့ ရေဘေးသင့်ရပ်ကွက်၊ ကျေးရွာများရှိ ရောဂါဝေဒနာရှင် ၂၀၀ ကို အထွေထွေရောဂါစစ်ဆေးကုသခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာပေးခြင်းတို့ကို ငါးသိုင်းချောင်းမြို့ ပြည်သူ့ဆေးရုံဆရာဝန်ကြီး ဒေါက်တာဝင်းမိမိခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့ကြက်ခြေနီအသင်း၊ အာယုပါလဆေးအလှူတော်အဖွဲ့၊ အောက်ဆီဂျင်အလှူတော်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးက "အခုရက်ပိုင်းအတွင်း ဝဝန်မြစ်ရေကျဆင်းနေပြီဖြစ်လို့ ပတ်ဝန်းကျင်သန့်ရှင်းရေးနဲ့ မိသားစုကျန်းမာရေးအလေးပေးလုပ်ဆောင်နေပါတယ်။ ရေဘေးသင့်ဒေသတွေရဲ့ ကျန်းမာရေးကို အခုလိုစေတနာရှေ့ထားပြီး ဂရုတစိုက်လာရောက်ဆောင်ရွက်ပေးတဲ့အတွက် များစွာဝမ်းမြောက်ရပါတယ်"ဟု ပြောသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များ ရေကြီးနစ်မြုပ်ကျေးရွာများ ကာကွယ်ဆေးများ လိုက်လံပက်ဖျန်းလျက်ရှိ

ဟသံ်တ သြဂုတ် ၁၆

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဟသံ်တမြို့နယ်တွင် မြစ်ရေကြီးမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာများနှင့် ကယ်ဆယ်ရေးစခန်းများသို့ ဟသံ်တမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် တရုတ်နိုင်ငံမှ Sky Blue Rescue ရှာဖွေကူညီ ကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သြဂုတ်လ ပထမပတ်အတွင်း၌ စစ်ကုန်းတိုက်နယ် ရေလဲ ရေဘိုကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ကယ်ဆယ်ရေးစခန်းအမှတ်(၃)တွင် ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ထမင်းထုပ်များ၊ သောက်ရေသန့်များနှင့် အဝတ်အထည်၊ စားသောက်ကုန်များ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အပြင် အမက ရေလဲ(စစ်ကုန်း) စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း အပါအဝင် ကျေးရွာအတွင်းသို့ ဝမ်းပျက်ဝမ်းလျှောနှင့်ပတ်သက်သော ကာကွယ်ဆေးများ၊ ပိုးသတ်ဆေးများ လိုက်လံပက်ဖျန်းခြင်း၊ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသော အလက စစ်ကုန်းကျောင်း၊ စစ်ကုန်းကျန်းမာရေးတိုက်နယ်ဆေးရုံနှင့် စစ်ကုန်းကျေးရွာများသို့လည်းကောင်း၊ ကန်ကြီးဒါယကာ တန်ဆောင်းများသို့ လည်းကောင်း၊ ဟသံ်တမြို့ပေါ်ရှိ အထက(၁)ကျောင်းဝင်း ကျောင်းပြင်များကိုလည်း ဆေးများပက်ဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအဖွဲ့များသည် ရေပြန်လည် ကျဆင်းသွားပြီးနောက် ဟသံ်တမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်ခဲ့သော အခြားကျေးရွာများကိုလည်း ဝမ်းပျက်ဝမ်းလျှောနှင့် ပတ်သက်သော ကာကွယ်ဆေးများ လိုက်လံပက်ဖျန်းပေးသွားမည်ဖြစ်ကြောင်း ဟသံ်တမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

(ခရိုင် ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ မန္တလေးမြို့မှ မုံရွာမြို့သို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်

နေပြည်တော် သြဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရမှလှူဒါန်းသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများပါဝင်သည့် ထောက်ပံ့ရေးပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ အင်းဝဂိုဒေါင်မှ ကုန်းလမ်းပို့ဆောင်ရေးပိုင် မော်တော်ယာဉ် ၁၀ စီးဖြင့် မုံရွာမြို့သို့ သြဂုတ် ၁၆ ရက်မွန်းလွဲ ၁၂ နာရီခွဲတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၏လမ်းညွှန်မှုဖြင့် မန္တလေးတိုင်းဒေသကြီး ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးဆပ်ကော်မတီနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

မြစ်ရေစီးဆင်းမှုကြောင့် ကမ်းပါးပြိုကျနိုင်သဖြင့် ဝိုင်းဝန်းကူညီရွှေ့ပြောင်း

ပုသိမ် သြဂုတ် ၁၆

ရောဝတီတိုင်းဒေသကြီး ဟသံ်တခရိုင် ကြီခင်းမြို့နယ်တွင် သြဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက ရောဝတီမြစ်ရေစီးဆင်းမှုကြောင့် ကမ်းပါးပြိုကျနိုင်သဖြင့် ကြီခင်းမြို့နယ် ရေလယ်ကျွန်းကျေးရွာအုပ်စု၊ တဲတန်းကျေးရွာအုပ်စုရှိ နေအိမ်လေးလုံး ၊ အိမ်ထောင်စု လေးစု၊ လူဦးရေ ၁၃ ဦးတို့ကို တပ်မတော်၊ ရဲတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများက ရွှေကျွန်းတောဘုန်းကြီးကျောင်းသို့ ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

စာမျက်နှာ ၆ မှ

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	၂၀၁၀-၁၁	၂၀၁၁-၁၂	၂၀၁၂-၁၃	၂၀၁၃-၁၄	၂၀၁၄-၁၅
၉	ပဲခူးတိုင်း(နေ)	၁.၆၃	၃.၀၇	၅.၂၃	၁၀.၁၁	၃၄.၀၉
၁၀	မကွေးတိုင်းဒေသကြီး	၁.၃၃	၃.၅၆	၇.၅၇	၉.၆၅	၂၆.၅၆
၁၁	မန္တလေးတိုင်းဒေသကြီး	၄.၇၃	၇.၇၀	၁၃.၅၂	၁၈.၈၈	၅၁.၆၂
၁၂	မွန်ပြည်နယ်	၁.၅၂	၃.၉၄	၈.၀၄	၁၀.၁၆	၃၆.၇၇
၁၃	ရခိုင်ပြည်နယ်	၀.၉၉	၂.၄၁	၅.၂၉	၇.၂၉	၁၂.၇၆
၁၄	ရန်ကုန်တိုင်းဒေသကြီး	၁၃.၅၁	၁၇.၃၄	၃၅.၄၀	၄၀.၀၆	၇၉.၀၃
၁၅	ရှမ်းပြည်နယ်(တ)	၂.၆၈	၄.၂၀	၇.၆၆	၁၄.၃၉	၂၆.၁၅
၁၆	ရှမ်းပြည်နယ်(မ)	၂.၁၄	၄.၇၈	၅.၈၉	၈.၁၂	၁၇.၃၅
၁၇	ရှမ်းပြည်နယ်(ရ)	၂.၄၁	၆.၅၄	၉.၅၀	၁၂.၂၄	၂၁.၄၅
၁၈	ရောဝတီတိုင်းဒေသကြီး	၁.၃၄	၂.၂၇	၃.၈၉	၇.၉၄	၁၈.၈၇

မှတ်ချက်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တယ်လီဖုန်း စာရင်းများအပေါ် အခြေခံ၍ တွက်ယူပါသည်။

ဂရပ် (၂) - တိုင်းဒေသကြီး/ပြည်နယ် အလိုက်တယ်လီဖုန်း သိပ်သည်းဆ အခြေအနေ



ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၆၅/မမ/(CE)15-16	(က) ဘေလီတံတား(၄၀၀)ပေအတွက်ပစ္စည်းများ	121-Tons
	(ခ) သံခြမ်းစင်(Light Steel Trestle)(၃၀၀)ပေ အတွက်ပစ္စည်းများ	301 -Tons

တင်ဒါပြိတ်မည့်နေ့/အချိန်- ၇.၉.၂၀၁၅(တနလင်္ဂနေ့)(၁၂း၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၇.၈.၂၀၁၅) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၄င်းဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒုတိယအတွေ့ထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထားကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း -01-294352,291994,

MCC.i
MCC Training Institute
ထူးချွန်သော ကွန်ပျူတာပညာရှင်ဖြစ်ပြီး အလုပ်အကိုင်ပါတစ်ပါတည်းရလိုသူများအတွက်

ကွန်ပျူတာ ဒီပလိုမာ နှင့် ကွန်ပျူတာ သိပ္ပံဘွဲ့သင်တန်းများ
B.Sc (Hons) Business IT, University of Greenwich, UK
- Full - Time (Mon-Fri)
- Part - Time (Sat-Sun) (Part - Time)

Opening Date Aug 24
www.facebook.com/mcc.institute
Yangon Campus Ph - 01-245762, 249152, 395512, 01-246634
Mandalay Campus Ph - 09-402671562, 011-202113, 02-77930, 09-91034062
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-43104966
Hot-Line : 01-246634, 01-2304156

ပန်းဘဲတန်းမြို့နယ်တွင် Level (3) အဆင့်ရှိ မီးလောင်မှု ဖြစ်ပွား

နောက်ဖေးလမ်းကြားများနယ်နိမိတ်တွင် အဆောက်အအုံများဆောက်ထား၍ မီးငြိမ်းသတ်ရာတွင် ခက်ခဲမှုများရှိ

ရန်ကုန် သြဂုတ် ၁၆

ယနေ့ ညနေ ၅ နာရီ မိနစ် ၅၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီးပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ကုန်ဈေးတန်းလမ်းထောင့်ရှိ တိုက်အမှတ် (၂၆) ပထမထပ်ရှိ တိုက်ခန်းနှစ်ခန်း၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ Level (3) အဆင့်သတ်မှတ်ပြီး မီးသတ်ကားအစီး ၅၀ ကျော်ဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း၊ ည ၇ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး လူအသေအပျောက်မရှိကြောင်း သိရသည်။ မီးလောင်ကျွမ်းသည့် ပျက်စီးဆုံးရှုံးမှု စုစုပေါင်းတန်ဖိုးကို ကနဦးတွက်ချက်နေဆဲဖြစ်ကြောင်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသော်တာက "ဒီနေ့ ဗဟို မီးသတ်ကို ညနေ ၆နာရီမှာ မီးလောင်တဲ့ သတင်းရောက်တယ်။ ခန့်မှန်းတာကတော့ ညနေ ၅ နာရီ မိနစ် ၅၀ ခန့်ကစပြီး လောင်တယ်လို့ခန့်မှန်းပါတယ်။ ည ၇ နာရီမှာ မီးထိန်းနိုင်ပြီးတော့ ည ၇ နာရီ ၃၅မိနစ်မှာ မီးလုံးဝငြိမ်းသွားခဲ့ပါတယ်။ မီးကို Level (3) အဆင့် သတ်မှတ်ပါတယ်။ မီးသတ်ကားအစီး ၅၀ကျော်ပါတယ်။ အသေအပျောက်မရှိဘူး။ ဒဏ်ရာရသူ အနည်းငယ်တော့ ရှိပါတယ်။ အိမ်သုတ်ဆေးတွေ၊ သင်နာတွေအထဲမှာ သိုလှောင်ထားတယ်။ နောက် ဂက်စ်အိုးလည်း ရှိနေတဲ့အတွက် မီးသတ်ရတာခက်ခဲခဲ့ပါတယ်။ ဖြစ်စဉ်အသေးစိတ်ကိုတော့ စုံစမ်းရဦးမှာဖြစ်ပါတယ်။ အခု မီးလောင်တဲ့တိုက်က သစ်သားနဲ့ ပဲကာထားလို့ မီးကူးတာ။ မြန်မာ-မူဆလင်အဖွဲ့ချုပ်ဘက်က အုတ်နဲ့ကာထားတဲ့အတွက် အဲ့ဒီဘက်ကို မကူးဘူး။ မီးကူးသွားတဲ့တိုက်က သစ်သားနဲ့ ကာထားတဲ့အတွက်ကြောင့်ပါ။

သတင်း-မြန်မာ့သတင်းစဉ် သတင်းအဖွဲ့

"မီးသတ်ရတဲ့ အခက်အခဲကတော့ ကုန်သည်လမ်းဘက်မှာ နောက်ဖေးလမ်းကြားတွေကို ပိတ်ဆောက်ထားတဲ့အတွက်ကြောင့် မီးသတ်ရတာ အခက်တွေ့ခဲ့တယ်။ အဓိကကတော့ နောက်ဖေးလမ်းကြားတွေကို ခိုးမဆောက်ဖို့လိုတယ်။အခုက တစ်ဆစ်ချိုးတွေ ဆောက်ထားတယ်။ အိမ်ထဲကနေ လူတစ်ကိုယ်စာ ဝင်စာကနေ ခက်ခက်ခဲခဲ ဝင်ငြိမ်းရတယ်။

"လှောင်ထားတဲ့ ကုန်ပစ္စည်းတွေကလည်း များလွန်းတယ်။ မြို့ထဲမှာ ဒါမျိုးတွေ မလှောင်သင့်ဘူးပေါ့။ ဘေးက RC နဲ့ ဆောက်ထားတဲ့ အဆောက်အအုံတွေမို့ မကူးနိုင်တာပါ။အောက်ခြေလုံးဝမလောင်ပါဘူး။ ပထမထပ်ပဲ လောင်တယ်။ ပထမထပ် နှစ်ခန်း(၁၂ × ၅၀)ပေ လောက်ရှိတယ်"ဟု ပြောသည်။

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ကုန်ဈေးတန်းလမ်းထောင့်ရှိ တိုက်အမှတ် (၂၆) ပထမထပ်ရှိ တိုက်ခန်းနှစ်ခန်း၌ မီးလောင်မှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

မီးလောင်မှုဖြစ်ပွားနေသည့် တိုက်ခန်းနှစ်ခန်းကို မီးသတ်သမားများက မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းနေစဉ်။

ဦးရဲလွင်(တိုင်းဦးစီးမှူး) (ဒုတိယတန်းစီမံ)ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့

ကိုဇင်မင်းဦး (ကုန်သည်လမ်းနှင့် ကုန်ဈေးတန်းလမ်းထောင့်နေပြည်သူတစ်ဦး)

ဦးတင်အေး (ကုန်ဈေးတန်းလမ်းနေ ပြည်သူတစ်ဦး)

ဒေသကြီး မရမ်းကုန်းမြို့နယ်၌ Level (1) အဆင့်ရှိ မီးလောင်ကျွမ်းမှုတစ်ခု၊ သြဂုတ် ၁၄ ရက်က ကြည့်မြင်တိုင်မြို့နယ်တွင် Level (2) အဆင့်ရှိ မီးလောင်မှုများ ဖြစ်ပွားခဲ့သည်။ သြဂုတ် ၁၆ ရက်တွင် ပန်းဘဲတန်းမြို့နယ်၌ Level (3) အဆင့်ရှိ မီးလောင်မှု ထပ်မံဖြစ်ပွားခဲ့ခြင်းကြောင့် မိုးတွင်းကာလ ယခုရက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၌ မီးလောင်မှုများ ဆက်တိုက်ဆိုသလို ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သြဂုတ် ၁၆ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့သည့် ပန်းဘဲတန်းမြို့နယ်၌ မီးလောင်ခဲ့မှုကို မျက်မြင်တွေ့ရှိခဲ့သူများနှင့် တာဝန်ရှိသူများကို အခင်းဖြစ်ပွားစဉ်တွင် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်။

ဦးရဲလွင်
တိုင်းဦးစီးမှူး(ဒုတိယတန်းစီမံ)
ရန်ကုန်တိုင်းဒေသကြီး
ကြက်ခြေနီတပ်ဖွဲ့

သေဆုံးတဲ့လူ မရှိဘူး။ ဒဏ်ရာရတဲ့ လူလည်းမရှိဘူး။ မြောင်းထဲချော်ကျတဲ့သူနဲ့ မွန်းကျပ်တဲ့သူပဲ ရှိတယ်။ အသက် (၃၅) နှစ်)အရွယ် အမျိုးသမီးကတော့ ကားထဲမှာနေရင်း အသက်ရှူကျပ်တဲ့အတွက် ရန်ကုန်ဆေးရုံကြီးကို ပို့ပေးရတယ်။ အဲ့ဒီ တိုက်ကပဲ ထင်ပါတယ်။ မီးခိုးမွှန်သွားတယ်နဲ့တူတယ်။ လူနာတင်ကားငါးစီး၊ ကြက်ခြေနီအင်အား ၉၇ ဦးနဲ့ ကူညီဖို့ လာတာပါ။ အဆင့်သုံး သတ်မှတ်တဲ့ အတွက် မြို့နယ်ပေါင်းစုံက ရောက်လာတာပါ။

ကိုဇင်မင်းဦး(ကုန်သည်လမ်းနှင့် ကုန်ဈေးတန်းလမ်းထောင့်နေ ပြည်သူတစ်ဦး)

မီးခိုးတွေ တော်တော်များများ ထွက်နေတယ်။ စလောင်တော့ မြင်နေရတယ်။ မီးခိုးတွေအလုံးလိုက် ထွက်နေတာပေါ့။ အဲ့ဒါကြောင့် မီးသတ်ကို ဖုန်းဆက်လိုက်တယ်။ မီးသတ်ကားတွေ အများကြီးလာပြီး ငြိမ်းကြတယ်။

ဦးတင်အေး (ကုန်ဈေးတန်းလမ်းနေ ပြည်သူတစ်ဦး)

အိမ်မှာကတော့ ဘယ်သူမှ မရှိကြဘူး။ လမ်းသူလမ်းသားတွေက မီးသတ်ကားခေါ်ကြတယ်။ အဲ့ဒီအိမ်မှာက မိန်းကလေးတွေချည်းပဲ။ ပထမထပ်ကနေစလောင်တယ်။ အိမ်ကနေ အသံကြားတယ်။ မျက်နှာချင်းဆိုင် တိုက်မှာနေတာပါ။ မီးလောင်တဲ့ တိုက်အနားမှာရှိတဲ့ ကားတွေကို ပိုင်းရွှေ့ကြတယ်။ မီးသတ်ကားက မီးလောင်ပြီးနောက် နာရီဝက်လောက်မှာ ရောက်လာတယ်။ ခန့်မှန်းခြေ နှစ်နာရီလောက်ကြာတယ်။ ဆီလီကွန်ကော်ဘူးတွေပဲ တိုက်ထဲမှာရှိတာပါ။ သိမ်ကြီးဈေးမှာ ဆိုင်ရှိကြတယ်။ ကျန်တဲ့လောင်စာ တစ်ခုမှမရှိပါဘူး။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် L-၁၈-၆၁၊ မြေကွက်အမှတ် ၁၇၄၉+၁၇၅၀၊ မြေကွက်တည်နေရာအမှတ် ၁၇၄၉+၁၇၅၀၊ L-၁၈-၆၁ ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် [ဒေါစမ်းစမ်းအေး(ခ) ဒေါစန်းစန်းအေး(ခ)ခတီဂျာဘီဘီ] နှစ်၆၀ မြေဌားဂရန်မြေအား အမည်ပေါက်[ဒေါစမ်းစမ်းအေး(ခ)ဒေါစန်းစန်းအေး(ခ)ခတီဂျာဘီဘီ] ၁၂/ပဘတ(နိုင်) ၀၂၄၃၁၉ထဲမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၇၄၁၄/၉-၅-၁၃ရသူ ဒေါခင်ခင်မြင့်၁/မည(နိုင်)၀၇၆၄၉၅၅ ၂၀၁၃ခုနှစ် အရောင်းမြေပုံကူးမူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါသဖြင့် ဌာန၏လုပ်ထုံး၊ လုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားပါမည်ဟု ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပရီမီယာလီဂ်ပွဲစဉ် (၂)

ခရစ္စတယ်ပဲလေ့စ်	၁	-	၂	အာဆင်နယ်
မန်စီးတီး	၃	-	၀	ချယ်လ်ဆီး

ဖားကန့်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဘိန်းဖြူများနှင့် ကျောက်စိမ်းအရွယ်စုံ ၂၃ တုံး ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၆

ဩဂုတ် ၉ ရက်က မူးယစ်တပ်ဖွဲ့စု (၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် မိုးညှင်း-ဖားကန့်သွားကားလမ်းမပေါ်တွင် လယ်ပြင်ပူးပေါင်းစစ်ဆေးရေးစခန်း မရောက်မီ ကွင်းရှောင်လမ်း၌ စိုင်းစံထွန်း မောင်းနှင်ပြီး စံတင်နှင့် ဖူဆီရှိန် တို့ လိုက်ပါလာသည့် ယာဉ်အမှတ် 6D/--- Vigo အမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်နောက်ခန်းရှိ ဂတ်စ်အိုးအခွံ ခုနစ်လုံးအတွင်းနှင့် ကြမ်းခင်းအံဝှက်နှင့် နောက်ဖုံးပိတ် အံဝှက် အတွင်းတို့မှ စုစုပေါင်း ဘိန်းဖြူ ဆပ်ပြာခွက် ၆၄၀ ၊ဘိန်းဖြူအလေးချိန် ၇ ဒသမ ၃၇၇ ကီလို၊ ယာဉ်နောက်ခန်းကြမ်းခင်းအံဝှက်နှင့် ယာဉ်နောက်ခန်းယာဘက်တံခါးအတွင်းတို့မှ ကပ်ခွာအိတ်များဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅ သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖားကန့်မြို့နယ် ဟွေခါကျေးရွာ မော်သစ်ကုန်းနေ လောက်မြင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်ရာတွင် အသုံးပြုသည့် သံသေတ္တာအလွတ် နှစ်လုံး၊ ဂတ်စ်အိုးအလွတ် ခြောက်လုံးနှင့် အိပ်ခန်းအတွင်းရှိ သံသေတ္တာအတွင်းမှ ကျောက်စိမ်းအရွယ်စုံ ၂၃ တုံး၊ အလေးချိန် ၄၅ ဒသမ ၇ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် စိုင်းစံထွန်း (၂၉နှစ်)၊ စံတင် (၄၀နှစ်) ဖူဆီရှိန် (၃၆နှစ်) နှင့် လောက်မြင်း (ခ)ဝင်းကျော် (၄၀နှစ်) (ဖမ်းမမိသေး) တို့ လေးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသာ ဆေးဝါးများ ဆိုင်ရာ ဥပဒေအရလည်းကောင်း၊ လောက်မြင်း (ခ)ဝင်းကျော် (ဖမ်းမမိသေး)ကို ကျောက်မျက် ဥပဒေအရ လည်းကောင်း အရေးယူထားကြောင်း သတင်းရရှိသည်။

ကိုရဲ

ပြစ်မှုကျူးလွန်သူ စိုင်းစံထွန်း၊ စံတင်နှင့် ဖူဆီရှိန်တို့ကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မြေဂေ ၂၅၀၀ အတွင်း လူစုလူဝေးဖြင့်ကျူးကျော်ဝင်ရောက် ထွန်ယက်မှုများဖြစ်ပွား

စဉ်ကူး ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး စဉ်ကူးမြို့နယ် ခတက်ချဉ်ကျေးရွာအုပ်စု စိုက်ကွင်းကျေးရွာအရှေ့ဘက် ဂရိတ်ဝေါလ်ကုမ္ပဏီလုပ်ကွက် မြေဂေ ၂၅၀၀ အတွင်းရှိ ကွင်းအမှတ် (၁၀၈) မြေပေါ်တွင် မတ္တရာမြို့နယ်မှ မောင်မျိုးမင်းစိုး ဦးဆောင်သော ပတ်လည်အင်းကျေးရွာနေသူ ၁၀၀ ခန့်သည် ဩဂုတ် ၁၅ ရက်က ထွန်စက်ကြီးတစ်စီး၊ ကွန်ဒေါင်းနှစ်စီးနှင့်နွားအရှည်း၃၀တို့ဖြင့် ကျူးကျော်ဝင်ရောက် ထွန်ယက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါအဖွဲ့သည် ဩဂုတ် ၁၆ ရက်တွင်လည်း ဂရိတ်ဝေါလ်ကုမ္ပဏီ လုပ်ကွက် မြေပေါ်သို့ လူစုလူဝေးများဖြင့် ဆက်လက်ကျူးကျော် ဝင်ရောက် ထွန်ယက်လျက်ရှိရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် နယ်မြေရဲကင်းမှူးတို့က စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ကျူးကျော် ဝင်ရောက်ထွန်ယက်နေသောမြေသည် စက်မှုသီးနှံဖွံ့ဖြိုးမှု ဦးစီးဌာန၊ ခတက်ချဉ်- စိုက်ကွင်းပိုင် ၄၉၉.၂၂ဧကအနက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဂရိတ်ဝေါလ်ကုမ္ပဏီတို့ ၂၀၁၁မှ ၂၀၁၅ ခုနှစ်အထိ ငါး နှစ် စာချုပ်ချုပ်ဆိုထားသော ဧက၂၅၀၀ အတွင်းရှိ လက်ရှိစိုက်ပျိုး လုပ်ကိုင်နေသော ဂရိတ်ဝေါလ် ကုမ္ပဏီပိုင်မြေများဖြစ်ကြောင်း သိရသည်။ **ဝင်းမောင်**

ကျောက်စိမ်းတုံးရိုင်းများနှင့် ရွှေသတ္တုများဖမ်းဆီးရမိ

မူဆယ် ဩဂုတ် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် အေးရှားဝေါလ်ဂိတ်တွင် ဩဂုတ် ၁၄ ရက်က မသက်ာဖွယ်ရာ ယာဉ် TOYOTA Harrier 9/C--- ကို ရွှေလျားလှုပ်ရှားအဖွဲ့က ရပ်တန့်ရှာဖွေရာ ကားဆီတိုင်ကီအတွင်းဝှက်ထားသော ကျောက်စိမ်းတုံးအရိုင်းများနှင့် ကျောက်မျက်မျိုးစုံ ရွှေသတ္တုဖြင့်ကွပ်ပြုလုပ်ထားသော လည်ဆွဲ၊ နားတောင်း၊ လက်ပတ်ကြိုး၊ လက်စွပ်မျိုးစုံ၊ နားဆွဲသီး၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၃ သိန်းကျော်နှင့် ပိုင်ရှင်မဲ့ကားတန်ဖိုး ငွေကျပ်သိန်း ၆၀ ကို ဖမ်းဆီးရမိသည်။ ဖမ်းဆီးရမိသော ကျောက်မျက်များနှင့် ယာဉ်အား ဩဂုတ် ၁၅ ရက်က မူဆယ်မြို့ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(ပြန်/ဆက်)

ထီးလင်းတွင် တမလန်းသစ် ဖမ်းဆီးရမိ

ထီးလင်း ဩဂုတ် ၁၆။ ဂန့်ဂေါခရိုင် ထီးလင်းမြို့ မြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီး ဝန်းနိုင်စိုးနှင့်အဖွဲ့သည် ဩဂုတ် ၁၅ ရက်က လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် ထီးလင်းမြို့(၁) ရပ်ကွက် ပြည်တော်သာလမ်းအရောက်၌ ကျောက်ဆည်မြို့နေ ယာဉ်မောင်း ဦးမင်းလွင်မောင်းနှင်သည့် YGN 1J/------ စူပါကာစတန်ကားတစ်စီးကို မသက်ာသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ရပ်မိရပ်ဖတို့နှင့်အတူ စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်၌ တမလန်းသား ဓားရွေတုံးဆိုက်စုံ ၁၇ တုံးကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။ **(၁၀၁)**

ဩပေါ်ဦးမိုဘိုင်းဖုန်းဆိုင်များနှင့် အထည်ဆိုင်များဟောက်ထွင်းခြင်းခံရ

သီပေါ ဩဂုတ် ၁၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့တွင်မိုဘိုင်းဖုန်းဆိုင်များ၊ ကုန်စုံဆိုင်များကို ဖောက်ထွင်းမှုများ ဖြစ်ပွားလျက်ရှိရာ ဇူလိုင် ၂၂ ရက်ညက ကိုစိုင်းမိုဘိုင်းဖုန်းအရောင်းဆိုင်နှင့် ပြုပြင်ဆိုင်ကိုလည်းကောင်း၊ ဩဂုတ် ၇ ရက်ညက အောင်စိုးဖုန်းဆိုင်နှင့် စမတ်အထည်ဆိုင်ကိုလည်းကောင်း၊ ဩဂုတ် ၁၂ ရက် ညက ဒေါ်ပေါင်းစံကုန်စုံဆိုင် ဖုန်းငွေဖြည့်ကတ်ဆိုင်နှင့် ဖက်ရှင်စတားအထည်ဆိုင်တို့ကိုလည်းကောင်း၊ ဖောက်ထွင်းခိုးယူမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖောက်ထွင်းခိုးယူမှုများနှင့်ပတ်သက်၍ ယနေ့အထိ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိခြင်းမရှိသေးကြောင်း သိရသည်။ **စိုင်း(သီပေါ)**

စကားများရာမှ ပြင်းထန်စွာဒဏ်ရာရ

ထီးချိုင့် ဩဂုတ် ၁၆

ကသာခရိုင် ထီးချိုင့်မြို့နယ် ရဲစခန်းအနောက်ဘက် ၁၂ မိုင်ခန့်အကွာရှိ မကျီးပင်ကျေးရွာနေ ဦးအေး (၅၅ နှစ်)သည် ဩဂုတ် ၁၄ ရက်က ရွာအနောက်ဘက်ရှိ လယ်တောဘ၌ရောက်ရှိနေစဉ် သားဖြစ်သူမြင့်နိုင် ဆူးချွန်ဖြင့် အပစ်ခံရကြောင်း သမီးဖြစ်သူ မလဲ့လဲ့ဝင်းက လာရောက်ပြောသဖြင့် နေအိမ်သို့ပြန်လာခဲ့ပြီး သားဖြစ်သူ မြင့်နိုင်အားကြည့်ရှုရာ ရင်ဘတ်တွင် ဒဏ်ရာနှင့် တွေ့ရှိခဲ့သည်။

သားဖြစ်သူအား အကျိုးအကြောင်းမေးမြန်းခဲ့ရာ တစ်ရွာတည်းနေ ကျော်စိုး၏ နေအိမ်ထောင့်ရှိ လှည်းလမ်းမပေါ်၌ မွတ်တားနှင့် စကားများကြရာမှ အသင့်ပါလာသော ဆူးချွန်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ဒဏ်ရာ (စိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

ဆူးချွန်ဖြင့် ပစ်ခတ်သူ မွတ်တား (၅၈ နှစ်)ဈေးရောင်း မကျီးပင် ကျေးရွာ ထီးချိုင့်မြို့နယ်နေသူကို ဖမ်းဆီးရမိရေးနှင့် သက်သေခံပစ္စည်း သိမ်းဆည်းရေးတို့ကို စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ (ကသာ)

ရွှေတောင်ပြုံးမွဲ သို့ရွှေကြေးစည်
▲ချိုးရေသုံးပွဲ၊ ညအိပ်ဒ္ဓိ၍ တောင်ပြုံးပွဲ နှင့် မန္တလေး၊ ကျောက်စိမ်းဘုရား
▲ရွှေတောင်ပြုံးပွဲ၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့၊ စစ်ကိုင်း
▲ရွှေတောင်ပြုံးပွဲ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို
▲ရွှေတောင်ပြုံးပွဲ၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့၊ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဘူ
▲ရွှေတောင်ပြုံးပွဲ၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့၊ တောင်ကြီး၊ အင်းလေး၊ မွေတော်ကဏ္ဍ၊ ထပ်မမ်းဂူ
▲ရွှေတောင်ပြုံးပွဲနှင့် မန္တလေး၊ ပြင်ဦးလွင်အနှံ့၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ (အဘဆွတ်ပွဲစုံစမ်းပါ)
ဩဂုတ်လ ၂၁/၂၄ ထုတ်မည်
ပန်းဆိုးတန်း ☎01-240860/01-372290 ဖေါ်ပွ 09-49282825 ကမာကြည် 09421029191

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၊ သီရိရတနာ၊ မြေကွက်အမှတ်(၅၁)ဧရိယာ ၀ ဒသမ ၄၄၇ဧကရှိ ဦးဇော်ဘိုခန့်အမည်ပေါက် အင့်ားဂရန်မြေကွက်အား ဦးစိန်ဝင်း ၉/မရတ(နိုင်)၁၀၃၀၁၄ (ဘ)ဦးရန်ဖာဂျီမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်,ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

RUBY ကားစီးလုံးငှားသည် 519100 09-51-77212, 535100
စရီးစဉ်မျိုးစုံအတွက် (၄၅)ခုံ၊ ၃၃)ခုံ၊ ၂၄)ခုံ၊ ၁၈)ခုံ၊ ၁၀၊၇)ခယာဂ်စီးနှင့် Saloon,Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လေဆိပ်ကားမျိုးစုံငှားရန်ခိုင်သည်။ (ယာဉ်ပိုင်ရှင်များ။ဆက်သွယ်ပါ)

ပျောက်ဆုံးကြောင်း

ကျွန်တော်တို့၏ Company မှတ်ပုံတင်လက်မှတ် No.130/2000-2001 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Communication Services Group Company Limited၊ ဖုန်း-၃၉၃၁၈၉

သားအဖြစ်မှစွန့်လွှတ်ခြင်း

နောင်ချိုမြို့၊ ဈေးရပ်ကွက်၊ နယ်မြေ(၂)နေ ကိုစိုင်းစိုင်း(ခ) ကိုဇြိမ်းမင်းသူ (ခ) ကိုဇြိမ်းချမ်းသူ ၁၃/နခတ(နိုင်)၀၇၀၈၂၄ သည် မိဘဆိုဆုံးမမှုကို နာခံမှုမရှိခြင်း၊ ခွင့်မလွှတ်နိုင်သော ကိစ္စများကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ပါသဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၄င်းကိစ္စနှင့်ပတ်သက်၍ မိဘ၊ ဆွေမျိုးများက လုံး၀(လုံး၀) တာ၀နဉ်ယူဖြေရှင်းပေးဆည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

ခေါ်မမ်းမှုမိသားစု
နယ်မြေ(၂)၊ ဈေးရပ်ကွက်၊ နောင်ချိုမြို့

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် CATV Network လုပ်ငန်းများ တိုးချဲ့ရန်အတွက် လိုအပ်သည့် ပစ္စည်း(၄၃)မျိုးနှင့် တပ်ဆင်ခြင်းလုပ်ငန်းအား ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၁၈-၈-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၁၈-၉-၂၀၁၅ ရက်၊ ၁၆း၁၀ နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန(အဆောက်အအုံ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်း၍ အခမဲ့ထုတ်ယူနိုင်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ) CATV ဌာနခွဲ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၁၄၂၉၇၊ ၀၆၇-၄၁၄၆၆၃

ပစ္စည်း၀ယ်ယူရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အလိုရှိသည်

၁။ စက်ချုပ်ကျွမ်းကျင် - မ ၁ ဦး
၂။ စီးကွင့်နှင့် လက်ပန်းထိုးကျွမ်းကျင် - မ ၁ ဦး

ဆက်သွယ်ရန် - ROZEY ZAN (အေးခိုင်ဇံ)
အမှတ် 7-E၊ အေးသာယာလမ်းသွယ်၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၁၇၂၃၃၊ ၀၉-၄၂၀၁၆၇၂၄၄၊ ၀၉-၇၉၃၄၉၈၆၈

အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်အဖွဲ့မှ ချီးမြှင့်မည့် ASEAN-OSHNET Award ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၇ ရက်

အာဆီယံဒေသအတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေကောင်းများ ဖန်တီးထားသည့် စက်ရုံ၊ အလုပ်ရုံများ၏ စွမ်းဆောင်ချက်များအပေါ် အကဲဖြတ်ဆန်းစစ်ပြီး အသိအမှတ်ပြု ချီးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်အဖွဲ့ (ASEAN-OSHNET) အနေဖြင့် ASEAN-OSHNET Excellence Award နှင့် Best Practices Award ဆုများကို ၂၀၁၆ ခုနှစ် မေလတွင် မီယက်နမ်နိုင်ငံ၌ ကျင်းပပြုလုပ်မည့် တတိယအကြိမ်မြောက် အာဆီယံလုပ်ငန်း ခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးညီလာခံတွင် ချီးမြှင့်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိမှု ပုံရိပ်အား မြှင့်တင်ပေးနိုင်ရန်အတွက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်က ချီးမြှင့်မည့်ဆုများ၀င်ရောက်ယှဉ်ပြိုင်နိုင်ရန် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းပိုင်ရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

သတ်မှတ်လျှောက်လွှာပုံစံ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာမှတ်တမ်း၊ ဆုရွေးချယ်ရေး လုပ်ငန်းစဉ် အချိန်ဇယားတို့ကို ဦးဥက္ကာသိန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဈမိုင်ခွဲ၊ မဟာစည်မှတ်တိုင်၊ မရမ်းကုန်းမြို့နယ် ဖုန်း-၀၁-၆၅၀၂၉၅သို့ ဆက်သွယ်၍ဖြစ်စေ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများတွင်ဖြစ်စေ၊ သက်ဆိုင်ရာစက်မှုဇုန်ကော်မတီရုံးများ၌ဖြစ်စေ၊ fgllid.osh.promo@gmail.comသို့ စာရေးသားပေးပို့၍ဖြစ်စေ၊ Fgllid OSH Promo Facebook Page တွင်ဖြစ်စေ ရယူနိုင်ကြောင်း အသိပေးအပ်ပါသည်။

အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုရွေးချယ်ရေးအဖွဲ့

အမည်ပြောင်း

ဦးဝင်းနိုင် ၁၀/သဖရ(နိုင်)၀၂၃၆၅ ၏သား တက္ကသိုလ်ဝင်တန်း (D) အထက(၂) တာမွေမှ မောင်သူဇင်ဆက်အား မောင်ဟိန်းဇံဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကျွန်တော်နဲ့ စီးပွားရေးမဟာဗျူဟာ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှု မဏ္ဍိုင်လေးရပ်အနက် နောက်ဆုံးမဏ္ဍိုင်ဟာ ပဋိဂလိကစီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုပဲဖြစ်တယ်။ အမှန်တကယ်တော့ ၁၉၆၂ ခုနှစ်ကစပြီး ပဋိဂလိကကဏ္ဍဟာ ပုံစံအမျိုးမျိုးနဲ့ မွေးမြူနှိမ်ခဲ့ရပါတယ်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကြောင့် လည်းကောင်း၊ အချိန်ပေးပြီး စီးပွားရေးကို ဆောင်ရွက်ခဲ့တာကြောင့် ပဋိဂလိကကဏ္ဍဟာရှင်သန်မှုနှေးကွေးခဲ့ရတယ်။ အခုတော့ ဒီကဏ္ဍကို အသိအမှတ်ပြုရုံမက အားကိုး အားထားပြုလျက်ရှိတာ ဝမ်းသာစရာတွေ့ရှိရပါတယ်။ အမှန်တကယ်တော့ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပဋိဂလိကကဏ္ဍဟာ သော့ချက်ဖြစ်ပါတယ်။ စျေးကွက်စီးပွားရေးရဲ့ အနှစ်သာရဟာ ပဋိဂလိကကဏ္ဍပဲဖြစ်တယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပဋိဂလိကကဏ္ဍ ရှင်သန်ရေးတိုးတက်ဖွံ့ဖြိုးရေးကို အားပေးပြီး လိုအပ်တဲ့ ကူညီမှုတွေ၊ ပံ့ပိုးမှုတွေ ပြုလုပ်သွားရမှာဖြစ်တယ်။

ပဋိဂလိက ကဏ္ဍလုပ်ရှားသွက်လက်အောင် လိုအပ်တဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ လုံလောက်တဲ့ မက်လုံးတွေ ထုတ်ဖော်ဖန်တီးရမှာသာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရဟာ ဇာတ်ခုံပေါ်က ကန့်လန့်ကာကြိုးကို ဆွဲသူဖြစ်ပြီး ကပြလုပ်ရှားသူတွေက ပဋိဂလိက ကဏ္ဍသာဖြစ်ပါတယ်။ ပဋိဂလိက ကဏ္ဍရှင်သန်ရေးနဲ့ ပတ်သက်လာရင် လုပ်ငန်းကုမ္ပဏီအဖွဲ့အစည်းများအနေနဲ့ ရွေးချယ်ဖော်ဆောင်တဲ့ စီးပွားရေးမဟာဗျူဟာဟာ အလွန်အရေးပါလှပါတယ်။ စီးပွားရေးမဟာဗျူဟာအမျိုးမျိုးရှိတဲ့အနက် ထင်ရှားတဲ့ မဟာဗျူဟာတစ်ရပ်က "ပင်လယ်ပြာ" စီးပွားရေးမဟာဗျူဟာဖြစ်ပါတယ်။ အနက်အဓိပ္ပာယ်က ယှဉ်ပြိုင်မှုကင်းရှင်းတဲ့ စီးပွားရေးမဟာဗျူဟာကို ရွေးချယ်ခြင်းပဲဖြစ်တယ်။ တချို့ကတော့ ဒီပင်လယ်ပြာစီးပွားရေးမဟာဗျူဟာက ယုတ္တိမရှိဘဲ အချိန်တန်ရင် ပြာနေတဲ့ ပင်လယ်ပြင်ကြီးဟာ ဝင်ရောက်လာတဲ့ ယှဉ်ပြိုင်မှုတွေကြောင့် နီလာနိုင်တယ်လို့ ဆိုကြတယ်။ တချို့ကတော့ ပျော့ပျောင်းမှုဟာ အရေးပါလှတယ်လို့ ပြောကြပြန်တယ်။ တချို့ကြပြန်တော့ လက်ဦးဖို့ လိုအပ်ကြောင်း အကြံပေးကြသလို တချို့ကတော့ နောက်ကမြန်မြန်လိုက်နိုင်ဖို့ လိုအပ်တယ်လို့ အကြံပြုကြတယ်။ အခုလို စီးပွားရေးမဟာဗျူဟာအမျိုးမျိုးကိုဖော်ထုတ်ခဲ့ကြတာမို့ ပဋိဂလိကလုပ်ငန်းရှင်များအနေနဲ့ ဘယ်ဗျူဟာကို ရွေးချယ်ရမယ်ဆိုတဲ့ အခက်အခဲကို ရင်ဆိုင်နေရတာတွေ့ရပါတယ်။

အမှန်တော့ အခုခေတ်စီးပွားရေးဟာ အပြောင်းအလဲမြန်ဆန်လှပြီး စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရတာမို့ မှန်ကန်တဲ့ စီးပွားရေးမဟာဗျူဟာကို ရွေးချယ်နိုင်ဖို့ အထူးလိုအပ်လျက်ရှိပါတယ်။ ဥပမာအနေနဲ့ ပန်းချီဆရာတစ်ဦးဟာ ပန်းချီကားတစ်ချပ်ကိုရွေးချယ်ရာမှာ အရောင်မျိုးစုံကိုရောစပ်ပြီး ဖော်ထုတ်ခဲ့သလိုပါပဲ။ အခြေခံအရောင်လေးများဖြစ်တဲ့ အဝါ၊ အစိမ်း၊ အနီ၊ အပြာရှိသလို အခြေခံစီးပွားရေးမဟာဗျူဟာလေးမျိုး ရှိပါတယ်။ ပထမဆုံး စီးပွားရေးမဟာဗျူဟာတစ်ခုကတော့ စီးပွားရေးတက္ကသိုလ်တွေမှာ သင်ကြားပို့ချတဲ့ သမားရိုးကျမဟာဗျူဟာတစ်ရပ်ဖြစ်ပါတယ်။ ဒီဗျူဟာအရ လုပ်ငန်းအဖွဲ့အစည်းတစ်ခုဟာ စျေးကွက်အတွင်းရှိနေတဲ့ ကွက်လပ်တစ်ခုကို ရှာဖွေဖော်ထုတ်ပြီး ဒီကွက်လပ်ဖြည့်နိုင်မယ့် အစီအစဉ်ရေးဆွဲပြီး အောင်မြင်အောင်အကောင်အထည်ဖော်ခြင်းပဲဖြစ်ပါတယ်။ ဒီဗျူဟာကို အောင်မြင်စွာ အသုံးချနိုင်ဖို့ လိုအပ်တဲ့အခြေခံကတော့ တည်ငြိမ်တဲ့ စျေးကွက်ပဲဖြစ်ပါတယ်။ ဒါပေမယ့် မျက်မှောက်ခေတ်ကာလမှာ တည်ငြိမ်နေတဲ့ စျေးကွက်ဆိုတာ မရှိသလောက် ရှားပါးလှတာမို့ အခြားဗျူဟာတွေကို စဉ်းစားဖို့လိုအပ်ပါတယ်။

ဒုတိယစီးပွားရေးမဟာဗျူဟာကတော့ အခြေအနေနဲ့ ကိုက်ညီအောင် ညှိနှိုင်းဖော်ထုတ်မှုပဲဖြစ်ပါတယ်။ ဒီဗျူဟာက နည်းပညာကုမ္ပဏီများအတွက် သင့်လျော်တာကို တွေ့ရပါတယ်။ အသစ်အဆန်းမြောက်မြားစွာကို စမ်းသပ်ပြီး အောင်မြင်မှုရှိနိုင်တာကို ရွေးချယ်ပြီး တိုးပွားအောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

တတိယစီးပွားရေးမဟာဗျူဟာကတော့ လူကြိုက်များလှတဲ့ အိုင်ဖုန်းကုမ္ပဏီက ရွေးချယ်ဖော်ထုတ်တဲ့ ဗျူဟာဖြစ်ပါတယ်။ တစ်ကြိမ်တစ်ခါမျှ မရှိသေးတဲ့ စျေးကွက်တစ်ခုကို ဖော်ထုတ်ပြီး အခွင့်အရေးယူတာ မျိုးဖြစ်ပါတယ်။

နောက်ဆုံး စီးပွားရေးမဟာဗျူဟာကတော့ အခြားလုပ်ငန်းအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး စျေးကွက်အသစ်များကို ဖော်ထုတ်ခြင်းဖြစ်ပါတယ်။ အခုလို အခြေခံစီးပွားရေး မဟာဗျူဟာလေးရပ်ရှိပေမယ့် တစ်ခုတည်းကို ရွေးချယ်တာမဟုတ်ဘဲ အခြေအနေအရ လေးခုအနက် သင့်တော်ရာကို ရွေးချယ်ခြင်းဖြစ်ပါတယ်။ တစ်နည်းပြောရရင် ဘယ်သန်ရောညာသန်ပါ ဖြစ်နေသူတစ်ဦး. . . ။ တစ်ခုတော့ရှိပါတယ်။ မှန်ကန်တဲ့ မဟာဗျူဟာရွေးချယ်တဲ့နေရာမှာ တစ်ခုကတစ်ခု ပြောင်းလဲဖို့ လွယ်ကူတဲ့ ကိစ္စရပ်မဟုတ်တာကိုတော့ သတိပြုသင့်ပါတယ်။ ဖော်ပြခဲ့တဲ့ မဟာဗျူဟာများအနက် အချိန်ကာလ ပကတိအခြေအနေကို အခြေခံပြီး ရွေးချယ်သွားရမှာသာ ဖြစ်ပါတယ်။ ပဋိဂလိကစီးပွားရေးလုပ်ငန်းများအနေနဲ့ အရေးကြီးဆုံး စဉ်းစားရမယ့်အချက်က နိုင်ငံရေးဘောဂပေဒပဲဖြစ်ပါတယ်။ စီးပွားရေး နဲ့ နိုင်ငံရေးကဏ္ဍတို့ဟာ ဆက်စပ်နေကြပါတယ်။ ခွဲခြားလို့ မဖြစ်တာမို့ ပဋိဂလိကလုပ်ငန်းရှင်များအနေနဲ့ နိုင်ငံရေးအခြေအနေတွေနဲ့ပတ်သက်ပြီး ရင်းနှီးရမှာဖြစ်ပါတယ်။

အခုခေတ်စီးပွားရေးဟာ အပြောင်းအလဲမြန်ဆန်လှပြီး စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရတာမို့ မှန်ကန်တဲ့ စီးပွားရေးမဟာဗျူဟာကို ရွေးချယ်နိုင်ဖို့ အထူးလိုအပ်လျက်ရှိ

ရေဘေးသင့်အိမ်ထောင်စုများသို့ ဆန်နှင့်စားသုံးဆီများ ပေးအပ်လျှောဒါန်း

ဆားလင်းကြီး သြဂုတ် ၁၆

ဆားလင်းကြီးမြို့နယ် ကြေးနီစီမံကိန်းများ အနီးပတ်ဝန်းကျင် ကျေးရွာများရှိ ရေဘေးသင့် အိမ်ထောင်စုများသို့ သြဂုတ် ၁၄ ရက်က ဆန်နှင့်စားသုံးဆီများ ပေးအပ်လျှောဒါန်းခြင်း အခမ်းအနားကို ဆားလင်းကြီးမြို့နယ် တောင်ပလူ ကျေးရွာအုပ်စု ကျော်ရွာအနီး လက်ပံတောင်းတောင် တောင်ကြားစေတီ သာသနာ့ဗိမာန်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့် အိမ်ထောင်စုများသို့ မြန်မာပြည်တွင်း တရုတ်ကုမ္ပဏီများအသင်း၊ မြန်မာ၀မ်ပေါင် မိုင်းနင်းကုမ္ပဏီနှင့် မြန်မာယန်စီကော့ပါး ကုမ္ပဏီတို့မှ ရေဘေးသင့်ကျေးရွာ ပေါင်း ၃၂ ရွာမှ ရေဘေးသင့် အိမ်ထောင်စု ၄၆၁၇ စုကို ဆန်အိတ် ၁၂၀၀ နှင့် ဆီပုံး ၁၀ ပိသာ၀င်ပုံး ၃၀၀ အချိန် ၃၀၀၀ ကို ပေးအပ်လျှောဒါန်းခြင်းဖြစ်သည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေ၀န်ကြီး ဦးအောင်ဇော်ဦး၊ ယင်းမာပင်ခရိုင်မှ ဌာနဆိုင်ရာတာ၀န်ရှိသူများ၊ မြန်မာပြည်တွင်း တရုတ်ကုမ္ပဏီများအသင်း အတွင်းရေးမှူးနှင့် တာ၀နျ်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် ဌာနဆိုင်ရာ တာ၀နျ်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရေဘေးသင့်ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဦးငယ်(ဆားလင်းကြီး)

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး တွင် သြဂုတ် ၁၄ ရက်က ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်း အမှတ်စဉ် (၁၆/၂၀၁၅) သင်တန်းဆင်းပွဲကို ကျင်းပရာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေးက သင်တန်းဆင်းလက်မှတ်များနှင့် ဆုတံဆိပ်များပေးအပ်စဉ်။ ကျော်စိုးမိုး(မဂ်လာတောင်ညွှန့်)

ကျေးရွာများ၏ ငွေစာရင်းထိန်းသိမ်းမှု သင်တန်းပို့ချ

သိန်းနီ သြဂုတ် ၁၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေ၀န်ကြီးဌာန သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာများ၏ ငွေစာရင်းထိန်းသိမ်းမှုသင်တန်းကို သြဂုတ် ၁၂ ရက် နံနက် ၉ နာရီက သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းမှု သင်တန်းတွင် သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးထွဏ်းက ငွေစာရင်းထိန်းသိမ်းမှု သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာမိုင်းသန်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းမြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်းဖြင့် ကျေးရွာပေါင်း ၂၆ ရွာ၊ အိမ်ခြေ ၁၃၆၂ လူဦးရေ ၆၈၄၃ ကို အကျိုးပြုမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကျေးရွာများမှ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ပြီး နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မန္တလေး သြဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး တိုင်းရဲအကူတပ်ဖွဲ့ခွဲမှ ရဲအုပ်ဝင်းဆွေ ဦးဆောင်သည့်ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေး၀ါးများ ရောင်းချနေကြောင်း သတင်းအရ သြဂုတ် ၁၃ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၆ လမ်းနှင့် ၂၇ လမ်းထောင့် ဆီဒိုးနားဟိုတယ်အရှေ့ တောင်ထောင့်တွင် စောင့်ဆိုင်းနေစဉ် ၆၆ လမ်းပေါ် မြောက်မှတောင်သို့ သီဟထွန်း(ခ) ကိုကို မောင်းနှင်ပြီး မနီလာ၀ေတို့စီးနင်းလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ရှာဖွေရာ ၄င်းတို့စီးနင်းလာသော ဆိုင်ကယ်တူးဘောက်စ်အတွင်း စိတ်ကြွရူးသွပ်ဆေး စုစုပေါင်း ဆေးပြား ၁၁၉၀ အလေးချိန် ၁၁၉ ဂရမ်ခန့် သိမ်းဆည်းရမိခဲ့သည်။

သို့ဖြစ်ပါ၍ စိတ်ကြွရူးသွပ်ဆေးပြား လက်ဝယ်တွေ့ရှိသူ မနီလာ၀ေ (၂၈နှစ်) ဘုရားငါးဆူ အမရဌာနီ အရှေ့ (၂၁)ရပ်ကွက် အောင်မြေသာစံမြို့နယ် နေသူနှင့် သီဟထွန်း(ခ)ကိုကို (၁၈ နှစ်) အောင်မြေသာစံမြို့နယ် နေသူတို့ နှစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချခိုင်းသူ ဒေါ်နန်းဌေးဌေးရင်(ခ)ဒေါ်ဌေးဌေးယဉ်(၄۶ နှစ်) ကောင်လွင် ကျေးရွာ မန်စီမြို့နယ် နေသူတို့ သုံးဦးကို ချမ်းအေးသာစံမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

လိုင်စင်မဲ့ အရက်ချက်ရောင်းချသူအား အရေးယူ

နတ်မောက် သြဂုတ် ၁၆

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ရွာသစ်ရွာနေ ဒေါ်အေးဆင့် (၄၉နှစ်)၏ နေအိမ်ကို နတ်မောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သြဂုတ် ၁၂ ရက်က ဝင်ရောက်ရှာဖွေခဲ့ရာ ၄င်း၏နေအိမ်မှ ချက်လုပ်ခွင့်လိုင်စင်မရှိဘဲ အရက်ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်လိုင်စင်မဲ့ တောချက်အရက် ၁၂ ပုလင်းကို သိမ်းဆည်းရမိခဲ့သည့်အတွက် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ညီညာ (မြေလတ်)

ကျန်းမာရေးအသိပညာပေးဟောပြော

တကောင်း သြဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့နယ် အမှတ် (၂) ရပ်ကွက်ရှိ အထကကျောင်း၌ သြဂုတ် ၁၂ ရက်က သပိတ်ကျင်းမြို့နယ် ရပကနအဖွဲ့မှ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ကျင်းပရာ အခမ်းအနားသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။ သပိတ်ကျင်းမြို့နယ် ရပကနအဖွဲ့တာ၀နျ်ခံ ဦးမျိုးမြင့်က အခမ်းနားတက်ရောက်ကြသူများအား ခြင်ကြောင့်ဖြစ်သော ဌက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ကိုကိုအောင် (တကောင်း)

မိုးရာသီဘေးလုံးပြိုင်ပွဲ ကျင်းပ

မန်စီ သြဂုတ် ၁၆

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့ ၂၀၁၅ ခုနှစ် မြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာ U-20 အမျိုးသား ဘေလုံးပြိုင်ပွဲဖွင့်ပွဲကို သြဂုတ် ဒုတိယပတ် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးသက်နောင်ဖြူက အမှာစကားပြောကြားသည်။ ပြိုင်ပွဲတွင် ပတ်လည်အမှတ်ပေးစနစ်ပြိုင်ပွဲတွင် အသင်း ခြောက်သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး ပွဲဦးထွက်အဖြစ် မျိုးချစ်လူငယ် အသင်းနှင့် Two Star FC အသင်းယှဉ်ပြိုင်ကစားရာ Two Star FC အသင်းက အနိုင်ရရှိခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဓမ္မဝိဒူဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျန်းမာရေးစစ်ဆေး

တောင်ကြီး သြဂုတ် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က တောင်ကြီးမြို့ ရတနာသီရိရပ်ကွက်ရှိ ဓမ္မဝိဒူဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ခြင်းကို သြဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပကြောင်း သိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ဖြူဖြူညွန့်၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောင်းကျန်းမာရေးအဖွဲ့ ဒေါက်တာဒေါ်ခင်နှင်းရီ ဦးဆောင်သောအဖွဲ့က ဓမ္မဝိဒူဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ သာမဏေအပါး ၃၀၊ ကျောင်းသားကျောင်းသူ ၂၂၅ ဦးတို့ကို သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးနေမှုတို့ကို လှည့်လည်ကြည့်ရှုကြပြီး သာမဏေနှင့် ကျောင်းသား ကျောင်းသူများကို သွားတိုက်တံ၊ သွားတိုက်ဆေး၊ စောင်များပေးအပ်ပြီး ကျောင်းကျန်းမာရေးအဖွဲ့က ဆေးပစ္စည်းများ ပေးအပ်လျှဒါန်းကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် ဧရာဝတီမြစ်ရေ ကျဆင်းသွားပြီဖြစ်၍ ပြန်လည်ထူထောင်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၁၂ ရက်က မြို့မဈေးကြီးအတွင်း လမ်းများပေါ်ရှိ ရွံ့နုန်းများ ဆယ်ယူရှင်းလင်းခြင်း၊ အထူးသန့်ရှင်းရေးဆောင်ရွက်ခြင်း လုပ်ငန်းများ စုပေါင်းဆောင်ရွက်စဉ်။

ကျော်သက်အောင်(အောင်လံ)

အမျိုးသမီးဂေဟာရှိ ကလေးငယ်များအတွက် ငွေနှင့်ပစ္စည်းထောက်ပံ့

ကလေး သြဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကလေးမြို့ အေးရိပ်မွန်အမျိုးသမီးဂေဟာရှိ ရေဘေးသင့် ကလေးငယ်များ ပြန်လည်ထူထောင်ရေးအတွက် ငွေနှင့်ထောက်ပံ့ပစ္စည်းလျှဒါန်းပွဲကို သြဂုတ် ၁၄ ရက် ညနေပိုင်းက အဆိုပါရိပ်သာ၌ ကျင်းပသည်။

ယင်းလျှဒါန်းပွဲတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝေဝေခိုင်နှင့် အဖွဲ့ဝင်များက ကျောင်းသူ ၃၆ ဦးအတွက် ထောက်ပံ့ငွေကျပ် လေးသိန်း၊ ဆန်အိတ်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် ကလေးမြို့ သီလရှင် ပရိယတ္တိသာသနာပြုစာသင်တိုက်ရှိ သီလရှင်များအတွက် ငွေနှင့် လျှုဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လျှဒါန်းခဲ့ကြောင်း သိရသည်။

ဂျနိုင်း

တောင်သူများအား လျော်ကြေးငွေပေးအပ်

ရေတာရှည် သြဂုတ် ၁၆

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဖောက်လုပ်စဉ်က နစ်နာဆုံးရှုံးခဲ့သော တောင်သူများအား ဒုတိယအကြိမ်မြောက် လျော်ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို သြဂုတ် ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် နစ်နာဆုံးရှုံးသွားခဲ့ရသော တောင်သူများအား ပထမအကြိမ် လျော်ကြေးငွေများ ပေးအပ်ခဲ့ပြီးနောက် ကျန်ရှိသည့်တောင်သူများအား ကွင်းဆင်းစိစစ်၍ ထပ်မံပေးအပ်ခြင်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်က အမှာစကားတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

ထို့နောက် အမြန်လမ်းတစ်လျှောက်ရှိ ကြိသန္ဓယ်၊ ပေါက်ချောင်း၊ ပိတောက်ခင်၊ ဇလုပ်ကြီး၊ ကွင်းကြီး၊ သိုင်းဝ၊ ဂုံမင်းကွင်းကျေးရွာအုပ်စုများရှိ တောင်သူ ၁၇၈ ဦး ပိုင်ဆိုင်သည့် လယ်/ယာမြေဧက ၃၃၆ ဒသမ ၇၆ ဧကအတွက် လယ်မြေတစ်ဧကလျှင် ငွေကျပ်လေးသိန်းနှုန်း၊ ယာမြေတစ်ဧကလျှင် ငွေကျပ်သုံးသိန်း ငါးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၂၆၅ သိန်းကျော်ကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

အခြေခံပညာကျောင်းများကို ကျောင်းဝတ်စုံများထောက်ပံ့

ကန့်ဘလူ သြဂုတ် ၁၆

ကန့်ဘလူမြို့ အမှတ် (၂)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ သြဂုတ် ၁၃ ရက်က နိုင်ငံတော်အစိုးရက ကျောင်းဝတ်စုံများထောက်ပံ့ပေးရာ သူငယ်တန်းမှစတုတ္ထတန်းအထိ ကျောင်းသားတစ်ဦးလျှင် ဝတ်စုံတစ်စုံနှုန်းဖြင့် ကျောင်းဝတ်စုံ ၂၈၇ စုံ ထောက်ပံ့ပေးခဲ့ကြောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းထံမှ သိရသည်။

အဆိုပါ အခြေခံပညာကျောင်းများတွင် ပထမအကြိမ်အဖြစ် ကျောင်းဝတ်စုံပေါင်း ၂၅၅၂ စုံ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဒုတိယအကြိမ်ကို သြဂုတ်လကုန်အပြီးတွင် ဖြန့်ဝေပေးမည်ဖြစ်ပြီး ကန့်ဘလူမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၂၆၈ ကျောင်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အောင်ဝင်းဦမိုး(ကန့်ဘလူ)

ရေကြီးနစ်မြုပ်လယ်မြေများ အချိန်မီစိုက်ပျိုးနိုင်ရေး ကူညီထွန်ယက်ပေးမည်

ဟသံ်တ သြဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၄၉) စက်မှုလယ်ယာစခန်းမှ ဇလွန်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော လယ်မြေဧက ၆၈၀ ကို အချိန်မီ မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဇလွန်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းဝင်း ဦးဆောင်၍ထွန်စက်ကြီးများဖြင့် ကူညီထွန်ယက်ပေးရန် အသင့်ပြင်ဆင်ထားရှိကြောင်းနှင့် တောင်သူများပိုင် လယ်ယာသုံးစက်ကိရိယာများ ပျက်စီးမှုရှိပါကလည်း ဌာနမှကူညီ၍ အချိန်မီပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အေးထွန်း-ဟသံ်တ

တာတမံများအား ကြိုတင်ကာကွယ်ပြုပြင် ပွင့်လင်းရာသီတွင် အခိုင်အမာဆောင်ရွက်မည်

ဟသံ်တ သြဂုတ် ၁၆

ဧရာဝတီတိုင်း ဒေသကြီး ဟသံ်တမြို့၌ ဧရာဝတီမြစ်ရေသည် အမြင့်ဆုံးရေအမှတ် ၄၈ ဒသမ ၁၅ ပေသို့ ဇူလိုင် ၃၀ ရက်မှ သြဂုတ် ၇ ရက်အတွင်း မြင့်တက်လာရာ ဟသံ်တမြို့ရှိ စည်ပင်တာတမံအတွင်းတွင် ရေအပေါက်ပေါင်း ၁၃ ပေါက် ပေါက်ခဲ့ပြီး အဆိုပါ ရေပေါက်များကို ဆည်မြောင်းဦးစီးဌာနက ကြီးကြပ်၍ တာများကို ရေခွေခွေ၍ ကာကွယ်ခြင်း၊ တာတမံနိမ့်သော နေရာများ၌ မြစ်ရေမကျော်စေရန်အတွက် အလျား ပေ ၂၀၀ သဲအိတ်ဆင့် ကာကွယ်ခြင်းနှင့် တာတမံများအားလုံးကို တာအိတာလျှောမဖြစ်စေရေးနှင့် ပိုမိုတောင့်တင်း ခိုင်မာစေရန်အတွက် အလျားပေ ၃၀၀ တုတ်တန်းရိုက်၍ သဲအိတ်များဖြင့် ဖြည့်ဆည်းကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။

မြစ်ရေများ ပြန်လည်ကျဆင်းပြီးနောက် ထပ်မံ၍ နောက်တစ်ရေမတက်လာမီ ဆည်မြောင်းဦးစီးဌာနက Mini Backhoe ဖြင့်လည်းကောင်း၊ ဆည်မြောင်းလုပ်သားများ အင်အားဖြင့်လည်းကောင်း၊ ရေပေါက်နေရာများ၌ တာတမံအားတူး၍ ရေပေါက်များ ပိတ်ဆို့ခြင်း၊ တာတမံရှေ့မှ တုတ်တန်းရိုက်၍ မြေဖြည့်ကာ ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို သြဂုတ် ၁၃ ရက်ကစတင်၍ အလျင်အမြန်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေများကျဆင်းသွားပြီး ပွင့်လင်းရာသီသို့ ရောက်ရှိပါက အဆိုပါ စည်ပင်တာတမံအား ထပ်မံ၍ အခိုင်အမာ ဖြစ်အောင် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

ဟသံ်တ(ခရိုင် ပြန်/ဆက်)

ပခန်းသစ်သားကျောင်းတော်ကြီးကို ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ကြည့်ရှုစစ်ဆေးစဉ်။

ပုဂံဒေသရှိ ရှေးဟောင်းသာသနိကအဆောက်အအုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် သြဂုတ် ၁၆

ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသတွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဘုရားနှင့် သာသနိကအဆောက်အအုံများ၊ မြို့ရိုးနှင့်မြို့ဝင်ပေါက်များ စသည်ဖြင့် အဆောက်အအုံနှင့် ရှေးဟောင်းကုန်းပေါင်း ၃၀၀၀ ကျော် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ထားမှုများကို ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက သြဂုတ် ၁၀ ရက်မှ ၁၂ ရက်အထိ ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးက ကမ္ဘာတစ်ဝန်းရှိ ရှေးဟောင်းအဆောက်အအုံများသည် လူတို့ကြောင့် သော်လည်းကောင်း၊ တိရစ္ဆာန်တို့ကြောင့် သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း ထိခိုက်ပျက်စီးလျက်ရှိကြောင်း၊ ကြီခိုင်ရေးစိစစ်ရာတွင် မိုးဒဏ်အပါအဝင် လေဒဏ်၊ ငလျင်ဒဏ်နှင့် မီးဘေးအတွက်ပါ ကြိုတင်စီစစ်ရန်လိုကြောင်း မှာကြားသည်။

ဒုတိယဝန်ကြီးသည် သြဂုတ် ၁၁ ရက်က ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်၊ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ရေရှည်တည်တံ့စေရေး၊ အရှေ့တောင်အာရှနိုင်ငံများအတွင်း အကြွယ်ဝဆုံးတည်ရှိသည့် နံရံဆေးရေးပန်းချီနှင့် အနုလက်ရာများ ရေရှည်တည်တံ့စေရေး၊ မိုးရေစိမ့်ဝင်မှုမရှိအောင် ပြင်ဆင်မွမ်းမံရေး၊ ရှေးဟောင်းအဆောက်အအုံများအနီး ရေစီးရေလာကောင်းမွန်စေရေး၊ ပလတ်စတစ်အမှိုက်များ ကင်းစင်စေရေး၊ ရှေးဟောင်းအဆောက်အအုံများ၏ ရေစိမ့်ဝင်မှုခံနိုင်ရည် စိစစ်နိုင်ရေးနှင့် အဆောက်အအုံများ၏ကြီခိုင်မှုအခြေအနေအရ ဘုရားပေါ် တက်ရောက်ခြင်းကို လူအင်အားအကန့်အသတ်ဖြင့်သာ ခွင့်ပြုနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပုဂံဌာနခွဲဝန်ထမ်းများနှင့်အတူ ကမ္မဘုန်းတော်ကြီးကျောင်းအတွင်း ခေတ္တနေထိုင်လျက်ရှိသည့် ညောင်ဦးခရိုင် တောင်ဘီကျေးရွာအုပ်စု ဆယ်လံကျေးရွာမှ ရေဘေးသင့်အိမ်ထောင်စုဝင် ၆၀၀ ခန့်ကို တွေ့ဆုံအားပေးကာ ကျေးရွာပြန်လည်ထူထောင်ရေးအတွက် အလျှော့ငွေ ပေးအပ်လျှောဒါန်းခဲ့သည်။ ဆက်လက်၍ သြဂုတ် ၁၂ ရက်က ပခုက္ကူမြို့နယ်ရှိ ပခန်းကြီးဒေသသို့သွားရောက်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ရန်ပုံငွေဖြင့် မွမ်းမံထိန်းသိမ်းထားသည့် ပခန်းသစ်သားကျောင်းတော်ကြီး ကြီခိုင်မှု၊ ပခန်းကြီးပြတိုက်ခင်းကျင်းမှု၊ ပခန်းကြီးပတ်ဝန်းကျင်ရှိ ရှေးဟောင်းစေတီ ဘုရားပုထိုးများအား ကြီခိုင်ရေးဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ဗိုလ်ချုပ်ကြီး ရန်ကုန်ရောက်

ရန်ကုန် သြဂုတ် ၁၆

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ဗိုလ်ချုပ်ကြီး ဗိုလ်မှူးကြီး ဝေါဟိန်းထွန်းသည် ယနေ့ညနေ ၄ နာရီခန့်တွင် ရန်ကုန်ရောက်ရှိခဲ့ပြီး ဗိုလ်ချုပ်ကြီး ဗိုလ်မှူးကြီး ရန်ကုန်ရောက်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး ရေနံချောင်းခရိုင် ရေနံချောင်းမြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် သြဂုတ် ၁၆

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "အေးချမ်းသာယာပြည်မြန်မာ"ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားပါမည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာ အလှအပများ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀×၁၄)လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။

(ဂ) ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများကို ယှဉ်ပြိုင်ခြင်းမပြုရပါ။

(ဃ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများမဖြစ်ရပါ။

(င) ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။

(စ) ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲတွင်ဆုရရှိသူများအား ပထမဆုငွေကျပ် ၈၀သိန်း၊ ဒုတိယဆုငွေကျပ် သုံးသိန်း၀၀သောင်း၊ တတိယဆု ငွေကျပ်နှစ်သိန်းနှင့် အထူးဆုငွေကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက် ညနေ ၄ နာရီနောက်ဆုံးထားဒ၊ ဦးဆန်းဝင်း ဒုတိယညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စေတုတ္တရာမြို့နယ်၌ မိုးစပါးများအချိန်မီစိုက်ပျိုးနိုင်ရေး မျိုးစပါးများဖြန့်ဝေ

မကွေး သြဂုတ် ၁၆

မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးဒဏ်ခံခဲ့ရသည့် စေတုတ္တရာမြို့တွင် ယခုအခါ ဆက်သွယ်သွားလာရေးကောင်းမွန်လာပြီဖြစ်ရာ ရေနစ်မြုပ် ပျက်စီးသွားသော လယ်မြေများကို မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

စေတုတ္တရာမြို့နယ်တွင် စိုက်ဧက ၇၃၇၁ ဧက ရှိသည့်အနက် ၇၀၁ ဧက ရေနစ်မြုပ်ပျက်စီးခဲ့ရာ ပျိုးခင်း ၄၉၁ ဧကနှင့် စိုက်ပျိုးပြီး ဧက ၂၁၀ ဖြစ်သည်။ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစပါးများကို တစ်ဧကတစ်တင်းနှုန်းဖြင့် ကျေးရွာအလိုက်ဖြန့်ဝေပေးလျက်ရှိသည်။

စေတုတ္တရာမြို့နယ်တွင် ဖြန့်ဝေသည့် မျိုးစပါးများမှာ ရက် ၉၀ မျိုးစပါး၊ ဗီယက်နမ်မျိုးစပါး၊ ရတနာတိုး မျိုးစပါးများဖြစ်ပြီး ယနေ့အထိ မျိုးစပါးတင်းရေ ၁၀၈၀ ရောက်ရှိခဲ့၍ သြဂုတ် ၁၃ ရက် အထိ ကျေးရွာများမှ မျိုးစပါး ၁၆၇ တင်း လာရောက်ထုတ်ယူပြီးဖြစ်ရာ ၅၄ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

စေတုတ္တရာမြို့နယ်တွင် လယ်ယာများ စိုက်ပျိုးကြရာ တိုက်ရိုက်စိုက်ပျိုးခြင်းကို မျိုးစေ့ချစိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ပက်ကြဲစိုက်ပျိုးခြင်းဖြင့် လည်းကောင်း၊ ရေမနစ်သည့် ကုန်းပိုင်းရှိ ပျိုးခင်းများမှ ပျိုးပင်များကို ရွှေ့ပြောင်းစိုက်ပျိုးခြင်းဖြင့်လည်းကောင်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

ရေဘေးသင့်ပြည်သူများသို့ သီတဂူဆရာတော်အရှင်ဥာဏိသဿရ၏ စီမံမှုဖြင့် လှူဒါန်းနိုင်ရန်အတွက် သြဂုတ်ဒုတိယပတ်က ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းနှင့် အလှူရှင်များက အလှူငွေကျပ် ၆၅ သိန်း၊ ဆန် ၃၂ အိတ်၊ ခေါက်ဆွဲခြောက်များနှင့် အဝတ်အထည် စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၈၀ ကို မြောက်ဒဂုံရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သို့ ပထမအကြိမ် သွားရောက်လှူဒါန်းစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်

ကျိုင်းတုံ သြဂုတ် ၁၆

လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနက ပူးပေါင်းကျင်းပသော မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၁၄ ရက် က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဝမ်မိုင်ရွာရှိ ပြန်လည်ထူထောင်ရေးစခန်း၌ ပြုလုပ်သည်။

ရှေးဦးစွာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဦးက အမှာစကားပြောကြားပြီး သင်တန်းအတွက် ကူညီပံ့ပိုးပေးသော အလှူရှင်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက ဂုဏ်ပြုမှတ်တမ်းလွှာ များ ပေးအပ်ခဲ့သည်။

အဆိုပါ ပြန်လည်ထူထောင်ရေးစခန်းတွင် မူးယစ်ဆေးဖြတ်သူ ၃၈ ဦး ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အောင်ဇင်မြင့် (ပြန်/ဆက်)

ကျောင်းအခြေပြု မူကြိုကျောင်းဖွင့်

သံတောင်ကြီး သြဂုတ် ၁၆

ကရင်ပြည်နယ် သံတောင်ကြီးမြို့ ကျောင်းအခြေပြု မူကြိုကျောင်းဖွင့်ပွဲကို သြဂုတ် ၁၄ ရက် နံနက် ၉ နာရီက မူလွန်ကျောင်း ရပ်ကွက်(၃)၌ ကျင်းပသည်။ ရှေးဦးစွာ ခရစ်ယာန်ထုံးတမ်းစဉ်လာနှင့်အညီ ဘုန်းတော်ကြီး ဟေဇဂိုက ဆုတောင်းပေးသည်။ ထို့နောက် အထက သံတောင်ကြီးမှ ကျောင်းအုပ်ဆရာကြီး ဦးအေးနိုင်နှင့် ဒေါ်အဲလိဇာဘက်ဘကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး ပညာရည်ချွန်ဆုပေးပွဲကို အဆိုပါကျောင်း၌ ကျင်းပရာ ဌာနဆိုင်ရာများနှင့် အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့နှင့် ကျောင်းသားမိဘများ တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘုန်းတော်ကြီးကျောင်းများသို့ သတင်းစာတစ်နှစ်စာ လှူဒါန်းပွဲကျင်းပ

လှိုင်းဘွဲ့ သြဂုတ် ၁၆

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာဘုန်းတော်ကြီး ကျောင်းများသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေမှ ကျေးရွာဘုန်းတော်ကြီးကျောင်း ၅၁ ကျောင်းအတွက် သတင်းစာ တစ်နှစ်စာ ၁၅ သိန်း ၃ သောင်း ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို သြဂုတ် ၁၅ ရက်က မြို့နယ် ပြန်/ဆက်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ် ပြန်/ဆက် လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဦးစီးအရာရှိတို့က အလှူငွေများပေးအပ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်သာသနာရေးဦးစီးအရာရှိတို့က လက်ခံခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ကလေးလွင်ပြင်ဒေသ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ရှင်သူရိယ

ကလေးမြို့ ညောင်ပင်သာရပ်ကွက်လမ်းများပေါ်ရှိ စွန့်ပစ်အမှိုက်များ သယ်ယူစွန့်ပစ်နေစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဇူလိုင် ၂၈ ရက်မှစ၍ အနှစ် ၁၀၀ အတွင်း မကြုံဖူးအောင် ထူးကဲစွာ ရေကြီးရေလျှံမှုများဖြစ်၍ ဗိုလ်ချုပ်လမ်း၊ မြို့မစျေး၊ ပြည်သူ့ဆေးရုံ၊ မြို့တော်ခန်းမနှင့် အထက်တန်းကျောင်းအပါအဝင် ရပ်ကွက်ကြီး ကိုးခုနှင့် ကျေးရွာပေါင်း ၆၂ ရွာရေနစ်မြုပ်ခဲ့သည်။ ရေဘေးသင့်ဒေသများမှ ပြည်သူများအတွက် သက်ဆိုင်ရာ ရေဘေးကယ်ဆယ်ရေးအဖွဲ့က ရေဘေးကယ်ဆယ်ရေးစခန်း ၁၃ ခုကိုဖွင့်လှစ်ကာ ပြည်သူများ၏ နေရေးထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေးတို့ကိုဆောင်ရွက်ပေးခဲ့သည်။ ကလေးမြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် အိမ်ထောင်စုပေါင်း ၁၀၀၀၀ ကျော်မှ ရေဘေးသင့်ဒေသခံပေါင်း ၆၀၀၀၀ ကျော် ရောက်ရှိခဲ့ကြောင်း သိရသည်။

ကလေးမြို့ရေကြီးရေလျှံမှုသည် ရက်ရှည်ရေလျှံမှုဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုများရှိခဲ့ရာ ရေပြန်လည်ကျဆင်းချိန်တွင်လည်း ကလေးမြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် ယနေ့တိုင် ရွှံ့နွံများ၊ အမှိုက်သရိုက်များ တင်ကျန်ခဲ့ကာ ဖယ်ရှားရှင်းလင်းနေရဆဲဖြစ်သည်။ ကလေးမြို့ ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ ဒေသတွင်းပရဟိတအဖွဲ့များ၊ လူမှုရေးအဖွဲ့များမှ အဖွဲ့ဝင်များက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို ပူးပေါင်းလုပ်ကိုင်ခဲ့ကြသည်။ ကလေးမြို့ ဆည်မြောင်းဦးစီးဌာနကလည်း မြို့ပေါ် အနိမ့်ပိုင်းရပ်ကွက်များရှိ ပြည်သူများအားရေဘေးလွတ်ရာဌာနသို့ ပြောင်းရွှေ့ပေးခဲ့ကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ကလေးမြို့ရေကြီးနေစဉ် ဇူလိုင် ၃၀ ရက်မှစ၍ ဆောင်ရွက်ခဲ့သည်။

"ကျွန်တော်တို့ ကလေးမြို့ပေါ်မှာ ရေနစ်မြုပ်နေတဲ့ပြည်သူတွေကို ရေလွတ်ရာ ရေဘေးကယ်ဆယ်ရေးစခန်းအထိ ရွှေ့တဲ့ကားကြီးတွေသုံးပြီး အိမ်ထောင်စုတွေ၊ ပစ္စည်းတွေကို ခေါက်တုံ့ခေါက်ပြန် နေ့ညမနားဘဲ သယ်ပို့ခဲ့ပါတယ်။ နောက်ပြီး ဒုက္ခရောက်နေတဲ့ ရေဘေးသင့်ပြည်သူများရဲ့ စားဝတ်နေရေး၊ ကျန်းမာရေး စသော ကိစ္စတွေမှာလည်း ထောက်ပံ့ငွေနဲ့ ပစ္စည်းများလျှောဒါန်းခဲ့ပါတယ်" ဟု ကလေးမြို့ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးက ပြောသည်။

ကလေးမြို့ ရေကြီးရေလျှံမှုသည် ဇူလိုင် ၃၁ ရက်တွင် အကြီးမားဆုံးဖြစ်ပြီး နတ်ချောင်းလမ်း၊ ဗိုလ်ချုပ်လမ်း၊ ဘုရားကြီးလမ်း၊ ဇေယျာလမ်း၊ ကလေး-ကလေးဝလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ ညောင်ပင်သာရပ်ကွက်၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ အောင်သစ္စာရပ်ကွက်၊ ဘဲအင်း၊ အင်းယားကုန်း၊ ပဲဝိုင်းအစရှိသောရပ်ကွက်များ၊ လမ်းများ စုစုပေါင်းအနေဖြင့် ကလေးမြို့ တစ်ဝက်နီးပါး ရေမြုပ်ခဲ့သည်။

ဩဂုတ် ၂ ရက်မှစ၍ ရေပြန်လည်ကျဆင်းခဲ့သော်လည်း ကလေးမြို့အတွင်း ရွှံ့နွံများ၊ အမှိုက်များ၊ အပျက်အစီးများရှိနေခြင်းကြောင့် ဒေသခံပြည်သူများ သွားလာနေထိုင်ရေးအတွင် အခက်ကြုံလျက်ရှိသည်။ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မီးသတ်တပ်ဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များက ရေဘေးသင့်ပြည်သူများ၏ နေထိုင်သွားလာမှု လွယ်ကူစေရန် ကူညီရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။ ထို့အတူ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်မှုဖြင့် တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးအောင်ဘိုနှင့် ဒုတိယညွှန်ကြားရေးမှူးဦးစန်းလွင်တို့ ဦးဆောင်သော အဖွဲ့က ရေနစ်မြုပ်ခဲ့သော ကလေးမြို့ပြည်သူ့ဆေးရုံကြီးမှ အဆောက်အအုံများကို ဩဂုတ် ၅ ရက်မှစ၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဆေးရုံပြန်လည်ဖွင့်လှစ်ရေးလုပ်ငန်းများစတင်ဆောင်ရွက်ပေးခဲ့သည်။

"ကျွန်တော်တို့ ဆည်မြောင်းဦးစီးဌာနက လုပ်သားအင်အား ၄၅ ဦး၊ ရေသယံဇာတ် တစ်စီးနဲ့ ဆေးရုံအဆောက်အအုံတွေထဲမှာ ရေကြီးရေလျှံတုန်းက တင်ကျန်ခဲ့တဲ့ ရွှံ့နွံတွေ၊ အမှိုက်သရိုက်တွေအားလုံးကို ရေနဲ့ထိုးချ ရှင်းလင်းရတာပါ။ နောက်ပြီးပျက်စီးသွားတဲ့ ဆေးရုံအဆောက်အအုံတွေမှာ ဆေးပြန်သုတ်တာ၊ လျှပ်စစ်မီးတပ်ဆင်ပေးတာ၊ ရေပိုက်လိုင်းတွေပြန်ပြင်ပေးတာ အားလုံးကို ဆောင်ရွက်ပေးနေပါတယ်"ဟု ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိုက်စိုးက ပြောသည်။

ထို့အတူ ကလေးမြို့ပေါ်ရှိကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအတွင်းတင်ကျန်ရစ်ခဲ့သော ရွှံ့နွံများဖယ်ရှားခြင်း၊ ကျောင်းသူကျောင်းသားများ သွားလာရာလမ်းများနှင့် မြို့တွင်းလမ်းများမှ အမှိုက်သရိုက်များ ရှင်းလင်းခြင်းဆေးကြောခြင်းများကို တည်ဆောက်ရေး(၄)မှ မြေတူးစက် Back Hoe လေးစီး၊ ရေသယံဇာတ် ငါးစီး၊ မြေတင်ယာဉ် Loader သုံးစီးနှင့် မြေသယ်ယာဉ် Dumper ငါးစီး၊ မြေသယ်ယာဉ် အသေး Tipper ငါးစီးတို့ကို အသုံးပြုပြီး လူအင်အားများလည်း ဖြည့်ဆည်း၍ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိ တစ်ဦးထံမှ သိရသည်။

ကလေးမြို့ပေါ်နှင့် ကလေးဒေသ ပြန်လည်ထူထောင်ရေးတွင် အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ရန် ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်) အစီအစဉ်ဖြင့် ဆည်မြောင်းဦးစီးဌာန၊ စက်မှုတိုင်း(၂)၊ တောင်ငူမြို့မှ ညွှန်ကြားရေးမှူး(စက်မှု) ဦးစိုးနိုင်ဦးဆောင်သည့်အဖွဲ့သည် ကလေးမြို့သို့ ဩဂုတ် ၉ ရက်တွင် ထပ်မံရောက်ရှိခဲ့သည်။

"ကလေးမြို့ ရေကျသွားတဲ့အချိန် တင်ကျန်ရစ်ခဲ့တဲ့ ရွှံ့နွံတွေက လမ်းမပေါ်မှာ ဒုံးခေါင်းပေါင်လယ် မြုပ်တယ်။ အိမ်တွေကျောင်းတွေမှာဆိုရင် ရွှံ့တွေနွံတွေအမှိုက်တွေကို ရေပိုက်နဲ့ထိုးလို့မပြောင်နိုင်ဘူး။ လူအင်အားသုံး၊ စက်အင်အားသုံးပြီးတော့ တစ်နေကုန်ဆောင်ရွက်ရတယ်။ တစ်ချို့ရေကျသွားပြီး အခုလေးငါးဆယ်ရက်ရှိသည်အထိ လမ်းသွားလို့မရသေးတဲ့ နေရာတွေ၊ အိမ်ဝန်းထဲဝင်လို့မရသေးတာတွေ အများကြီးရှိသေးတယ်။ အခုအမက(၃)နဲ့ အထက(၁)ဆိုရင် ထို့အတူ ကလေးမြို့ လျှပ်စစ်မီးရရှိရေးအတွက် တည်ဆောက်ထားသော ဇီးချောင်းနှင့် မြောင်းငါးမွှာရေလွှဆည်၊ ထိုမာရေပေးမြောင်းများတွင် ပိတ်ဆို့နေသော သစ်တုံးများ၊ အမှိုက်များ၊ နုန်းများကိုလည်း ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ စက်ယန္တရားကြီးများဖြင့် ပြန်လည် တူးဖော်ပေးပြီးဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာန တာဝန်ရှိ တစ်ဦးထံမှ သိရသည်။

"ကလေးဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ထိထိရောက်ရောက် အင်တိုက်အားတိုက် မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရေးအတွက် ကျွန်တော်တို့က အထူးတာဝန်နဲ့ လာရောက်ခြင်းဖြစ်ပါတယ်။ တာဝန်နဲ့လာသလို စေတနာ

> **"ရေကျသွားတဲ့အချိန် တင်ကျန်ရစ်ခဲ့တဲ့ ရွှံ့နွံတွေက လမ်းမပေါ်မှာ ဒုံးခေါင်းပေါင်လယ်မြုပ်တယ်။ အိမ်တွေကျောင်းတွေမှာဆိုရင် ရွှံ့တွေ နွံတွေ အမှိုက်တွေကို ရေပိုက်နဲ့ထိုးလို့ မပြောင်နိုင်ဘူး။ လူအင်အားသုံး၊ စက်အင်အားသုံးပြီးတော့ တစ်နေကုန်ဆောင်ရွက်ရတယ်...."**

ကြောင့် တောင်ကျချောင်းရေမြောင်း ရေမျှားကျလာပြီး ရေတိုက်စားခြင်း ပျက်စီးခဲ့သောရေလွှဆည်များလည်း ရှိကြောင်း သိရသည်။ ယခု လတ်တလော ပြန်လည်ပြုပြင်ရန်အခက်အခဲရှိသဖြင့် မိုးရာသီကာလအတွင်း လယ်မြေများတွင် အချိန်မီစပါးစိုက်ပျိုးနိုင်ရေးအတွက် ခိုင်ကမ်းရေပေးမြောင်း၊ ဆည်ကြီးရေပေးမြောင်းနှင့် ထူးကြီးရေပေးမြောင်းများကို ဆည်မြောင်းဦးစီးဌာနက ဦးစားပေးပြုပြင်ခဲ့ကြောင်း သိရသည်။ ရေစီးရေလာ ကောင်းမွန်စေရန်၊ လယ်မြေများ ရေရရှိစေရန်အတွက် ခိုင်ကမ်းရေပေးမြောင်း၊ ဆည်ကြီးရေပေးမြောင်းနှင့် ထူးကြီးရေပေးမြောင်းများ ပြုပြင်ခြင်းလုပ်ငန်း၊ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒေသတွင်းလယ်မြေများ ရေရရှိနေပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ ကလေးမြို့ ကျေးရွာများ၊ ကုန်သွယ်ရေးဗဟိုဌာနများ ပြန်လည်ပြုပြင်ပြီးနောက် ရေနုတ်မြောင်းတွေကို ပြန်လည်တူးဖော်ရာမှာ ယခင်ထက် ပိုမိုကောင်းမွန်စေဖို့ ဆည်မြောင်းဦးစီးဌာနက ဒီဇိုင်းပညာရှင်တွေနဲ့ ပုံစံပြုရေးဆွဲပြီး တူးဖော် အကောင်အထည်ဖော်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ အခု ကလေးမြို့ ရေကြီးရေလျှံမှုမှာ ကျွန်တော်တို့ ဆည်မြောင်းဌာနအဖွဲ့တွေလည်း၊ ဒေသခံရေဘေးသင့်ပြည်သူတွေနဲ့ ထပ်တူထပ်မျှခံစားရပြီး ကလေးဒေသ ပုံမှန်အနေအထားရောက်ရှိသည်အထိသာမက ပိုမိုတိုးတက်ဖွံ့ဖြိုးတဲ့ အဆင့်အထိရောက်အောင် ဆက်လက်ကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး(စက်မှု) ဦးစိုးနိုင်က ပြောသည်။

အမှတ်(၃)အလက(ခွဲ)ကျောင်းဝင်းအတွင်း ရွှံ့နွံများ ဖယ်ရှားနေစဉ်။

မန်ယူတို့ အားထည့်ရဦးမယ့် ချန်ပီယံလီဂ် Play-off ပွဲစဉ်

➢➢ မိုးမြင့်လင်းလက်

ချန်ပီယံလီဂ် Play-offs ပွဲစဉ်တွေကို သြဂုတ် ၁၈ ရက်မှာ ဆင်နွှဲမှာဖြစ်လို့ မန်ယူ၊ မိုနာကို၊ ဆဲလ်တစ်၊ လာဇီယိုအသင်းတွေအတွက် ကြားရက်မှာ ခြေကုန်ထုတ်ရမယ့် ပွဲတွေပါပဲ။ ရာသီအစ ပွဲစဉ်တွေမှာ ကစားအားအရှိန်ရစပြုနေပြီဖြစ်တဲ့ ထိပ်တန်းအသင်းတွေအတွက် ချန်ပီယံလီဂ်ပွဲစဉ်ကလည်း အရေးကြီးနေတာမို့ အားလျှော့လို့မရသလို နောက်ဆုံးအဆင့်တိုက်ပွဲအဖြစ် ဆင်နွှဲရဦးမှာ ဖြစ်ပါတယ်။

မန်ယူနှင့် ဘရုဂျက်

တတိယအဆင့် ခြေစစ်ပွဲက ဝင်ရောက်ယှဉ်ပြိုင်တဲ့ ဘရုဂျက်တို့ဟာ ဒီပွဲမှာ အဝေးကွင်းလည်းဖြစ်တာမို့ အားကုန်ထုတ်သုံးရမယ့်ပွဲပါပဲ။ ဘရုဂျက်ဟာ ပါနာသီနာကိုစ်အသင်းကို အနိုင်ယူပြီး ဒီအဆင့်ရောက်လာတာဖြစ်လို့ မန်ယူတို့ လျှော့တွက်လို့တော့ မရပါဘူး။ မန်ယူဟာ ရာသီအစအဖွင့်ပွဲစဉ်တွေမှာ ကံကောင်းခြင်းတွေနဲ့အတူ ရလဒ်တွေကောင်းနေတာမို့ ဘရုဂျက်ကို အနိုင်ယူဖို့ဆုံးဖြတ်ချက်နဲ့ ကြိုးစားပါလိမ့်မယ်။ မန်ယူတို့ အိမ်ကွင်းမှာ အောင်ပွဲခံပါလိမ့်မယ်။

ဗလင်စီယာနှင့် မိုနာကို

အယ်ရှာရာဝီရောက်လာတဲ့နောက် မိုနာကိုတိုက်စစ်က တောင့်တင်းနေပါတယ်။ ဒါ့အပြင် တိုက်စစ်မျှူး မက်ထရီရယ်ကလည်း အားထားရတဲ့ခြေစွမ်းရရှိနေပြီဖြစ်တာမို့ မိုနာကိုရဲ့တိုက်စစ်က အရှိန်အဟုန်ကောင်းလာနိုင်ပါတယ်။ ဗလင်စီယာတို့က ရာသီအကြိုပွဲစဉ်တွေမှာ ခြေစွမ်းမတည်မငြိမ်ဖြစ်နေတာမို့ အခုပွဲမှာ မိုနာကိုတို့ အရေးသာနိုင်ပေမယ့် ရုန်းကန်ရမယ့်အနေအထား ဖြစ်ပါတယ်။

လာဇီယိုနှင့် လေဗာကူဆင်

ဒီနှစ်သင်းက Play-offs အဆင့်က ဝင်ပြိုင်တဲ့အသင်းတွေမို့ ခြေစွမ်းမှာ ကြီးမားတဲ့ကွာဟချက်တော့မရှိပါဘူး။ နှစ်သင်းစလုံး အားထုတ်မှုကောင်းသလို ခြေစွမ်းလည်းတူညီကြတာမို့ အကြိတ်အနယ်ရှိမယ့် ပွဲပါပဲ။ အိမ်ကွင်းမှာ ခြေစွမ်းပြတတ်တဲ့ လာဇီယိုတို့ ကပ်ပြီးနိုင်သွားမယ့် အခြေအနေဖြစ်ပါတယ်။

ဆဲလ်တစ်နှင့် မယ်လ်မို

ဆဲလ်တစ်ရဲ့ခြေစွမ်းက လက်ရှိအနေအထားမှာ ပုံမှန်ဖြစ်နေပြီး ရလဒ်တွေလည်း ကောင်းနေပါတယ်။ အထူးသဖြင့် အိမ်ကွင်းရလဒ်ကောင်းတဲ့ ဆဲလ်တစ်ဟာ အခုပွဲမှာ မယ်လ်မိုအသင်းကိုလျှော့တွက်ရင်တော့ အမှားနဲ့ကြိုတွေ့ရပါလိမ့်မယ်။ မယ်လ်မိုတို့က အမှားအယွင်းနည်းနည်းနဲ့ ကစားတတ်တာမို့ အိမ်ရှင်အတွက် အခက်အခဲရှိနိုင်ပါတယ်။ ဒါပေမယ့် ဆဲလ်တစ်ဟာ အရေးကြီးတဲ့ပွဲစဉ်တွေမှာ နိုင်ပွဲရအောင် ကြိုးစားတတ်တာကိုတော့ မေ့ထားလို့မရပါဘူး။

ဘေဆယ်နှင့် မက္ကာဘီတဲလ်အဗစ်

ဆွစ်ဇာလန်ကလပ် ဘေဆယ်အတွက် အခုပွဲဟာ အနိုင်လို့သတ်မှတ်လို့ရတဲ့ပွဲပါပဲ။ ချန်ပီယံလီဂ်မှာ ကျင်လည်နေတဲ့ ဘေဆယ်ရဲ့ခြေစွမ်းကို တဲလ်အဗစ်တို့ ယှဉ်လို့တော့မရပါဘူး။ တဲလ်အဗစ်တို့ဟာ ဒီနှစ်မှာ ကစားသမားသစ်သုံးဦး ခေါ်ထားပေမယ့် အသုံးမတည့်သေးပဲရှိနေဆဲပါ။ ဘေဆယ်ရဲ့ စွမ်းဆောင်မှုတွေ အရာထင်ထင်ဖြစ်မယ့် ပွဲပါပဲ။

စပို့တင်းလစ္စဘွန်းနှင့် CSKA မော်စကို

ကစားသမားသစ်တွေ ခေါ်ယူထားတဲ့ စပို့တင်းဟာ အိမ်ကွင်းဆိုပေမယ့် CSKA ကို ပွဲကျပ်အဖြစ် ကစားရပါလိမ့်မယ်။ CSKA တို့ဟာ ခြေပေါ်ရင်ထိန်းချုပ်ရခက်ခဲတဲ့အသင်းဖြစ်တာမို့ စပို့တင်းခံစစ်မှူးတွေ သတိထားရမှာဖြစ်ပါတယ်။ စပို့တင်းဟာ ခြေစွမ်းကောင်းမရသေးတဲ့အပြင် ရာသီအကြိုပွဲစဉ်တွေမှာလည်း ရလဒ်တွေက အားရစရာတော့ မရှိသေးပါဘူး။ ဒါပေမယ့် စပို့တင်းဟာ အိမ်ကွင်းပံ့ပိုးမှုကြောင့် CSKA ကို ခြေကုန်ထုတ်ကစားပါလိမ့်မယ်။ ကံကြမ္မာ ဖေးမမှုပေးရင်တော့ စပို့တင်းတို့ နိုင်ပွဲရပါလိမ့်မယ်။

ဘိုရီဆော့ဗ်နှင့် ပါတီဇန်

ဘီလာရုစ်ကလပ် ဘိုရီဆော့ဗ်တို့က အသင်းကြီးတွေနဲ့ဆုံတိုင်း ကစားအားတက်လေ့ရှိပြီး ပြိုင်ဘက်ကို အခက်တွေ့အောင် ကစားနိုင်ပါတယ်။ ဒါ့အပြင် ဘိုရီဆော့ဗ်တို့ဟာ ခြေစစ်ပွဲမှာလည်း ရှုံးပွဲမရှိအောင် ကစားနိုင်တာမို့ ပါတီဇန်အတွက် အခက်တွေ့နိုင်မယ့်ပွဲပါပဲ။ ပါတီဇန်ရဲ့ အားသာချက်က တိုက်စစ်ဖြစ်ပြီး ဝိုးရအောင်သွင်းနိုင်တဲ့ တိုက်စစ်မှူးတွေကို ပိုင်ဆိုင်ထားပါတယ်။ အခုတလော ပါတီဇန်ရဲ့ခြေစွမ်းကလည်း ပြန်ကောင်းနေတာမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ အကြိုက်ကတော့ အိမ်ရှင်အသင်းပဲဖြစ်ပါတယ်။ ။

ဖူလ်ဟမ်သို့ ရောက်ဖွယ်ရှိနေတဲ့ ဒ္ဒါက်ဂေးလီ

ခရစ္စတယ်ပဲလေ့စ်အသင်းက ယခုနှစ်နွေရာသီမှာ ဒ္ဒါက်ဂေးလီကို ပေါင်ရှစ်သန်းနဲ့ ဖူလ်ဟမ်ကို ရောင်းဖို့ကြိုးစားနေပါတယ်။ တိုက်စစ်မျှူးလိုအပ်ချက်ရှိနေတဲ့ ဖူလ်ဟမ်အသင်းအနေနဲ့ ဒ္ဒါက်ဂေးလီကို အရခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ဖူလ်ဟမ်ဟာ ကနဦးအနေနဲ့ ခရစ္စတယ်ပဲလေ့စ်တိုက်စစ်မျှူးကို အငှားခေါ်ယူဖို့ ကြိုးစားခဲ့တာပါ။

သို့သော်လည်း ခရစ္စတယ်ပဲလေ့စ်က ပေါင်ရှစ်သန်းအထက်စျေးနဲ့ ရောင်းချမယ့်အနေအထားရှိပါတယ်။ ခြေစွမ်းရှိတဲ့ တိုက်စစ်မျှူးကောင်းတစ်ဦးဖြစ်တဲ့အတွက် ဖူလ်ဟမ်အသင်းအနေနဲ့ ပေါင်ရှစ်သန်းအထက် စျေးပေးပြီး ဝယ်ယူရဖွယ်ရှိပါတယ်။ ခရစ္စတယ်ပဲလေ့စ်ကတော့ အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မျှူး ဒ္ဒါက်ဂေးလီကို ပေါင် ၁၀ သန်းနဲ့ရောင်းလိုတယ်လို့ ဆိုပါတယ်။ ဖူလ်ဟမ်အသင်းအနေနဲ့ ဒ္ဒါက်ဂေးလီကို အရခေါ်ယူနိုင်မယ်လို့ ယုံကြည်ထားတယ်လို့ ဆိုပါတယ်။

သို့သော်လည်း ဂေးလီကို ဘရစ္စတောစီးတီးအသင်းကလည်း ပေါင်ရှစ်သန်းနဲ့ ကမ်းလှမ်းထားပါတယ်။ ဒီအတွက် ဖူလ်ဟမ်အသင်းအနေနဲ့ ဘရစ္စတောနဲ့အတူ အပြိုင်ခေါ်ယူရမှာဖြစ်ပါတယ်။

အနိုင်ဂိုးသွင်းပေးခဲ့သော်လည်း ဝေဖန်ခံနေရတဲ့ ဂျာနုဂျက်

မန်ယူအသင်းအနေနဲ့ ပရီမီယာလီဂ်အဖွင့်ပွဲနှစ်ပွဲမှာ ဆက်တိုက်အနိုင်ရခဲ့ပေမယ့် မျှော်လင့်ထားသလောက် အောင်မြင်မှုမရသေးဘူးလို့ ဝေဖန်ပြောဆိုမှုတွေရှိနေပါတယ်။ ဒီအတောအတွင်းမှာ နည်းပြဗန်ဟားလ်က အက်စ်တွန်ဗီလာအသင်းနဲ့ပွဲမှာ အနိုင်ဂိုးသွင်းယူပေးခဲ့တဲ့ ဂျာနုဂျက်ကို ဝေဖန်ပြောဆိုလိုက်ပါတယ်။ ဂျာနုဂျက်ဟာ မန်ယူအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့တာပါ။ အသက် ၂၀ အရွယ်ရှိသေးတဲ့ ဂျာနုဂျက်ရဲ့ ဒီဂိုးဟာ မန်ယူအတွက် ပထမဆုံးသွင်းယူပေးခဲ့တဲ့ ဂိုးဖြစ်ပါတယ်။ သူ့ရဲ့ ပထမဆုံးဂိုးဟာ အားလုံးကို အံ့အားသင့်သွားစေခဲ့တာပါ။ သို့ပေမယ့် ဒီထက်ပိုသွင်းနိုင်ချေရှိခဲ့ပေမယ့် ဂိုးတွေမရခဲ့ပါဘူး။ ဆန်းဒါးလန်းအသင်းမှ အငှားခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ဂျာနုဂျက်ဟာ ဂိုးတွေအများကြီး သွင်းပေးဖို့ လိုတယ်လို့လည်း ဗန်ဟားလ်က ဝေဖန်ပြောဆိုလိုက်ပါတယ်။

ကောင်းမြတ်သူ - ဓုဇည်းသည်။

စပါးတိုက်စစ်မျှူး ဆိုဒါဒို ဗီလာရီးရဲ့သို့ရောက်မည်

စပါးအသင်းရဲ့ အဓိကတိုက်စစ်မျှူးတစ်ဦးဖြစ်တဲ့ ဆိုဒါဒိုအား စပိန်ကလပ် ဗီလာရီးရဲ့ကို ရောင်းချဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ စပါးက ဆိုဒါဒိုကို ဗီလာရီးရဲ့ထံ ပြန်ရောင်းခဲ့တာဖြစ်ပါတယ်။ ဆိုဒါဒိုဟာ ၂၀၁၃ ခုနှစ်က ဗီလာရီးရဲ့မှ စပါးသို့ ပေါင် ၂၆ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ ဆိုဒါဒိုဟာ စပါးအသင်းက ဝယ်ယူခဲ့တဲ့ ကစားသမားတွေထဲမှာ စျေးအမြင့်ဆုံး ကစားသမားဖြစ်ခဲ့ပါတယ်။

သို့ပေမယ့် ဆိုဒါဒိုဟာ နှစ်နှစ်တာအတွင်း မှာ ၇၆ ပွဲပါဝင်ကစားပေးခဲ့ပြီး ၁၆ ဂိုးသာ သွင်းယူပေးနိုင်ခဲ့ပါတယ်။ အသက် ၃၀ အရွယ်ရှိတဲ့ ဆိုဒါဒိုကို ဗီလာရီးရဲက သုံးနှစ်စာချုပ်နဲ့ ခေါ်ယူဖို့ သဘောတူထားတယ်လို့ စပါးအသင်းက ကြေညာထားပါတယ်။ ရီးရဲမက်ဒရစ်အသင်းနဲ့အတူ ဘောလုံးသမားဘဝကို စတင်ခဲ့တဲ့ ဆိုဒါဒိုဟာ စပိန်လာလီဂါမှာတော့ အကောင်းဆုံးတိုက်စစ်မျှူးတွေထဲက တစ်ဦးပါပဲ။ သူဟာ စပိန်လာလီဂါမှာ ဂိတာဖေးနဲ့ ဗီလာရီးရဲတို့မှာ ကစားခဲ့ပြီး ပွဲပေါင်း ၁၄၁ ပွဲမှာ ၈၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ တိုက်စစ်မျှူးကောင်းတစ်ဦးဖြစ်ပါတယ်။

အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်များအတွက် ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ ပညာရပ်များသင်ကြားပေးမည်

ရန်ကုန် သြဂုတ် ၁၆

ဗြိတိသျှကောင်စီနှင့် UK(Standard Chartered Bank)တို့မှ ပူးပေါင်းစီစဉ်၍ မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်မှစ၍ သင်ကြားပေးခဲ့သည့် Education for Enterpreneurs (E4E) စီးပွားရေးပညာရပ်များသင်တန်းအကြောင်း စာနယ်ဇင်း တွေ့ဆုံရှင်းလင်းပွဲကို ရန်ကုန်မြို့ အလံပြ ဘုရားလမ်း၊ အမှတ် (၆၂)ရှိ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး၏ နေအိမ်၌ သြဂုတ် ၁၄ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲသို့ ဗြိတိသျှသံအမတ်ကြီးနှင့်သံရုံးတာဝန်ရှိသူများ၊ ဗြိတိသျှကောင်စီမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ Standard Chartered ဘဏ်မှ ကိုယ်စားလှယ်ချုပ်နှင့် ဘဏ်တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ လုပ်ငန်းရှင်များ၊ ဒေသခံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ကုန်စည်ဗိုင်နှင့် မိတ်ဖက်အဖွဲ့အစည်းများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် Standard Chartered (UK) ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ချုပ် Ms. Tina Singhsahc နှင့် ဗြိတိသျှကောင်စီမြန်မာ ညွှန်ကြားရေးမှူး Director Mr.Kevin Mackenzie တို့က မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စား၊ အငယ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သင်တန်းများဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်း ဦးဆောင်သူများအား မိမိတာဝန်ယူ ဦးဆောင်နေသော လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်၊ နားလည်တတ်ကျွမ်းစေရန်၊ လူစွမ်းအားအရင်းအမြစ်များ ဖော်ထုတ်နိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်ရရှိစေရန်အတွက် စီးပွားရေးပညာပေးအစီအစဉ်ကို သင်ကြားပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စာနယ်ဇင်းများ၏ မေးမြန်းမှုများကို ဖြေကြားရှင်းလင်းခဲ့သည်။

အဆိုပါ စီးပွားရေးပညာပေးဘာသာရပ်များ သင်ကြားပေးမှုအစီအစဉ်တွင် ငွေကြေးစီးဆင်းမှုဆိုင်ရာ စီမံမှု၊ ရသုံးခန့်မှန်းတွက်ချက်ခြင်း၊ စာရင်းအင်းပညာနှင့် စီးပွားရေးစီမံကိန်းရေးဆွဲခြင်း စသည့်ဘာသာရပ်များကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် သင်ကြားပေးခဲ့ပြီး သင်တန်းများကို မြန်မာနိုင်ငံမှ အသေးစား အလတ်စားလုပ်ငန်းရှင်များ လုပ်ငန်းလုပ်ကိုင်ရာဒေသများ ဖြစ်သည့် မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးနှင့် မုံရွာမြို့များတွင် ဖွင့်လှစ်ကာ လုပ်ငန်းရှင်ပေါင်း ၃၀၀ ကျော်အား Education for Enterpreneurs (E4E) ခေါင်းစဉ်ဖြင့် စီးပွားရေးလုပ်နိုင်ရန် အဓိကလိုအပ်ချက်ဖြစ်သည့် ဘဏ္ဍာရေးနှင့် စီးပွားရေးပညာရပ်များကို သင်ကြားပေးခဲ့ပြီး ဖြစ်ကြောင်း၊ ဒုတိယအသုတ်အနေဖြင့် ပဲခူး၊ ပုသိမ်၊ ကျိုင်းတုံနှင့် ပခုက္ကူမြို့များမှ လုပ်ငန်းရှင်များအား ဆက်လက်၍ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုတင်မောင်ဦး(အလုံ)

သတင်းတို

ကျန်းမာရေးကူညီမှုအသင်းသို့အရေးပေါ်လူနာတင်ယာဉ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၉)ရပ်ကွက်ရှိ မေတ္တာရောင်ခြည်ကျန်းမာရေးကူညီမှုအသင်းတွင် အသုံးပြုရန်အတွက် အရေးပေါ်လူနာတင်ယာဉ်တစ်စီးကို အလှူရှင် ဒေါ်မိမိလေး၊ ဒေါ်ကြည်ကြည်ထွေး(ငွေရှန်စတိုး)တို့က သြဂုတ် ၉ ရက်တွင် လှူဒါန်းခဲ့ကြောင်း သိရသည်။ လှူဒါန်းပွဲကို ပရဟိတ မဟာဝိစိတ္တာရုံကျောင်းတိုက် ရွှေခဲခန်းမ၌ ကျင်းပခဲ့ပြီး အလှူရှင်များက မော်တော်ယာဉ်နှင့် ယာဉ်ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်းများကို မေတ္တာရောင်ခြည်ကျန်းမာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးစိုးတင့်ထံ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ဆရာတော် သံယာတော်များက ရေစက်သွန်းချ၍ တရားတော်များဟောကြားပြီး ရွှေပြည်သာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမောင်မောင်လေးနှင့် မေတ္တာရောင်ခြည်အသင်းနာယကဦးစောထွန်းတို့က အမှာစကားပြောကြားကာ အသင်းဥက္ကဋ္ဌက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

သာကီနွယ်မျိုး(ရွှေပြည်သာ)

အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစက်ချုပ်သင်တန်းဖွင့်လှစ်

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိရန် ရည်ရွယ်၍ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပန်မြို့ ဟိုပင်ကျိုင်းကျေးရွာ၌ သင်တန်းကာလ တစ်လကြာ အခြေခံစက်ချုပ်သင်တန်းကို ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သြဂုတ် ၁၀ ရက်မှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းသို့ ဟိုပန်မြို့နယ်တွင်းရှိ ရပ်ကွက်ကျေးရွာများမှ သင်တန်းသူ ၄၀ တက်ရောက်လျက်ရှိပြီး ကျွမ်းကျင်ဆရာမနှစ်ဦးဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အခြေခံပညာမူလတန်းလွန်ကျောင်း၌နွားနို့အာဟာရတိုက်ကျွေး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ အောင်သီရိရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသားကျောင်းသူ ၂၉၄ ဦးအား အလှူရှင် ဦးစိုးမြတ်ဦး-ဒေါ်စမ်းစမ်းအေး မိသားစုက သြဂုတ် ၁၂ ရက်တွင် နွားနို့အာဟာရတိုက်ကျွေးခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာလှလှပြုံး၊ မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဒေါ်သီတာသိန်းဆွေနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ချိုချိုနွယ်တို့ လာရောက်ကြည့်ရှုအားပေးခဲ့ကာ အခြားကျောင်းများမှ ကျောင်းသားကျောင်းသူများကိုလည်း နွားနို့အာဟာရတိုက်ကျွေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်ဦးစိုးဝေ

မြင်းခြံမြို့တွင် ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး စတင်ဖွင့်လှစ်

မြင်းခြံ သြဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းမှ ပြည်သူ့တို့နှင့် နေ့စဉ်ထိတွေ့ ဝန်ဆောင်မှုပေးနေရသည့် ဌာနများကို တစ်နေရာတည်းတွင် စုပေါင်းဖွင့်လှစ် သည့် ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး(One Stop Shop)ကို မြင်းခြံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအတွင်း၌ သြဂုတ် ၁၀ ရက်မှစ၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံးတွင် ဝန်ဆောင်မှုပေးမည့် ဌာနများအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လမ်းဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းဌာနများကို စုပေါင်းထားခြင်းဖြစ်ပြီး ပြည်သူများအတွက် ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ခြင်းကြောင့် ပြည်သူများအနေဖြင့် လုပ်ငန်းအဆင့်များအတွက် အချိန်ကုန်သက်သာခြင်း၊ ကုန်ကျစရိတ်များ သက်သာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

အဆိုပါ စုပေါင်းရုံးရှိဌာနများ၏ ကောင်တာအသီးသီးတွင်လည်း လာရောက်ဆောင်ရွက်သူ ပြည်သူများအတွက် လုပ်ငန်းဆောင်ရွက်လျှင် ကြာမြင့်မည့် အချိန်၊ ကုန်ကျမည့်ငွေကြေးများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများအလိုက် ယူဆောင်လာရမည့် စာရွက်စာတမ်းများကိုလည်း ကပ်ထားကြေညာထားသဖြင့် ပြည်သူများအတွက် အဆင်ပြေကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

မိုးစပါးအထွက်နှုန်းတိုးတက်ရေးအတွက် စိုက်ကွင်းအရောက် ပညာပေးလုပ်ငန်းများဆောင်ရွက်

စဉ့်ကိုင် သြဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်း မိုးစပါးတစ်ဧက အထွက်နှုန်းတိုးတက်ရေးနှင့် မိုးစပါးစိုက်တောင်သူများ ဝင်ငွေတိုးတက်ရရှိရေးအတွက် တစ်ဧကအထွက်နှုန်းတင်း ၂၀၀ ကျော်ထွက်ရှိနိုင်သည့် စပ်မျိုးစပါးမျိုးများကို ပျိုးထောင်ချိန်မှ ရိတ်သိမ်းချိန်အထိ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်အတိုင်း စိုက်ပျိုးနည်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက သြဂုတ်၁၂ ရက်တွင် တောင်သူများ၏ စိုက်ကွင်းအရောက် ကွင်းဆင်း၍ ပညာပေးခဲ့ကြောင်း သိရသည်။

ရာသီဥတု ပြောင်းလဲလာမှုအပေါ် မူတည်၍ တောင်သူများအနေဖြင့် သီးနှံများကိုစိုက်ပျိုးရာတွင် ရာသီဥတု ဒဏ်ကို ခံနိုင်ရည်ရှိသော မျိုးများနှင့် သက်တမ်းတိုပြီး အထွက်နှုန်းကောင်းမွန်သော မျိုးစေ့များကို ရွေးချယ်စိုက်ပျိုးတတ်စေရန်၊ ထွက်ရှိလာမည့် သီးနှံထွက်ကုန်များ စေးကွက်တွင် စေးကောင်းရရှိစေရန်အတွက်လည်း သီးနှံများ အရည်အသွေးကောင်းမွန်အောင် မျိုး၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးများကို အသုံးပြုရာတွင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များအတိုင်း တောင်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးရန် လိုအပ်ကြောင်းနှင့် စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

စဉ့်ကိုင်မြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် ဆည်ရေသောက်ဧရိယာများတွင် သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသော စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် တစ်နှုန်းလျှင် နှစ်သီးစိုက်ပျိုးသည့်ပုံစံမှ သုံးသီးစိုက်ပျိုးနိုင်သည့် ပုံစံသို့ ပြောင်းလဲစိုက်ပျိုးလာနိုင်ခြင်းကြောင့် ဝင်ငွေပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **တင်တင်ထွေး(စဉ့်ကိုင်)**

သာပေါင်းမြို့နယ် ခေနန်ကျေးရွာ၊ ကွင်းပေါက်ကျေးရွာ၊ ဝဝန်ဒေါင့်ကြီးကျေးရွာ၊ အိမ်ဆိုးချောင်းကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ထားဝယ်အသင်း၊ ထားဝယ်လူငယ်များမိသားစုနှင့် ထားဝယ်ဂ်ပေါက်ဒေသ လူငယ်များမိသားစု အဖွဲ့များစုပေါင်း၍ သြဂုတ် ၁၅ ရက်က လှူဒါန်းစဉ်။ (လှူဒါန်းမှုတွင် ဆန်ရှစ်ပြည်၊ ဆီ၊ ဆား၊ ငါးပိကြော်၊ ငါးကြော်၊ သရက်သီးသနပ်၊ ရေ၊ ငါးသေတ္တာနှင့် မုန့်မျိုးစုံပါဝင်သော ပါကင်ထုပ် ၁၅၀၀ ကို ယာယီရေဘေးရှောင် ကျေးရွာစခန်းများအရောက် ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်းသိရသည်။) **(မြို့နယ် ပြန်/ဆက်)**

တောင်တွင်းကြီးမြို့ သုသာန်ဝင်းအတွင်းမှ အမှိုက်ပုံများ ရှင်းလင်းပေးရန်လိုအပ်နေ

တောင်တွင်းကြီး သြဂုတ် ၁၆

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အုန်းတော(၁)ရက်ကွက် ဘာသာပေါင်းစုံသုသာန်ဝင်းအတွင်းရှိ မော်တော်ယာဉ်ပတ်လမ်းပေါ်မှ အမှိုက်ပုံများကို ရှင်းလင်းဖယ်ရှားပေးရန် ဒေသခံပြည်သူများ ဆန္ဒရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့အသင်းအနေနဲ့ နာရေးလိုက်ပါပို့ဆောင်ပေးရာမှာ မော်တော်ယာဉ်ပတ်လမ်းပေါ်မှာရှိတဲ့ အမှိုက်ပုံတွေကြောင့် အင်မတန်အခက်အခဲဖြစ်နေရပါတယ်။ ပတ်လမ်းပေါ်မှာ အခုလိုအမှိုက်ပုံတွေရှိနေတော့ နာရေးယာဉ်ရော နောက်လိုက်မော်တော်ယာဉ်လေးတွေရော သုသာန်အတွင်းက ပြန်ထွက်ဖို့ဆိုတာ ဝန်ထုပ်ဝန်ပိုးတစ်ခုလိုနေ့စဉ်ဖြစ်ပေါ်နေရပါတယ်။ ဒီကိစ္စကို သက်ဆိုင်ရာဌာနတွေကို တရားဝင်စာတင်ပြီး ရှင်းလင်းပေးဖို့ မေတ္တာရပ်ခံထားပါတယ်။ လူမှုရေးအရ လူကိုယ်တိုင်လည်း သွားရောက်တင်ပြတာ အကြိမ်ကြိမ်လုပ်ဆောင်ခဲ့ပေမယ့် ဒီနေ့အထိအောင် ဆောင်ရွက်ပေးခြင်းမရှိသေးပါဘူး"ဟု နေ့စဉ်နာရေးအခမ့ဲ ပို့ဆောင်ကူညီပေးနေသည့် စိတ္တသုခလူမှုကူညီရေးအသင်းမှ အတွင်းရေးမှူး ဦးကျော်သာထက်ဂင်းတို့ကြုံတွေ့နေရသည့် အခက် အခဲများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မြို့မိမြို့ဖတစ်ဦးကလည်း "မော်တော်ယာဉ်ပတ်လမ်းပေါ်က အမှိုက်ပုံတွေဟာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ထဲလှည့်လည်သိမ်းဆည်းထားတဲ့ အမှိုက်တွေကို လာပုံထားတာပါ။ အဲဒီလိုအမှိုက်ပုံတွေ စည်းကမ်းမဲ့ စုပုံစွန့်ပစ်ထားတော့ ကူးစက်ရောဂါအန္တရာယ်တွေ စိုးရိမ်ရပါတယ်။ ဒီလိုတွေမဖြစ်အောင် ကြိုတင်ကာကွယ်မှုတွေ၊ ကူးစက်ရောဂါနှိမ်နင်းမှုတွေကို သက်ဆိုင်ရာဌာနတွေက အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်မှသာ ဒေသခံတွေရဲ့ကျန်းမာရေးကို ကယ်တင်နိုင်မှာပါ"ဟု ဂင်း၏အမြင်ကို ပြောကြားခဲ့သည်။

